ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday 10 June 2018 ၄၃၁၃

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သတင်းစာရှင်းလင်းပွဲ ကျင်းပ

## ၂၀၁၈ ခုနှစ် မေလအထိ တိုင်ကြားစာပေါင်း ၃၈၉၈ စောင် လက်ခံရရှိပြီး ၁၀၄၅ စောင် စိစစ်ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဇွန် ၉**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါကော်မရှင်ရုံး၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်၏ မူဝါဒပိုင်းဆိုင်ရာသဘောထားများနှင့် ရှေ့ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းက ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများနှင့် ကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်က တိုင်တန်းချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ တွေ့ရှိချက်များကို ရှင်းလင်းပြောကြားကြသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ဆောင်ရွက်သည့်နည်းလမ်းများကို လေ့လာကြည့်ပါက အကြမ်းဖျင်းအားဖြင့်ဆောင်ရွက်သည့် နည်းလမ်းအမျိုးအစား သုံးမျိုးရှိသည်ကို တွေ့ရှိရပါကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၂

(၁၃)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်၊ သုတစွယ်စုံတစ်သက်တာစာပေဆု တက္ကသိုလ်တင်ခ ရရှိ

စာမျက်နှာ » ၅

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်အကြောင်းနှင့်မျှ မော်တော်ယာဉ် တင်သွင်းခြင်းမရှိသည့်အပြင် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရသည့် ဖြစ်စဉ်လည်းမရှိ

စာမျက်နှာ » ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း (အပိုင်း-၂)

စာမျက်နှာ » ၉

ထိပ်သီးအစည်းအဝေးပွဲတက်ရောက်ရန် ဒေါ်နယ်ထရမ့် စင်ကာပူနိုင်ငံသို့ ဇွန် ၁၀ ရက်တွင် ထွက်ခွာမည်

စာမျက်နှာ » ၁၃



တာချီလိတ်မြို့၌ လည်ပတ်နေကြသည့် နိုင်ငံခြားသားခရီးသွားများကို ဇွန် ၈ ရက်က တွေ့ရစဉ်။

## ခရီးသွားလုပ်ငန်း ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ပေးနိုင်ဟုဆို

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံ၏ စီးပွားရေးအခက်အခဲကို ဖြေရှင်းနိုင်ရန်မှာ ခရီးသွားလုပ်ငန်းဖြစ်ကြောင်း၊ စီးပွားရေးနှေးကွေးနေသည့်ကာလတွင် ခရီးသွားလုပ်ငန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် အထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးကပြောသည်။

ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင်ကျင်းပသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကွန်ဖရင့်-၂၀၁၈ အကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

"လက်ရှိ မြန်မာနိုင်ငံရဲ့ စီးပွားရေးကလည်း နှေးကွေးနေပါတယ်၊ ဒီလိုနှေးကွေးနေတဲ့ကာလမှာ ခရီးသွားလုပ်ငန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်ဆိုရင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**



ကြေးမုံ

## သဘောတူလက်မှတ်ရေးထိုးခြင်းကို ကြိုဆို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အထောက်အပံ့ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း သတင်းထုတ်ပြန်ချက်ကို ဇွန်လ ၆ ရက်က ထုတ်ပြန်ခဲ့ပါသည်။

နားလည်မှုစာချွန်လွှာကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအေဂျင်စီများသည် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ထိုနေ့တွင်ပင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာအစိုးရ၏ဆောင်ရွက်ချက်များအား အထောက်အပံ့ပြုနိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂျပန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က လှိုက်လှဲစွာကြိုဆိုပါကြောင်း သတင်းထုတ်ပြန်ဖော်ပြခဲ့သည်ကို ဇွန်လ ၈ ရက်နေ့က တွေ့ရှိရသည်။ ဂျပန်နိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့်သက်ဆိုင်သော ကိစ္စများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို အစောပိုင်းကာလကတည်းက ကြိုဆိုခဲ့ပါသည်။ ယခုလည်း ကုလသမဂ္ဂအေဂျင်စီများနှင့် သဘောတူလက်မှတ်ရေးထိုးခြင်းကိုလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ် မောင်တောဖြစ်စဉ်နှင့်ပတ်သက်ပြီး စတင်ဖြစ်ပွားစဉ်ကတည်းက မြန်မာနိုင်ငံနှင့် အပြုသဘောဆောင်ကာ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိပြီး ယခုသဘောတူလက်မှတ်ရေးထိုးခြင်းအပေါ်တွင် ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့သည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သောကြောင့် ရခိုင်ပြည်နယ် အခြေအနေအဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်တိုးတက်လာစေရေးအတွက် တရုတ်နိုင်ငံ အနေဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြင်သစ်နိုင်ငံအနေဖြင့် ယခုနားလည်မှုစာချွန်လွှာရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကြိုဆိုခဲ့ပြီး သုံးဦးဆိုင်သဘောတူညီချက်သည် နေရပ်စွန့်ခွာဒုက္ခသည်များ အန္တရာယ်ကင်းကင်း၊ ကိုယ့်သဘောနှင့်ကိုယ်၊ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်ရေး လိုအပ်သောအခြေအနေများအတွက် ကြိုတင်ပြင်ဆင်သည့် အရေးကြီးသောခြေလှမ်းဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့က လုံခြုံရေးကောင်စီဥက္ကဋ္ဌက ထုတ်ပြန်ခဲ့သော မူဝါဒများသာမက ယခုနှစ် မေလ ၉ ရက်နေ့က ထုတ်ပြန်ခဲ့သော လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ချက်နှင့် ကိုက်ညီပါကြောင်း အသိပေးခဲ့သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် လှိုက်လှဲစွာ ကြိုဆိုမှုများကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဇွန် ၉**

နှစ် (၇၀)ပြည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (ICA) ကို ၁၉၄၈ ခုနှစ် ဇွန် ၉ ရက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကမ္ဘာ့မော်ကွန်းဆိုင်ရာ အမွေအနှစ်များကို ရေရှည်တည်တံ့စေရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မော်ကွန်း၊ မှတ်တမ်းပညာရှင်ကိုယ်စားလှယ်များမှ တစ်ဆင့် ထိန်းသိမ်းနိုင်မှု၊ ဂရုစိုက်နိုင်မှုနှင့် အသုံးပြုနိုင်မှုတို့ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို ၁၉၇၂ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး ပထမဆုံးအကြိမ် ကျင်းပသည့် အခမ်းအနားဖြစ်ပါကြောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် International Council On Archives(ICA) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သလို Southeast Asia Regional Branch of International Council On Archives (SARBICA)၏ ဒေသဆိုင်ရာအဖွဲ့ဝင်လည်း ဖြစ်ပါကြောင်း။

ဦးစီးဌာနအနေဖြင့် မော်ကွန်းမှတ်တမ်းများကို ရယူစုဆောင်းခြင်း၊ ရေရှည်သိမ်းဆည်းနိုင်ရန် နည်းပညာအမျိုးမျိုးဖြင့် Preservation လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အစိုးရဌာနများ၊ အများပြည်သူများနှင့် ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော အထောက်အထားများရရှိနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကို တည်ဆဲအမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးနေပါကြောင်း။

နှစ်(၇၀)ပြည့်မြောက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံ မော်ကွန်းတိုက်တွင် အများပြည်သူများကို ပြခန်းများခင်းကျင်းပြသခြင်းနှင့် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပခဲ့သည့်အတွက် ICA ၏ ရည်ရွယ်ချက်ဖြစ်သည့် မော်ကွန်းတိုက်၏ အခန်းကဏ္ဍနှင့် မော်ကွန်းပညာရပ်ဆိုင်ရာ လုပ်ငန်းများကို သိရှိစေပြီး နိုင်ငံ၏သမိုင်း၊ ယဉ်ကျေးမှုမှတ်တမ်းအမွေအနှစ်များ ဆုံးရှုံးမှုမဖြစ်စေရန်နှင့် ထာဝစဉ်တည်တံ့မှုရှိစေရန် အစိုးရဌာနများနှင့် လုပ်ငန်းဆက်စပ်ဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်ခင်ခင်ထွန်း၊ တက္ကသိုလ်များ စာကြည့်တိုက် စာကြည့်တိုက်မှူး(ငြိမ်း) ဒေါ်တင်ဘုန်းနွယ်၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) မြန်မာသမိုင်းကော်မရှင်အဖွဲ့ဝင် ဦးမြပဟန်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ လတ်လတ်စိုးတို့က မော်ကွန်းမှတ်တမ်း ပညာရပ်ဆိုင်ရာ စာတမ်းလေးစောင်ကို ဖတ်ကြားကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စာတမ်းဖတ်ကြားမည့်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)နှင့် ရန်ကုန်(ရုံးခွဲ)တို့တွင် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ပြခန်းများ ဆက်လက်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးကုန်စည်ပြပွဲနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် အရောင်းပွဲတော်ကျင်းပ

**မန္တလေး ဇွန် ၉**

မန္တလေးကုန်စည်ပြပွဲ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် အရောင်းပွဲတော်ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီထိ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေးကုန်စည်ပြပွဲနှင့် မော်တော်ယာဉ်အရောင်းပွဲတော်ဖွင့်ပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမရှေ့စျေးပွဲတော်မုခ်ဦး၌ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်နှင့် ပြပွဲကျင်းပရေးအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အသင်းအမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြပြီး ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

မန္တလေးကုန်စည်ပြပွဲနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် အရောင်းပွဲတော်တွင် ပြည်တွင်းပြည်ပကုမ္ပဏီများမှ လူသုံးကုန်များ၊ အလှကုန်များ ဖန်စီပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အဝတ်အထည်များ၊ အိမ်အလှဆင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများမှ ဆေးဝါးများ၊ စက်ပစ္စည်းများ၊ ကင်မရာများ၊ နာရီများ၊ ယာဉ်အလှဆင်ပစ္စည်းများ၊ ဂျပန်နိုင်ငံထုတ် မော်တော်ယာဉ်များ၊အိန္ဒိယနိုင်ငံထုတ် မော်တော်ဆိုင်ကယ်များ ပါဝင်ပြသထားသည်။ အထက်မြန်မာပြည်မှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လေ့လာရန်ဖိတ်ခေါ်ထားပြီး မော်ဒယ်များ၏ ကုန်ပစ္စည်းမိတ်ဆက်အစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များ ထည့်သွင်းထားကြောင်း သိရသည်။

အရည်အသွေးမြင့်ထုတ်ကုန်များကို အထက်မြန်မာပြည်မှ ပြည်သူများ တစ်နေရာတည်းတွင် စုံစုံလင်လင်တွေ့မြင်၍ အရည်အသွေးသိရှိပြီး အကျိုးရှိစွာ သုံးစွဲနိုင်ရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

## ဖလမ်း၌ သတင်းအချက်အလက် သိရှိပိုင်ခွင့် ဆွေးနွေးပွဲကျင်းပ

**ဖလမ်း ဇွန် ၉** - ပြည်သူများ၏အသံ ပိုမိုအားကောင်းလာစေရန်နှင့် သတင်းအချက်အလက်ပိုင်းဆိုင်ရာ ပိုမိုသိရှိနားလည်နိုင်စေရန်ရည်ရွယ်၍ သတင်းအချက်အလက်သိရှိပိုင်ခွင့်ဆွေးနွေးပွဲကို ချင်းအရပ်ဘက်အဖွဲ့အစည်းကွန်ရက်၊ မသန်စွမ်းဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့၊ ချင်းမီဒီယာကွန်ရက်တို့ ပူးပေါင်း၍ ဇွန် ၉ ရက်က ဖလမ်းမြို့ ဖလမ်းနှစ်ခြင်းခရစ်ယာန်အသင်းခန်းမဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်နှင့် သတင်းပေးပို့နိုင်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း




☆ ရှေ့ဖုံးမှ
၎င်းတို့မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများကို ပြဋ္ဌာန်းထားပြီး အရေးယူကြပ်မတ်မည့်အာဏာပိုင်အဖွဲ့ သီးခြားဖွဲ့စည်းမထားသည့် အမျိုးအစား၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပြီး ဥပဒေကြပ်မတ်မည့် အာဏာပိုင်အဖွဲ့အစည်း အများအပြား ဖွဲ့စည်းထားသော အမျိုးအစားနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စအတွက် သီးသန့်ဥပဒေပြဋ္ဌာန်းပြီး ဥပဒေကြပ်မတ်မှု အာဏာပိုင်အဖွဲ့အစည်းကိုလည်း သီးသန့်ဖွဲ့စည်းဆောင်ရွက်သည့် အမျိုးအစားတို့ဖြစ်ပါကြောင်း။

**လွတ်လပ်စွာဆောင်ရွက်ခွင့်**

အာရှနိုင်ငံများ၌ ထိရောက်မှုအရှိဆုံးဟု ယူဆရသည့် တတိယအမျိုးအစားကို အများဆုံးကျင့်သုံးကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုအနေဖြင့် တတိယအမျိုးအစားကို ကျင့်သုံးပါကြောင်း၊ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတော်အစိုးရမှ သီးသန့်တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများ၏ အခြေခံစည်းမျဉ်းဖြစ်သည့် ၂၀၁၂ ခုနှစ် ဂျကာတာ ထုတ်ပြန်ကြေညာချက်အရ မိမိတို့ကဲ့သို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်များသည် နိုင်ငံရေးအရ လွတ်လပ်ခွင့်၊ လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်ခွင့်နှင့် ပညာရပ်ဆိုင်ရာ လွတ်လပ်စွာရပ်တည်နိုင်မှုတို့ရှိရပါကြောင်း။

**ဘက်လိုက်မှုကင်း**

ကော်မရှင်အနေဖြင့် လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ထမ်းဆောင်ရာတွင် ဘက်လိုက်မှုကင်းခြင်းဆိုသည့်စံနှုန်းကို အမြင့်မားဆုံးထိန်းသိမ်းပြီး အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံရေးကင်းရှင်းကြောင်း သေချာစေရန် အထူးဂရုပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်၏ ဆုံးဖြတ်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များအပေါ် လျော်ကန်သင့်မြတ်ခြင်းမရှိသည့် မည်သည့်ဩဇာလွှမ်းမိုးမှုကိုမျှ မိမိတို့က လက်ခံခြင်းမပြုသည်ကို အတိအလင်း ပြောကြားလိုပါကြောင်း၊ မိမိတို့ ကော်မရှင်သည် ပညာရပ်ပိုင်းဆိုင်ရာ ကိုယ်ပိုင်ရပ်တည်ခွင့်ရှိသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကိုယ်ပိုင်မူများရှိပါကြောင်း၊ ၎င်းတို့မှာ မျှတမှုရှိခြင်း၊ ကောင်းမွန်သော စရိုက်လက္ခဏာဖြစ်ပေါ်စေခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် အပြန်အလှန်လေးစားခြင်းတို့ကို အခြေခံ၍ ချမှတ်သည်ဟု အသိပေးပြောကြားလိုပါကြောင်း၊ ကော်မရှင်သည် တည်ဆဲဥပဒေအရ တိုင်တန်းချက်အပေါ်တွင်သာ အခြေခံပြီး စစ်ဆေးရခြင်းဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတစ်ရပ်တည်းကိုသာ ကိုင်စွဲရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် အခြားပြစ်မှုများနှင့်ပတ်သက်ပြီး တရားစွဲဆိုရန် တာဝန်မရှိပါကြောင်း၊ မိမိတို့ကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်များသည် တော်တည့်မှန်ကန်သော ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ဆုံးဖြတ်ချက် သုံးခုထဲမှ တစ်မျိုးကို ရွေးချယ်ချမှတ်ရပါကြောင်း၊ ၎င်းတို့မှာ ပုဒ်မ ၂၈(က)(၁)အရ တိုင်တန်းချက်ကို ပယ်ချနိုင်ခြင်း၊ ပုဒ်မ ၃၀(ခ)အရ ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်လျှင် ဝန်ထမ်းအကြီးအကဲထံ အကြောင်းကြားနိုင်ခြင်းနှင့် ပုဒ်မ ၂၈(က)(၂) အရ တရားစွဲဆိုရန် တာဝန်ပေးအပ်နိုင်ခြင်းတို့ဖြစ်ပါကြောင်း။

**တံစိုးလက်ဆောင်**

တည်ဆဲဥပဒေ၌ အရေးကြီးသည့် စကားလုံးတစ်ခုမှာ တံစိုးလက်ဆောင်ဆိုသည့် စကားဖြစ်ပါကြောင်း၊ တံစိုးလက်ဆောင်ဆိုရာတွင် ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်ပစ္စည်းသာမက ဝန်ဆောင်မှုပေးခြင်းနှင့် ဧည့်ခံပြုစုမှုခံယူခြင်းတို့ကို ထိုက်သင့်သည့် အဖိုးစားနားမပေးဘဲ လက်ခံခြင်းတို့ ပါဝင်ပါကြောင်း၊ ယင်းအချက်ကို လုပ်ပိုင်ခွင့်အာဏာရှိသူများ သိရှိထားသင့်သည့်အပြင် အဂတိလိုက်စားမှုသည် အဆိုပါတံစိုးလက်ဆောင်ကို လက်ခံခြင်းသာမကပေးခြင်းလည်း ပါဝင်သည်ဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တံစိုးလက်ဆောင်ပေးခြင်းကိုလည်း သတိပြုရှောင်ကြဉ်သင့်သည်ဟု မိမိအနေဖြင့် အကြံပြုစကားပြောကြားလိုပါကြောင်း။

ကော်မရှင်သည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက် ဤဥပဒေအာဏာတည်သည့် ရက်နောက်ပိုင်း အဂတိလိုက်စားမှုရှိကြောင်း ခိုင်လုံသော အထောက်အထားတွေ့ရှိပါက မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်၍ နစ်နာသူများ သို့မဟုတ် ကိုယ်တိုင်မြင်တွေ့သိရှိသူများအနေဖြင့် တိကျခိုင်လုံသော အထောက်အထားဖြင့် တိုင်ကြားကြစေလိုပါကြောင်း၊ တာဝန်ခံမှုကင်းမဲ့သော ပြောကြားချက်များဖြင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား ဂုဏ်သရေပျက်စေရန်၊ နစ်နာစေရန် ရည်ရွယ်၍ တိုင်ကြားမည်ဆိုပါက ပုဒ်မ ၅၉ အရ မမှန်မကန်တိုင်တန်းမှုအဖြစ် အရေးယူခြင်းခံရနိုင်ကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

**ရည်မှန်းချက်သုံးရပ်**

မိမိတို့ ကော်မရှင်သည် လက်ရှိကျယ်ပြန့်စွာဖြစ်ပေါ်နေသော အဂတိလိုက်စားမှုအခြေအနေများကို ယုတ်လျော့ကျဆင်းသွားရန်အတွက် ရည်မှန်းချက် သုံးရပ် ချမှတ်ထားပါကြောင်း၊ ၎င်းတို့မှာ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှုတို့ဖြင့် ထိရောက်စွာလျှော့ချနိုင်ရန်၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှုကို တိုက်ဖျက်သွားရန်နှင့် ကမ္ဘာ့ဘဏ်မှ နှစ်နှစ်လျှင် တစ်ကြိမ် ထုတ်ပြန်သော အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်းအညွှန်းကိန်းတွင် သိသာထင်ရှားစွာ တိုးတက်လာစေရန်တို့ဖြစ်ပါကြောင်း။

**ဘက်ပေါင်းစုံမှ**

ပြီးခဲ့သည့် ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ ကော်မရှင်မှ ကြီးမှူးပြုလုပ်ခဲ့သည့် ကိုယ်ကျင့်သိက္ခာမြင့်တင်ရေး စာတမ်းဖတ်ကြားဆွေးနွေးပွဲတွင် မိမိတို့ ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဘက်စုံစစ်ပွဲ တစ်ခုကဲ့သို့သတ်မှတ်ပြီး ဘက်ပေါင်းစုံမှနေ၍ တိုက်ပွဲဝင်နိုင်ရန်အတွက် မိမိတို့ ယခုအချိန်အထိ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်အတွက် လုပ်ငန်းနယ်ပယ်များကို မိမိတို့ ရွေးချယ်သတ်မှတ်ထားပါကြောင်း၊ ၎င်းနေရာများအတွက် အခြေခံကောင်းများကို တည်ဆောက်ဆဲဖြစ်ပါကြောင်း၊ ဥပဒေမူဘောင် ပြင်ဆင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အများပြည်သူဆိုင်ရာ လုပ်ငန်းများသာမက ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအထိ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ရေး၊ လူထုပညာပေးရေးလုပ်ငန်းများ၊ အခြေခံပညာမူလတန်းမှစတင်၍ ကိုယ်ကျင့်တရားမြှင့်တင်ရေးလုပ်ငန်းများ၊ သတင်းပေးသူများအကာအကွယ်ပေးရေးလုပ်ငန်းများ၊ အဂတိလိုက်စားမှုကို သည်းမခံ၊ ခွင့်မလွှတ်၊ လစ်လျူမရှုသော ယဉ်ကျေးမှုဖြစ်ပေါ်စေရေးလုပ်ငန်းများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းရေးလုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေး အဖွဲ့အစည်းများပါ အဂတိလိုက်စားမှုကို ဆန့်ကျင်သော ကျင့်ဝတ်များ ကိုယ်တိုင်ရေးဆွဲပြီး လိုက်နာကျင့်သုံးရေး လုပ်ငန်းများ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပွင့်လင်းမြင်သာရေးလုပ်ငန်းများ၊ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေအန္တရာယ် အကဲဖြတ်ဆန်းစစ်သည့်လုပ်ငန်းများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် သဘာဝသယံဇာတထုတ်လုပ်မှုလုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများလျှော့နည်းကျဆင်းရေးအတွက် စောင့်ကြည့်ခြင်းနှင့် ထိရောက်သော စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နိုင်သည့်လုပ်ငန်းများ အစရှိသဖြင့် အစီအစဉ်များကို မိမိတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရောဂါဆိုးကြီး**

အဆိုပါ အစီအစဉ်များအနက် အများစုသည် ၂၀၁၉ ခုနှစ် အစပိုင်းလောက်တွင် စတင်ပြီး အသက်ဝင်လှုပ်ရှားလာနိုင်မည်ဟု မိမိတို့ မျှော်လင့်ပါကြောင်း၊ ၂၀၁၉ ခုနှစ်အကုန်ပိုင်းတွင် ပြည်သူလူထုသည် အဂတိလိုက်စားမှု ရောဂါဆိုးကြီးကို ခံစားနေရာမှ အတော်အတန် သက်သာမှုရလာနိုင်မည်ဟု မိမိတို့ ယုံကြည်ထားပါကြောင်း၊ ယခုအခါ မိမိတို့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်သည် လမ်းကြောင်းအမှန်ပေါ် တိတိကျကျရောက်နေပြီဟု ပြောနိုင်ပါကြောင်း၊ အဆိုပါ အစီအစဉ်များ အောင်မြင်ရန်အတွက် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်း များ၊ စီးပွားရေးလုပ်ငန်းများ၊ သတင်းမီဒီယာဆိုင်ရာ ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ စိတ်အားထက်သန်စွာ အားပေးကူညီမှုတို့အပေါ်တွင် မူတည်နေပါကြောင်း၊ ထို့ကြောင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောစေရေးအတွက် မိမိတို့အားလုံး အတူတကွလက်တွဲပြီး အဂတိလိုက်စားမှုကို တိုက်ဖျက်သွားကြရန် ပြောကြားသည်။

**တိုင်ကြားစာပေါင်း ၃၈၉၈ စောင်**

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းက မိမိတို့တာဝန်ယူဆောင်ရွက်ခဲ့သည့် (၆)လတာကာလအတွင်း ပြည်သူများ၏ တိုင်ကြားစာပေါင်း ၃၈၉၈ စောင်ရရှိခဲ့ပါကြောင်း၊ ရရှိလာသည့် တိုင်ကြားစာများအပေါ် အဆင့် သုံးဆင့်ဖြင့် စိစစ်ဆုံးဖြတ်ဆောင်ရွက်ရပါကြောင်း၊ ပထမအချက်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်ကိုက်ညီပြီး အထောက်အထား အထိုက်အလျောက်ပြည့်စုံစွာပါရှိသဖြင့် အရေးယူနိုင်သည့် တိုင်ကြားစာများအား ဆက်လက်စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် ကြိုတင်စုံစမ်းမှုပြုလုပ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် တိုင်ကြားစာပါ အကြောင်းအရာများနှင့် အထောက်အထားများအရ စစ်ဆေးပေါ်ပေါက်ချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက အရေးယူသင့်သော ကိစ္စရပ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀(ခ)အရ အရေးယူနိုင်ရန် လွှဲပြောင်းပေးအပ်ပါကြောင်း၊ တတိယအချက်အနေဖြင့် တိုင်ကြားစာပါ အကြောင်းအရာကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်မှုမရှိသော၊ ဆောင်ရွက်ပေး၍မရသော တိုင်ကြားစာများအား ကော်မရှင်အနေဖြင့် အရေးယူဆောင်ရွက်ပေး၍မရပါကြောင်း။

**တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်**

အဆိုပါ အချက် သုံးချက်ဖြင့် တိုင်းတာပြီး တိုင်ကြားစာများအပေါ် ဆောင်ရွက်ပါကြောင်း၊ တိုင်ကြားစာများကို အဆင့်ဆင့်စိစစ်ပြီးသည့်အခါတွင် ဥက္ကဋ္ဌထံတင်ပြပြီး အတည်ပြုချက်ရပြီဆိုပါက အနီးစပ်ဆုံးကော်မရှင်အစည်းအဝေးတွင် တင်ပြရပါကြောင်း၊ ကော်မရှင်အစည်းအဝေးတွင် တိုင်ကြားစာလုပ်ငန်းကော်မတီက သဘောထားရယူထားသည့်ကိစ္စကို တင်ပြပါကြောင်း၊ တင်ပြသည့်အခါတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ရယူပြီး ဆုံးဖြတ်သကဲ့သို့ သဘောထားကွဲလွဲသည့်အခါတွင်လည်း မဲခွဲသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲခွဲသည့်စနစ်ကျင့်သုံး ဆောင်ရွက်ရာတွင် ကော်မရှင်အဖွဲ့ဝင် ၁၂ ဦးရှိသည့်အနက် သုံးပုံနှစ်ပုံ၏ အထက်က သဘောတူညီချက်ဖြင့် ဆုံးဖြတ်ဆောင်ရွက်သည့်အတွက် ဆုံးဖြတ်ချက်များသည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ခိုင်လုံသည့်အထောက်အထား**

စုံစမ်းတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေပုဒ်မ ၂၇ အရ ကော်မရှင်ဥက္ကဋ္ဌထံ တင်ပြမည်ဖြစ်ပါကြောင်း၊ ထိုသို့တင်ပြရာတွင် ပုဒ်မ ၂၇ (ခ)အရ ကော်မရှင်ဥက္ကဋ္ဌက အစီရင်ခံစာရပြီး ရက်ပေါင်း ၃၀ အတွင်း ဆွေးနွေးဆုံးဖြတ်ရန် လိုအပ်ပြီး ကော်မရှင်အစည်းအဝေးကို ခေါ်ယူကျင်းပရပါကြောင်း၊ လက်တွေ့ကျင်းပသည့်နေရာတွင် တစ်ပတ်အတွင်း ကော်မရှင်အစည်းအဝေးကို ခေါ်ယူကျင်းပပြီး ဆုံးဖြတ်ချက်ချ ဆောင်ရွက်ကြပါကြောင်း၊ အစည်းအဝေးတွင် ပုဒ်မ ၂၈ (က)အရ စုံစမ်းစစ်ဆေးတွေ့ရှိချက်သည် တရားစွဲတင်နိုင်သော ခိုင်လုံသည့်အထောက်အထားများမရှိဟု ယူဆပါက စွပ်စွဲတိုင်တန်းချက်ကို ပယ်ဖျက်ရန် ဆုံးဖြတ်ပါကြောင်း၊ ပုဒ်မ ၂၈ (က)(၂)အရ စွပ်စွဲခံရသူသည် ဥပဒေတွင်ပါသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ကော်မရှင်အဖွဲ့အစည်းအဝေးက ဆုံးဖြတ်ပါက ၎င်းကို သက်ဆိုင်ရာတရားရုံးတွင် တရားစွဲရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးပြီး ဆောင်ရွက်ပါကြောင်း။

တရားစွဲမည်ဟု ဆုံးဖြတ်သည့်နေရာတွင် ကော်မရှင်အဖွဲ့ဝင် တစ်ဦးချင်းကနေပြီး အစည်းအဝေးတွင် တစ်ဦးချင်းစီ၏ ဆွေးနွေးချက်များကို ကော်မရှင်က ဆင်ခြင်တုံတရားများနှင့် အပြန်ပြန်အလှန်လှန် စဉ်းစားသုံးသပ်ပြီးမှ တာဝန်ယူ၊ စာမျက်နှာ ၇ သို့ ○






အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အိုင်ယာလန်နှင့် အက်စ်တိုးနီးယားနိုင်ငံတို့ရှိ နိုင်ငံ့ဝန်ထမ်းဆိုင်ရာလုပ်ငန်းများ လေ့လာ

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံးမှ စီစဉ်ဖိတ်ကြားချက်အရ မေ ၂၇ ရက်မှ ဇွန် ၉ ရက်အထိ အိုင်ယာလန်နိုင်ငံရှိ Institute of Public Administration နှင့် အက်စ်တိုးနီးယားနိုင်ငံရှိ Ministry of Finance of the Republic of Estonia တို့သို့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာကိစ္စရပ်များ သွားရောက်လေ့လာသည်။



မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိုင်ယာလန်နိုင်ငံသို့ ရောက်ရှိစဉ်ကာလအတွင်း Institute of Public Administration ၏ ညွှန်ကြားရေးမှူးချုပ် Dr. Marian O'Sullivan နှင့် ယခင် ညွှန်ကြားရေးမှူးချုပ် Dr. Brian Cawley တို့နှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ နည်းဗျူဟာ၊ ဖွဲ့စည်းပုံနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းများ၏ အရည်အချင်း မူဘောင်သတ်မှတ်ချက်၊ ပညာရပ်ဆိုင်ရာသင်တန်းများ ပို့ချမှုနည်းစနစ်များ၊ ပြည်သူ့ဘဏ္ဍာငွေအသုံးစရိတ် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ အဆင့်မြင့် အရာထမ်းများအတွက် ခေါင်းဆောင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချဉ်းကပ်မှုပုံစံနည်းလမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးအစီအစဉ်များအပေါ် လေ့လာဆွေးနွေးခြင်း၊ ပြည်သူ့ဘဏ္ဍာငွေအသုံးစရိတ်နှင့် ပြုပြင်ပြောင်းလဲရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများ သတ်မှတ်မှုပုံစံများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အက်စ်တိုးနီးယားနိုင်ငံသို့ သွားရောက်ပြီး အက်စ်တိုးနီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Janek Maggi နှင့် တွေ့ဆုံ၍ အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ ပြည်သူ့အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအပေါ် လေ့လာဆွေးနွေးခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတ၏ သံတမန်ရေးရာ အကြံပေးပုဂ္ဂိုလ် သံအမတ်ကြီး H.E. Mr. Mart Tarmak နှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် e-Governance အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခြင်း၊ State Chancellery တွင် Head of Top Civil Service Excellence Centre Ms. Eve Limbach-Pirn နှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့်ထားခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်ခြင်း၊ သင်တန်းများပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့်မြင့်အရာထမ်းများအား ခန့်ထားနိုင်ရေးအတွက် အရည်အချင်းသတ်မှတ်ချက် မူဘောင်များနှင့်စပ်လျဉ်း၍ လေ့လာဆွေးနွေးခြင်း၊ Tallinn City Government မြို့တော်ဝန်နှင့် Parnu မြို့တော်ဝန်တို့နှင့်တွေ့ဆုံ၍ ICT ကိုအခြေခံသော e-Services များ ဝန်ဆောင်မှုပေးခြင်း၊ ဗဟိုနှင့် ဒေသအဆင့်လိုက် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ စွမ်းဆောင်မှုနှင့် သင်တန်းများပေးခြင်းတို့အပေါ် လေ့လာဆွေးနွေးခြင်း၊ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့တော်စီမံခန့်ခွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုတို့အပေါ် လေ့လာဆွေးနွေးခြင်း၊ အက်စ်တိုးနီးယားနိုင်ငံ Tallinn Technical University မှ Professor ဖြစ်သူ Dr.Tiina Randma နှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအဖွဲ့အစည်းအလိုက် သင်တန်းများဖွင့်လှစ်ပို့ချမှုများအပေါ် လေ့လာဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ထို့အပြင် Estonian Academy of Security Sciences မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ရဲဝန်ထမ်းအရာရှိများအား ရွေးချယ်ခန့်ထားခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူအပေါ် လုံခြုံမှုဆိုင်ရာ e-Services များ ဝန်ဆောင်မှုပေးခြင်းတို့အပေါ် လေ့လာဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာဆွေးနွေးပွဲ အိန္ဒိယတွင် ကျင်းပ

**နေပြည်တော် ဇွန် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇွန် ၇ ရက်တွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဇွန် ၇ ရက် မွန်းတည့် ၁၂ နာရီတွင် နယူးဒေလီမြို့ The Taj Mahal ဟိုတယ် အစည်းအဝေးခန်းမ၌ (၁၇)ကြိမ်မြောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယူးဒေလီမြို့ မြန်မာသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယဘက်မှ နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေး ဆက်လက်တိုးမြှင့်သွားရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်ကိစ္စရပ်များနှင့် နယ်နိမိတ်ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ကောင်စစ်ရေးရာ၊ ယဉ်ကျေးမှုကဏ္ဍများအပါအဝင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ရှေ့ဆက်အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်မည့် နယ်ပယ်များအပေါ် နှစ်ဖက် ကျယ်ပြန့်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြည် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားရေးဆိုင်ရာများမှာကြား

**မန္တလေး ဇွန် ၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြည်သည် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ မန္တလေးခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများအား ဇွန် ၈ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ တရားရေးဆိုင်ရာများ မှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆင့်ကဲဆင့်ကဲ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် မန္တလေးမြို့ လမ်း ၃၀ စုပေါင်းရုံးအတွင်းရှိ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် မန္တလေးခရိုင်တရားရုံးတို့အား ကြည့်ရှုစစ်ဆေးပြီး အသစ်ဆောက်လုပ်နေသည့် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံနှင့် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးခရိုင်တရားရုံး အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# လေဆင်နှာမောင်းတိုက်၍ နေအိမ်ကိုးလုံးပျက်စီး

**ရွှေသောင်ယံ ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ သဘော့ကန်ကျေးရွာအုပ်စု သဘော့ကန်ကျေးရွာတွင် ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဦးလှဖေ၏ နေအိမ် အမိုးလန်ပျက်စီး၊ ဦးလှငွေး၏ နေအိမ် အမိုးများပျက်စီး၊ ဒေါ်စုမာမြင့်၏ နေအိမ် ပြိုလဲပျက်စီး၊ ဒေါ်ဥမ္မာမြင့်၏ နေအိမ် ပြိုလဲပျက်စီး၊ ဦးနိုင်စိုး၏ နေအိမ် အမိုးအကာများပျက်စီး၊ ဦးခင်မြင့်၏ ခနီမိုးထရံကာနေအိမ် ပြိုလဲပျက်စီး၊ ဦးကျော်နိုင်၏ နေအိမ် အမိုးများပျက်စီး၊ ဦးသန်းငွေ၏ နေအိမ် အမိုးများပျက်စီး၊ ဦးအောင်ကို၏ နေအိမ် အမိုးများပျက်စီးခဲ့ပြီး စုစုပေါင်း ပျဉ်ထောင်သွပ်မိုးအိမ် ငါးလုံးနှင့် ခနီမိုးထရံကာအိမ် လေးလုံးတို့ ပျက်စီးဆုံးရှုံးခဲ့သည်။ လေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်စဉ်တွင် ဒေါ်စုမာမြင့်မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# (၁၃)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်၊ သုတစွယ်စုံတစ်သက်တာစာပေဆု တက္ကသိုလ်တင်ခ ရရှိ

**ရန်ကုန် ဇွန် ၉**

နိုင်ငံတော်၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်သောအားဖြင့် သုတစွယ်စုံစာအုပ်တိုက်မှ ချီးမြှင့်သည့် (၁၃) ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သည်။




**သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိကြသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။**

အခမ်းအနားတွင် သုတစွယ်စုံစာပေဆု အလှူရှင်နှင့် ဆုရွေးချယ်ရေး အဖွဲ့ဝင် စွယ်စုံမီဒီယာဂရု(ပ်)၏ ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက "ခုဆိုဆုပေးတာ (၁၃) ကြိမ်မြောက်ရှိပါပြီ၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီလိုမျိုးစာပေဆုတွေ ချီးမြှင့်ရတာ ဝမ်းသာတယ်၊ ဂုဏ်ယူတယ်၊ စာပေဆုက နှစ်စဉ် စဉ်ဆက်မပြတ် ချီးမြှင့်ခဲ့တယ်၊ ကျွန်တော်ကိုယ်တိုင် စာအုပ်တွေကို ရွေးချယ်ပြီး စုစည်းပြီးတော့ဖတ်တယ်၊ တကယ်ကောင်းတဲ့ စာအုပ်တွေကို ရွေးချယ်ပြီး ချီးမြှင့်ခဲ့တာပါ၊ ကျွန်တော်တို့ ဇနီးမောင်နှံ သက်ရှိထင်ရှားရှိနေသမျှ ကာလတစ်လျှောက်လုံး ချီးမြှင့်မှာပါ၊ ကျွန်တော်တို့ မရှိရင်လည်း ကျွန်တော့်သားသမီးတွေကို ရန်ပုံငွေထူထောင်ပေးထားခဲ့တယ်၊ ဒီငွေနဲ့ ဆက်ပြီး ဆုချီးမြှင့်သွားမှာ ဖြစ်ပါတယ်" ဟုပြောသည်။

သုတစွယ်စုံ စာအုပ်တိုက်အနေဖြင့် သုတစာပေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး မြန်မာစာပေလောက၏ အဆင့်အတန်းမြင့်မားလာစေရေးအတွက် တစ်နည်းတစ်ဖုံ အကျိုးပြုနိုင်စေရန်၊ သုတစာပေများ ပိုမိုထွန်းကားပြန့်ပွားလာစေပြီး ပြည်သူလူထုတွင် မှန်ကန်သော အသိပညာ ဗဟုသုတများ ပိုမိုကြွယ်ဝလာစေရန်၊ သုတစာပေရေးသားပြုစုသည့် စာရေးဆရာများကို တတ်နိုင်သမျှအားပေး ချီးမြှင့်ရန်စသည့် ရည်ရွယ်ချက်သုံးရပ်နှင့်အညီ သုတစွယ်စုံစာပေဆုကို နှစ်စဉ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် စာပေပညာရှင်အချို့ ပါဝင်သည့် သုတစွယ်စုံ စာပေဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့သည် ၂၀၁၆ ခုနှစ် အတွင်း ထုတ်ဝေခဲ့သည့် စာပေဘာသာရပ်အမျိုးမျိုးအတွက် ဆန်ခါတင် စာအုပ် ၄၀ ခန့်ကို စိစစ်ရွေးချယ်ခဲ့ပြီး ထိုအထဲတွင်မှ စာပေဘာသာရပ်ဆိုင်ရာဆု ခုနစ်ဆုနှင့် တစ်သက်တာစာပေဆု တစ်ဆုတို့ကို ယခု (၁၃) ကြိမ်မြောက် သုတစွယ်စုံစာပေဆုတွင် ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် သုတစွယ်စုံတစ်သက်တာစာပေဆုကို စာရေးဆရာ တက္ကသိုလ်တင်ခ၊ သုတစွယ်စုံစာပေဆု (ဘာသာပြန်စာပေ)ဆုကို ရေထဲမှာလူ . . . လူထဲမှာရေ စာအုပ်ဖြင့် ဆရာ ဟိန်းလတ်၊ သုတစွယ်စုံစာပေဆု (နိုင်ငံတကာရေးရာ)ဆုကို ရှင်သန်ခွင့်စာအုပ်ဖြင့် ဆရာ စိန်ဝင်းစိန်၊ သုတစွယ်စုံစာပေဆု(အတ္ထုပ္ပတ္တိစာပေ)ဆုကို ဂျော့ဆိုရော့စ် သို့မဟုတ် မေတ္တာရှင် သန်းကြွယ်သူဌေးကြီး စာအုပ်ဖြင့် ဆရာ ကျော်ထက်ထွန်း၊ သုတစွယ်စုံစာပေဆု(စာပဒေသာ)ဆုကို ရိုးတံကျဲတွေ မြိုင်ထဲမှာ အငိုတိတ်စေချင် စာအုပ်ဖြင့် ဆရာ မြင့်သိန်းလှိုင်၊ သုတစွယ်စုံစာပေဆု(ရည်ညွှန်းစာပေ)ဆုကို အနက်ဖော်ရခက်သော နေ့စဉ်သုံးမြန်မာဝေါဟာရများ အဘိဓာန်စာအုပ်ဖြင့် ဆရာ သန်းဝင်းလှိုင်၊ သုတစွယ်စုံစာပေဆု(သုတသိပ္ပံ)ဆုကို အသိဉာဏ်မဲ့ခြင်းဟာ အပြစ်လား စာအုပ်ဖြင့် ဒေါက်တာခင်မောင်ညို၊ သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ) ဆုကို ဆေးပညာပေါင်းချုပ်(၂)စာအုပ်ဖြင့် ပါမောက္ခ သိန်းနှင့် ဒေါက်တာဆုတို့က အသီးသီးရရှိခဲ့သည်။

အခမ်းအနားတွင် သုတစွယ်စုံစာပေဆုရရှိသည့် စာရေးဆရာကြီးများအား တက်ရောက်လာသည့် အထူးဧည့်သည်တော်များနှင့် တာဝန်ရှိသူများက လည်းကောင်း၊ သုတစွယ်စုံ တစ်သက်တာ စာပေဆုရရှိသည့် စာရေးဆရာ တက္ကသိုလ်တင်ခအား စာရေးဆရာ စည်သူဒေါက်တာသော်ကောင်းက လည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်၍ စွယ်စုံမီဒီယာဂရု(ပ်)၏ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဇနီးက အဖွဲ့အစည်းများနှင့် စာကြည့်တိုက်များသို့ အလှူငွေ ၅၈ သိန်းကို လှူဒါန်းသည်။ ထို့နောက် သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့အား မေတ္တာလက်ဆောင်များပေးအပ်ခဲ့ပြီး စာပေဆုရရှိသူများကိုယ်စား ဆရာ ဟိန်းလတ်၊ ဆရာ ဒေါက်တာခင်မောင်ညိုနှင့် တစ်သက်တာစာပေဆုရှင် တက္ကသိုလ်တင်ခတို့က ကျေးဇူးတင်စကားပြောကြားသည်။

သုတစွယ်စုံ စာပေဆုကို ၂၀၀၄ ခုနှစ်တွင် ထွက်ရှိသည့် စာအုပ်များကို စိစစ်ရွေးချယ်၍ ၂၀၀၆ ခုနှစ်တွင် စတင်ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သုတစွယ်စုံစာပေဆုအတွက် ဆုချီးမြှင့်ငွေမှာ ဘာသာရပ်တစ်ခုချင်းစီအတွက် ငွေကျပ် ၁၀ သိန်းစီနှင့် တစ်သက်တာစာပေဆုအတွက် ငွေကျပ် သိန်း ၂၀ သတ်မှတ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်း-သီသီမင်း ဓာတ်ပုံ-လှမိုး**

# ရန်ကုန် အစားအစာနှင့် ဆေးဝါးဖြန့်ချိရေးစင်တာ ဖွင့်လှစ်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံစက်မှုဇုန်၌ Maxxcare ၏ ရန်ကုန်အစားအစာနှင့် ဆေးဝါးဖြန့်ချိရေးစင်တာ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါစင်တာ၌ ကျင်းပသည်။

"Maxxcare က လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ်ထဲက နိုင်ငံတကာ အသိအမှတ်ပြု ISO 9001 လက်မှတ်ရပြီး ပြည်တွင်းရဲ့ အစားအသောက်နဲ့ ဆေးဝါးတွေကို အဆင့်အတန်းမြင့်မြင့် ထုတ်ဝေဖြန့်ချိပေးနိုင်ခဲ့တာပါ၊ ဆက်လက်ပြီးတော့လည်း ISO 9001 2017 ကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ဒီအတွက် FDA ရဲ့ စံချိန်စံနှုန်းတွေနဲ့ ကိုက်ညီသွားပါတယ်၊ ဒါကြောင့် Maxxcare ကနေ ထုတ်ဝေဖြန့်ချိသွားမယ့် အစားအစာနဲ့ ဆေးဝါးတွေဟာ မြန်မာနိုင်ငံအတွင်း နေထိုင်ကြတဲ့ပြည်သူတွေအတွက် အကောင်းဆုံး အရည်အသွေးမြင့်ဝန်ဆောင်မှုတွေ ပေးနိုင်မှာဖြစ်ပါတယ်" ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်က ပြောသည်။

အဆိုပါဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်၊ Maxxcare ၏ CEO မစ္စတာ Vivek Dhawan ၊Mega Lifesciences ဥက္ကဋ္ဌ မစ္စတာ Girish Wadhaw တို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။

လက်ရှိ ဖွင့်လှစ်လိုက်သော ရန်ကုန်ဖြန့်ချိရေးစင်တာသည် ကတ္တူသေတ္တာ ၇၀၀၀၀၀ ခန့်ကိုသိုလှောင်နိုင်ပြီး ဆေးဝါးထုတ်ကုန်များကို လေအေးစက်တပ်ဆင်ခန်းတွင် သိုလှောင်ထားနိုင်မည်ဖြစ်သည်။ စင်တီမီတာ ၂ ဒီဂရီ မှ ၈ ဒီဂရီ ဆဲလ်စီးယပ်အတွင်း တည်ငြိမ်သောအပူချိန် လိုအပ်သည့် ကာကွယ်ဆေး၊ အင်ဆူလင်နှင့် အခြားဆေးဝါးများအတွက် အအေးခန်းသိုလှောင်ရုံများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ Maxxcare စင်တာမှာ ဆေးဝါးဖြန့်ချိရေးမျိုးတူစင်တာများအတွင်း မြန်မာနိုင်ငံ၌ အကြီးဆုံးဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် မြေ ၁၁ ဧကကျော်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး လုပ်ငန်းများကို လာမည့်ဇူလိုင် ၉ ရက်တွင် အပြည့်အဝလည်ပတ်နိုင်ရန် လျာထားကြောင်း သိရသည်။ **ပွင့်သစ္စာ**



**ရန်ကုန်အစားအစာနှင့် ဆေးဝါးဖြန့်ချိရေးစင်တာအား တွေ့ရစဉ်။**




# (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇွန် ၉**

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ ဇွန် ၂၀ ရက်မှ ၂၃ ရက်ထိ ဝင်ရောက် သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာ ကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇွန် ၂၉ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့် ပြုလုပ်နိုင်ရေးအတွက် ဇွန် ၁၅ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ပုံစံများကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇ ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာ လုပ်ငန်းကော်မတီ ဖုန်း-၀၆၇ ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မောရှမ်းမြေမှ ကော်ဖီသမဝါယမအသင်းသား ပြည်သူတို့ ပျော်နေပြီ

## Kဇင်သစ်(မန်းတက္ကသိုလ်)

တစ်ချိန်က ဒီနယ်၊ ဒီဒေသတွေမှာ လူတွေကို ဥပဒ်ဖြစ်စေတဲ့ ဘိန်းပင်တွေက ရာနှုန်းပြည့်နီးပါး ခြေကုပ်ယူထားခဲ့ကြသည်။ ပြောင်းလဲခြင်းသီအိုရီနှင့် ဖွံ့ဖြိုးမှုအစီအစဉ်တို့က ရေ၊ မြေ၊ တော၊ တောင်သဘာဝနှင့်အညီ လိုက်လျောညီထွေဖြစ်စေခဲ့ပြီး ဒေသ၏ စိုက်ပျိုးရေးသရုပ်အမှန်ကို ပြောင်းလဲနိုင်ခဲ့သဖြင့် ကြည်နူးစရာကောင်းလှသည်ကို တွေ့ရှိရပါသည်။ ယနေ့အချိန်မှာတော့ ယင်းနယ်တစ်ဝိုက်တွင် လူသားအကျိုးပြုကျန်းမာရေးအထောက်အကူပြုပြီး ဒေသခံပြည်သူများဝင်ငွေတိုးမှု ရေရှည်တည်တံ့ဖွံ့ဖြိုးစေမည့် စိမ်းစိုနေသောသစ်ပင်တို့နှင့်အတူ ဝေဝေဆာဆာရှိနေပြီဖြစ်ပါသည်။ ဟိုပုံး၊ လွိုင်လင်၊ ရွာငံတစ်ကြော ဖွံ့ဖြိုးမှုအသီးအပွင့်က အုပ်ချုပ်သည့်အစိုးရကို ဂုဏ်ရှိန်တက်စေသကဲ့သို့ ပြည်ပပို့ကုန် ဝင်ငွေတိုးပွားမှုကိုလည်း ရရှိနေပြီဟု ဆိုရပေမည်။ လူထုအခြေပြု ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးဆက်ကိုလည်း ခံစားနေရပြီဖြစ်ပါသည်။ အားလုံးပူးပေါင်းပါဝင်ခဲ့ခြင်း၏ ရလဒ်ကောင်းကို ဆုပ်ကိုင်နိုင်ဖို့ သန္ဓေတည်ရန် ပုံဖော်ပေးခဲ့သော UN အဖွဲ့အစည်းတစ်ခုဖြစ်သည့် UNODC (United Nations Office on Drugs and Crime)နှင့် သမဝါယမဦးစီးဌာနတို့က အစပျိုးခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**ဘိန်းအစားထိုး ဖွံ့ဖြိုးရေး စီမံကိန်း**

ရေရှည်တည်တံ့သော ဘိန်းအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်း၊ စားနပ်ရိက္ခာဖူလုံရေး၊ တရားဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးနှင့် လုပ်ကွက်ငယ်လယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို UNODC က ၂၀၁၄ ခုနှစ်တွင် အဆိုပါဒေသ၌ လုပ်ဆောင်ခဲ့ပါသည်။ ရေရှည်တည်တံ့ အောင်မြင်ဖြစ်ထွန်းနေဖို့ သမဝါယမအသင်းဖွဲ့စည်းပေးကာ ဆောင်ရွက်ရမည်ဟူသော ဆုံးဖြတ်ချက်နှင့်အညီ UNODC သည် ၂၀၁၄-၂၀၁၅ ခုနှစ်များအတွင်း သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

သမဝါယမဦးစီးဌာနကလည်း စိုက်ပျိုးသီးနှံအလိုက်တောင်သူများ၏ လိုအပ်ချက်ကို အခြေခံပြီး ကူညီပံ့ပိုးနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည့် အားလျော်စွာကော်ဖီစိုက်တောင်သူများအား စည်းရုံးဆွေးနွေးခြင်း၊ သမဝါယမသဘောတရားနှင့် လုပ်ထုံးလုပ်နည်းများအားရှင်းလင်းခြင်း၊ သမဝါယမအသင်း ဖွဲ့စည်းထူထောင်ပေးခြင်း၊ အသင်းသားများရရှိမည့် အကျိုးကျေးဇူးနှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အထစသည့် သမဝါယမဖွံ့ဖြိုးတိုးတက်မှု စနစ်ကောင်း ဖြစ်ပေါ်လာရေးအတွက် သမဝါယမဦးစီးဌာနအဆင့်ဆင့်ဝန်ထမ်းများက အားသွန်ခွန်စိုက် ပံ့ပိုးပေးခဲ့သည်ဟုလည်း ကြားသိရပါသည်။ ဟိုပုံးနှင့် လွိုင်လင်မြို့နယ်တို့ရှိ ကျေးရွာများမှ ကော်ဖီစိုက် တောင်သူ ၅၇၃ ဦးတို့က ယင်းတို့ဆန္ဒနှင့်အညီ Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်ကို သမဝါယမမူဝါဒများနှင့်အညီ တောင်းဆိုလာသည့်အတွက် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် သမဝါယမဦးစီးဌာနမှ ဖွဲ့စည်းမှတ်ပုံတင်ပေးခဲ့ပါသည်။

**လူသားတို့၏ ကျန်းမာရေး**

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းတွင် အဓိကကုန်ကြမ်းထုတ်လုပ်ရာ ဘိန်းစိုက်ခင်းများနေရာတွင် လူသားတို့၏ ကျန်းမာရေးအတွက် ကာဖင်း(ကဖိန်း)ဓာတ်နှင့် ကလိုရိုဂျင်းနစ်အက်စစ်တို့ ပါဝင်သည့် ကော်ဖီစေ့များ ဖြစ်ထွန်းလာစေသည့် ကော်ဖီပင်များကို နည်းစနစ်ကျကျ စိုက်ပျိုးအောင်မြင်နေသည်မှာ ဂုဏ်ယူဝမ်းမြောက်ရမည်ဖြစ်ပေသည်။ ဘိန်းထွက်ရှိသည့်နိုင်ငံဟု နိုင်ငံတကာက လက်ညှိုးထိုးခံနေရသည့်အချိန်တွင် ဒေသခံများ ၎င်းတို့ကိုယ်တိုင် ဦးဆောင်ပါဝင်စေသည့် စိတ်ဓာတ်မြှင့်တင်ရေးနှင့် ယင်းတို့၏ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် အမြင်ကျယ်ကျယ်ဖြင့် ပူးပေါင်းပါဝင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရအတွက် သတင်းကောင်းဟု ရှုမြင်ရမည် ဖြစ်ပေသည်။ ဘိန်းအစားထိုး ဝင်ငွေရရှိနိုင်သည့် ရေရှည်တည်တံ့သော ကော်ဖီပင်များစိုက်ပျိုးနိုင်ရန် လိုအပ်သော မျိုး၊ နည်းပညာနှင့် ပညာရှင်ထောက်ပံ့မှု၊ စိုက်ပျိုးရေးသွင်းအားစုများကို UNODC မှ ကနဦးတွင် ထောက်ပံ့ပေးနိုင်ခဲ့ပြီး ရှင်သန်ကြီးထွားလာမှုနှင့် အရည်အသွေးကောင်း ကော်ဖီများ ထွက်ရှိလာရေး နယ်ခံကော်ဖီစိုက်တောင်သူဦးကြီးတို့က ယင်းတို့ကိုယ်တိုင် ဝါယမစိုက်ထုတ်ခဲ့ခြင်း၏ အကျိုးသက်ရောက်မှုကို ယနေ့ဆိုလျှင် ကောင်းစွာခံစားနေရပြီ ဖြစ်သည်။

**ကြိုက်နှစ်သက်မှုတိုးလာ**

မြန်မာနိုင်ငံတွင် ဖြစ်ထွန်းအောင်မြင်နေသည့် ကော်ဖီအမျိုးအစားများမှာ ကုန်းမြင့်ကော်ဖီမျိုး အာရေဗီးကား ( Arabica Coffee) နှင့် မြေနိမ့်ကော်ဖီမျိုး ရိုဘက်စတာ (Robusta Coffee)တို့ကို အဓိကထားစိုက်ပျိုးကြပါသည်။ ဟိုပုံး၊ လွိုင်လင်၊ ရွာငံဒေသထွက် အာရေဗီးကား ကော်ဖီများမှာ အမေရိကန်၊ ဥရောပနှင့် ကမ္ဘာ့နိုင်ငံများတွင် အရည်အသွေးကောင်းမွန်ခြင်း၊ အော်ဂဲနစ်သီးနှံထွက် စိုက်ပျိုးထားခြင်းတို့ကြောင့် သုံးစွဲသူများပြားပြီး ကြိုက်နှစ်သက်မှုတိုးလာနေသည်ဟု လေ့လာသိရှိရပါသည်။ ၂၀၁၄ ခုနှစ်က စတင်စိုက်ပျိုးခဲ့သည့်အတွက် ယနေ့အချိန်တွင် ကော်ဖီများ စတင်ထွက်ရှိနေပြီဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေး၊ သွင်းအားစုများ စနစ်တကျ သုံးစွဲနိုင်ရေး၊ တစ်ဦးတစ်ယောက်ချင်းစီထက် စုပေါင်းလုပ်ဆောင်မှုဖြင့် ထွက်ရှိလာသော ကော်ဖီများ ဈေးကွက်ကို လွှမ်းမိုးနိုင်အောင် ကြိုးစားစေခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုအဟုန် လျင်မြန်စွာ ရရှိလာနိုင်စေခြင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးနေစေရေးအတွက် အသင်းအဖွဲ့တစ်ခုထူထောင်ပေးကာ နောင်တွင် အဆိုပါအသင်းက ကိုယ်တိုင်ရပ်တည်ဦးဆောင်သွားနိုင်ရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပုံဖော်ပေးချင်သည့်ဆန္ဒက UNODC နှင့် သမဝါယမဦးစီးဌာနတို့တွင် အပြည့်ရှိခဲ့ပါသည်။

**အောင်မြင်ဖြစ်ထွန်း**

Green Gold Cooperative စတင်ဖွဲ့စည်းခဲ့စဉ်က အသင်းသားများ၏ စိုက်ပျိုးထားရှိမှုမှာ ၂၀၁၄ ခုနှစ်တွင် မြေ ၁၈၈ ဒသမ ၂ ဧကပေါ်တွင် ကော်ဖီပင် ၃၃၈၀၅၃ ပင်၊ ၂၀၁၅ ခုနှစ်၌ မြေ ၅၂၈ ဒသမ ၆၉ ဧကပေါ်တွင် ၉၆၈၈၅၆ ပင်တို့ကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ခဲ့ပါသည်။ စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ Supply chain တစ်ခုလုံးကို Green Gold က **"အားလုံး ပူးပေါင်းဆောင်ရွက်ခြင်း"**ဆိုသည့်မှုကို လက်ဝယ်ပိုက်ထားပြီး တောင်သူလယ်သမားများအကျိုး စွမ်းဆောင်ပေးနိုင်မှုက သမဝါယမဆိုသည့် သရုပ်သဏ္ဌာန်ကို ပြည့်ဝစွာ ပုံဖော်ပေးနေခြင်းဟု ဆိုချင်ပါသည်။ အခြားသီးနှံများတွင်လည်း Green Gold ကဲ့သို့ ဦးဆောင်မှုကောင်းများ ဆောင်ကြဉ်းပေးနိုင်မည်ဆိုပါက ကျေးလက်နေ တောင်သူဦးကြီးများအနေဖြင့် သမဝါယမအပေါ် ယခုလက်ရှိအနေအထားထက်ပို၍ ယုံကြည်မှုများ ရရှိနိုင်မည် ဖြစ်ပါသည်။ ယင်းသို့ ဖြစ်အောင်လည်း ကြိုးစားနေသည်ဟု ခံယူမိပါသည်။ ၂၀၁၆ ခုနှစ်၌ မြေဧက ၉၁၀ ဒသမ ၀၉၄ ပေါ်တွင် ကော်ဖီပင် ၁၆၇၃၅၃၃ နှင့် ၂၀၁၇ ခုနှစ်၌ မြေ ၇၂၃ ဒသမ ၅၄၄ ဧကပေါ်တွင် ကော်ဖီပင် ၁၃၄၂၂၆၀ ကို တိုးမြှင့်စိုက်ပျိုးလာနိုင်သည့်အတွက် Green Gold အသင်း၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကော်ဖီစိုက်တောင်သူများ အားလုံး သမဝါယမအသင်းဝင်များ ဖြစ်လာကြသည်ကို သတိပြုမိပါသည်။

သမဝါယမအသင်းအဆင့်ဆင့် လမ်းကြောင်းမှလည်း Green Gold အသင်းအတွက် စိုက်ပျိုးစရိတ် ထောက်ပံ့ငွေများ၊ အသင်းသားများ လိုအပ်သည့် စက်ကိရိယာများ ရောင်းချပေးခြင်းနှင့် ဈေးကွက်ချိတ်ဆက်ပေးမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးမှု သင်တန်းပေးခြင်းတို့ကို ထုတ်ပြန်ထားသည့် ညွှန်ကြားလွှာများနှင့်အညီ ကူညီပံ့ပိုးပေးနေခြင်းကြောင့် Green Gold အသင်း၏ အောင်မြင်မှုမှာ ဖွဲ့စည်းပြီး သုံးနှစ်တာကာလအတွင်း တစ်ဟုန်ထိုးတိုးတက်လာခဲ့သည်ကို တွေ့နေရပါသည်။ သမဝါယမစနစ်မှန်ဖြင့် လျှောက်လှမ်းနေသည့် Green Gold အသင်းစတင်ဖွဲ့စည်းစဉ်က ကော်ဖီစိုက် တောင်သူအသင်းသား ၅၇၃ ဦး ပါဝင်ခဲ့ရာမှ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းရောက်ချိန်တွင် ၁၂၄၅ ဦးအထိ တိုးပွားလာသည်က အသင်းအပေါ် ယုံကြည်မှုအပြည့်ရှိနေသည်ဟု သက်သေထူနေသည် မဟုတ်ပါလော။

**Green Gold အသင်း**

အစုတစ်စုလျှင် ၅၀၀၀ နှုန်းဖြင့် အစုအရေအတွက် ၅၈၂၀ ပိုင်ဆိုင်ထားကြပြီး မတည်ရင်းနှီးငွေကျပ် ၂၉၁ သိန်းဖြင့် အသင်း၏လုပ်ငန်းများကို ရှင်သန်ရပ်တည်နေပါသည်။ ဟိုပုံးမြို့နယ်မှ ကျေးရွာ ၁၈ ရွာ၊ လွိုင်လင်မြို့နယ်မှ ၃၉ ရွာ၊ ရွာငံမြို့နယ်မှ ငါးရွာ စုစုပေါင်း ကျေးရွာ ၆၂ ရွာမှ ကော်ဖီစိုက် တောင်သူအသင်းသား ၁၂၄၅ ဦးတို့က ကော်ဖီစိုက်ဧက ၂၃၅၀ (၉၅၁ ဟက်တာ) ပေါ်တွင် ကော်ဖီပင် ၄၃၂၂၇၀၂ ပင်ကို စိုက်ပျိုးထားသည့် Green Gold အသင်း၏ ရိုးရှင်းတက်ကြွစွာ လှုပ်ရှားမှုက မြို့နယ်ခြား၊ ကျေးရွာမတူပေမယ့် သမဝါယမအရိပ်အာဝါသအောက်မှာ ခိုလှုံ၍ စိတ်ဆန္ဒတူသူများဖြင့် ခိုင်မာစွာ ဖွဲ့စည်းရပ်တည်လျက်ရှိနေသည်ကို စံပြု၍ နိုင်ငံတစ်ဝန်း Green Gold ပမာ သမဝါယမအသင်းများ ဖွဲ့စည်းထူထောင်ကြမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်လာမည်မှာ အမှန်ပါ။

၂၀၁၄-၂၀၁၅ ခုနှစ်များက စိုက်ပျိုးခဲ့သည့် ကော်ဖီပင်များမှ ယခုဆိုလျှင် ကော်ဖီစေ့များ လှိုင်လှိုင်ရရှိနေပြီဟု သိရပါသည်။ ကော်ဖီအရည်အသွေးကလည်းကောင်း၊ အော်ဂဲနစ်လက်မှတ်လည်း ရရှိထားပြီးဖြစ်၍ အသင်းကထွက်ရှိသည့် ကော်ဖီအမှတ်တံဆိပ်ကိုမူ Green Gold Coffee ဟု မှတ်ကျောက်တင်နိုင်ရန် Quality Control and Social Welfare Certificate ရရှိအောင် အသင်းနှင့် အသင်းသားတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကို ကြားသိရ၍ သမဝါယမလောကသားတစ်ယောက်ဖြစ်သည့် မိမိအနေဖြင့် ဂုဏ်ယူနေမိပါသည်။ ပြည်သူအကျိုးပြု၊ နိုင်ငံအကျိုးပြု ထာဝစဉ်လုပ်ဆောင်ပေးနေသည့် သမဝါယမအသင်းများနှင့် ဦးစီးဌာနတို့မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်နေမိပါသည်။

**ငါးနှစ်ဆက်တိုက်ဝယ်ယူမည်**

၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ Parchment Coffee ၅၄ တန်ခန့် ထွက်ရှိနိုင်သည်ဟု ကော်ဖီပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ ဥရောပနိုင်ငံများမှ Green Gold Coffee ဝယ်ယူလိုကြောင်း ကမ်းလှမ်းမှုတွေက တစ်နေ့တခြား ဒီရေအလား တိုးပွားလာနေသည်ဟု သိရပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့မှာတော့ Green Gold သမဝါယမအသင်းမှ ထွက်ရှိသမျှ ကော်ဖီအားလုံးကို ပြင်သစ်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သည့် Malongo Company မှ ငါးနှစ်ဆက်တိုက် ဝယ်ယူမည့် အာမခံကတိစာချုပ်ကို ဆိုင်ရာသမဝါယမအသင်းနှင့် ကုမ္ပဏီတို့ နှစ်ဖက်သဘောတူညီ လက်မှတ်ရေးထိုးနိုင်ခဲ့ကြတဲ့အတွက် နေပြည်တော်တစ်ခွင် လက်ခုပ်သံတွေ တသောသော ညံခဲ့ပါသည်။

စာချုပ်အရ အခွံချွတ်ထားသော ကော်ဖီများကို ၂၀၁၇-၂၀၁၈ တွင် ၃၈ တန်၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၁၄၁ တန်၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၃၀၉ တန်၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၄၄၂ တန်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၅၅၃ တန် တို့ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၇၈၅ နှုန်းဖြင့် Green Gold အသင်းမှ ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချသွားနိုင်တော့မှာ ဖြစ်သည့်အတွက် ဈေးကွက်ခိုင်မာပြီး ကော်ဖီစိုက်တောင်သူ သမဝါယမအသင်းသားများအဖို့ ပျော်မဆုံး၊ မော်မဆုံးရှိနေကြမည် ဖြစ်ပါသည်။ Green Gold သမဝါယမအသင်းမှ ဖူးပွင့်လာသည့် အောင်မြင်မှု အသီးအပွင့်များကို မောရှမ်းမြေမှ ကျေးလက်နေပြည်သူများ လက်တွေ့ကျကျ ခူးယူစားသုံး နေကြမည်မှာ နောင်နှစ်ပေါင်းများစွာတိုင် တည်ရှိနေပေဦးတော့မည်။ အချုပ်ဆိုရသော် နိုင်ငံတော်၏ မူးယစ်ဆေးတိုက်ဖျက်ရေးကို Green Gold သမဝါယမအသင်းက အစားထိုး တွန်းလှန်နိုင်ခဲ့သလို နယ်မြေခံ ပြည်သူအကျိုး စီးပွားတိုးဖို့ ဆောင်ကြဉ်းပေးနိုင်သကဲ့သို့ မြန်မာ့ကော်ဖီ ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှလှ ဈေးကွက်ရ၍ ပို့ကုန်ဝင်ငွေတိုးကာ ပြည့်ဘဏ္ဍာဖြိုးမောက်လာတော့မည်ကို တွေ့ရှိနေရသည့်အတွက် မောရှမ်းမြေမှ ကျေးလက်နေပြည်သူတို့ ပျော်နေမည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။ ။

"အချုပ်ဆိုရသော် နိုင်ငံတော်၏ မူးယစ်ဆေးတိုက်ဖျက်ရေးကို Green Gold သမဝါယမအသင်းက အစားထိုး တွန်းလှန်နိုင်ခဲ့သလို နယ်မြေခံ ပြည်သူအကျိုး စီးပွားတိုးဖို့ ဆောင်ကြဉ်းပေးနိုင်သကဲ့သို့ မြန်မာ့ကော်ဖီ ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှလှ ဈေးကွက်ရ၍ ပို့ကုန် ဝင်ငွေတိုးကာ ပြည့်ဘဏ္ဍာဖြိုးမောက်လာတော့မည်ကို တွေ့ရှိနေရသည့်အတွက် မောရှမ်းမြေမှ ကျေးလက်နေပြည်သူတို့ ပျော်နေမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်"

# မကွေးမြို့ပေါ်တွင် တစ်ရက်လျှင် အမှိုက် ၆၀ ရာခိုင်နှုန်းသာ သိမ်းဆည်းနိုင်ကြောင်းသိရ

**မကွေး ဇွန် ၉**

မကွေးမြို့ပေါ်တွင် တစ်ရက်လျှင် အမှိုက်သိမ်းဆည်းနိုင်မှု ၆၀ ရာခိုင်နှုန်းသာ ရှိကြောင်း မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီး ဦးစီးမှူး ဦးထင်အောင်က ဇွန် ၆ ရက်တွင် ပြောကြားသည်။

မကွေးမြို့ပေါ်တွင် တစ်ရက်အမှိုက်တန်ချိန် ၆၀ ထွက်ရှိကြောင်း၊ ယင်းအမှိုက်များကို မကွေးမြို့နယ် စည်ပင်သာယာရေးပိုင် အမှိုက်သိမ်း ယာဉ် ၁၄ စီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ထားသည့်အမှိုက်သိမ်းယာဉ်တစ်စီး စုစုပေါင်း ၁၅ စီးဖြင့် သိမ်းဆည်းသော်လည်း ထွက်ရှိသည့် အမှိုက်တန်ချိန်များသဖြင့် အမှိုက်သိမ်းဆည်းနိုင်မှု တစ်ရက် ၆၀ ရာခိုင်နှုန်းသာ ရှိကြောင်း ဦးထင်အောင်က ပြောသည်။

"အမှိုက်သိမ်းယာဉ်နဲ့ ဝန်ထမ်းလိုအပ်ချက်ကြောင့် ရာခိုင်နှုန်းအပြည့် မသိမ်းဆည်းနိုင်တာပါ၊ ဒါကြောင့် အမှိုက်အများဆုံးထွက်ရှိတဲ့ ဈေးတို့၊ စားသောက်ဆိုင်နေရာတွေကို နေ့စဉ်ပုံမှန် အမှိုက်သိမ်းယာဉ် သွားပါတယ်၊ အမှိုက်အထွက်နည်းတဲ့ ရပ်ကွက်တွေကို အလှည့်ကျပုံစံမျိုးနဲ့ အမှိုက်သိမ်းပါတယ်" ဟု ၎င်းကပြောသည်။

မကွေးမြို့ပေါ်တွင် အမှိုက်သိမ်းဆည်းသည့်ယာဉ်မှာ နောက်ထပ်ငါးစီးခန့် လိုအပ်ကြောင်း၊ ထို့ပြင် ဝန်ထမ်းလိုအပ်များချက်ရှိသဖြင့် ဘဏ္ဍာနှစ်အလိုက် အမှိုက်သိမ်းယာဉ်များ၊ ဝန်ထမ်းအင်အားများ ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ဦးထင်အောင်ကပြောသည်။

"မကွေးမြို့ပေါ်က အမှိုက်တွေကို ရာခိုင်နှုန်းအပြည့် သိမ်းဆည်းနိုင်ဖို့ နောက်ထပ်သုံးနှစ်လောက်ဆိုရင် ပြည့်မီအောင် ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

မကွေးမြို့ပေါ်မှထွက်ရှိသည့် အမှိုက်များအား မကွေးမြို့နှင့် နှစ်မိုင်ခန့်ဝေးသည့် ချောက်ထဲတွင် သွားရောက်စွန့်ပစ်ကြောင်းသိရသည်။**ဇော်ဇော်(မြို့သစ်)**

# ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်အကြောင်းနှင့်မျှ မော်တော်ယာဉ် တင်သွင်းခြင်းမရှိသည့်အပြင် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရသည့် ဖြစ်စဉ်လည်းမရှိ

**နေပြည်တော် ဇွန် ၉**

ဇွန် ၇ ရက်ထုတ် မြန်မာတိုင်းမ်် နေ့စဉ် အတွဲ(၂)၊ အမှတ်(၁၄၁)တွင် ဖော်ပြခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းလာသော မော်တော်ယာဉ်များ စည်းမျဉ်းနှင့် မကိုက်၍ ခွင့်မပြုဆိုသည့် သတင်းဖော်ပြချက်သည် မှားယွင်းနေသည့်အတွက် ဇွန် ၉ ရက်ထုတ် မြန်မာတိုင်းမ်် နေ့စဉ် အတွဲ(၂)၊ အမှတ်(၁၄၃)တွင် ပြန်ကြားရေးဝန်ကြီးဌာန ကားတင်သွင်းခြင်း မရှိသလို တင်သွင်းကားကိုဖမ်းဆီးပြီး နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရသည့် ဖြစ်စဉ်မရှိဟူသော ခေါင်းစဉ်ဖြင့် သတင်းအမှန်ပြန်လည် ရေးသားဖော်ပြခဲ့သည်ကို တွေ့ရသည်။

"သတင်းမှားယွင်းမှုနဲ့ ပတ်သက်ပြီး စီးပွား/ကူးသန်းက အမြဲတမ်းအတွင်းဝန်အပါအဝင် ဌာနဆိုင်ရာတွေကို ပြန်ကြားရေးဝန်ကြီးဌာနက မေးမြန်းထားပြီးသား ဖြစ်ပါတယ်။ မေးမြန်းထားတဲ့အခါမှာ ဖော်ပြထားတဲ့ သတင်းမျိုးမပြောခဲ့ကြောင်းနဲ့ ဖြစ်စဉ်လည်းမရှိကြောင်း ပြောပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းလာတဲ့ ကားကိုဖမ်းပြီး နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့ဖြစ်စဉ် မရှိပါဘူး။ ပြန်ကြားရေးဝန်ကြီးဌာနကနေ ကားတင်သွင်းဖို့အတွက် တင်ပြထားတာလည်း မရှိပါဘူး" ဟု ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရှင်းလင်းပြောကြားကြောင်းလည်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"မြန်မာတိုင်းမ််နေ့စဉ်အနေနဲ့လည်း ယနေ့ပဲ အမြဲတမ်းအတွင်းဝန်ဦးတိုးအောင်မြင့်ကို မေးမြန်းထားတာကို သိရပါတယ်။ သူပြောထားတဲ့အတိုင်းပါပဲ။ ပြန်ကြားရေးအနေနဲ့ ကားတင်သွင်းတာမရှိပါဘူး။ ပုဂ္ဂလိကကုမ္ပဏီတစ်ခုကနေ ကားတင်သွင်းခွင့်လိုင်စင် လျှောက်ထားတဲ့အခါမှာ သူတို့ဖော်ပြတဲ့အခါမှာ ရွှေ့လျားစာကြည့်တိုက်ကို လှူဖို့ဆိုပြီး ဖော်ပြလာပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရွှေ့လျားစာကြည့်တိုက် မဟုတ်ပါဘူး။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဆက်စပ်နေတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာန ရွှေ့လျားစာကြည့်တိုက်တွေကို လှူဒါန်းလာတဲ့အပေါ်မှာ သူတို့ခွင့်မပြုတဲ့ ကားအမျိုးအစား ဖြစ်နေတဲ့အတွက် တင်သွင်းဖို့ခွင့်မပြုခြင်းဘဲ ပြောခြင်းဖြစ်ပါတယ်။ ဒီကားတွေ နယ်စပ်မှာရောက်ပြီး ဖမ်းဆီးသိမ်းဆည်းထားတာဆိုတာလည်း မဟုတ်ပါဘူး"ဟု အမြဲတမ်းအတွင်းဝန်၏ ရှင်းလင်းချက်ကို ဖော်ပြထားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်မှုမရှိကြောင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားချက်နှင့် စပ်လျဉ်းပြီး မော်တော်ယာဉ်တင်သွင်းသည့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ပြန်ကြားရေးဝန်ကြီးဌာနသို့ လှူဒါန်းရန်အတွက် လာရောက်လျှောက်ထားခဲ့ခြင်းသာဖြစ်ပြီး လာရောက်လျှောက်ထားမှုမှာ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသဖြင့် တင်သွင်းရန် ခွင့်မပြုခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါသတင်းဖော်ပြချက်နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က "ဇွန် ၇ ရက်ထုတ် မြန်မာတိုင်းမ််နေ့စဉ် သတင်းစာမှာ သတင်းထောက် နိုင်အောင်ရေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းတဲ့ မော်တော်ယာဉ်တွေဟာ စည်းမျဉ်းနဲ့ မကိုက်ညီတဲ့အတွက် ခွင့်မပြုဘူးဆိုပြီးတော့ သတင်းစာကျောဖုံးမှာ ဖော်ပြခဲ့ပါတယ်။

"ဒီသတင်းဟာ လုံးဝမှားယွင်းနေပါတယ်။ ဒီသတင်းကိုဖတ်ပြီး လူတိုင်းက ဘယ်လိုတွေးမလဲဆိုတော့ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းတဲ့ကားတွေက စည်းမျဉ်းနဲ့မကိုက်ညီဘူး။ ဒီအတွက် နိုင်ငံပိုင်အဖြစ် သိမ်းဆည်းတယ်လို့ ထင်သွားစရာ ရှိပါတယ်။ အဲဒီသတင်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတစ်ဦးဆိုတာကိုလည်း ကိုးကားဖော်ပြထားတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန်အပါအဝင် တာဝန်ရှိသူတွေကို လှမ်းပြီးမေးမြန်းပါတယ်။

"သူတို့က ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းလာတဲ့ကားလည်း မရှိပါဘူး။ ပြီးတော့ နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခံရတဲ့ဖြစ်စဉ်လည်း မရှိဘူးလို့ ပြန်လည်အကြောင်းပြန်ပါတယ်။ ဒီလိုသိရတဲ့အတွက် ဒီသတင်းဟာ မှားယွင်းနေပါတယ်။ ဒါ့ကြောင့် အဖြစ်မှန်ကို ရေးသားပါဆိုပြီး မြန်မာတိုင်းမ််က သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ဆက်သွယ်ပြောကြားခဲ့ပါတယ်။

"ဒီသတင်းနဲ့ပတ်သက်ပြီး ဘာကြောင့် ဖြေရှင်းရသလဲဆိုတော့ နံပါတ်တစ်အချက်က သတင်းကမှားယွင်းနေတယ်။ သတင်းဆိုတာ တိကျရမယ်၊ မှန်ကန်ရမယ်ဆိုတဲ့အချက်နဲ့ မကိုက်ညီပါဘူး။ ဒီသတင်းကို ပြည်သူတွေက အမှန်လို့ ထင်လိုက်ရင် ပြန်ကြားရေးဝန်ကြီးဌာနက စည်းမျဉ်းနဲ့ မကိုက်ညီတာတွေ လုပ်နေတဲ့အတွက် အရေးယူခံရတယ်ဆိုပြီး ပြည်သူကြားမှာ အထင်လွဲမှုတွေ အများကြီးဖြစ်နိုင်တယ်။ အထင်လွဲမှုတွေ၊ အမြင်မှားမှုတွေဟာ ဘယ်လောက်အထိ ဆိုးကျိုးသက်ရောက်နိုင်သလဲဆိုတာ စာဖတ်သူရဲ့ တွေးမြင်မှုအပေါ်မှာ၊ အဖွဲ့အစည်းတွေရဲ့ တွေးမြင်မှုအပေါ်မှာမူတည်ပြီး သက်ရောက်မှုအားကြီးပါတယ်။ ဒီသတင်းဟာ သတင်းမှားဖြစ်ပါတယ်။ သတင်းမှားကို ဖော်ပြခဲ့တဲ့ သက်ဆိုင်ရာသတင်းစာက ပြန်လည်ပြီးဖြေရှင်းရေးသားဖို့ လိုပါတယ်။

"နောက်တစ်ချက်က သတင်းကိုဖော်ပြတုန်းက သတင်းစာရဲ့ကျောဖုံးမှာ ဖော်ပြထားတာဖြစ်ပါတယ်။ သိသိသာသာ ထင်ထင်ရှားရှား ဖော်ပြထားတယ်။ ဒါပေမယ့် ပြန်လည်ဖော်ပြတဲ့အခါမှာတော့ အတွင်းစာမျက်နှာမှာ ဖော်ပြထားတယ်။ သတင်းမီဒီယာကျင့်ဝတ်အရ အမှားပြင်ဆင်မှုကို သက်ဆိုင်ရာစာမျက်နှာနေရာနဲ့ အနီးစပ်ဆုံးနေရာမှာ ပြင်ဆင်ပေးရပါမယ်။ တချို့ဆိုရင် ဒီစာမျက်နှာမှာ မှားတယ်ဆိုရင် ဒီစာမျက်နှာပဲ ပြင်ဆင်ချက်ထည့်ပေးပါတယ်။ ဖော်ပြခဲ့တဲ့အတိုင်းအတာနဲ့ လိုက်လျောညီထွေဖြစ်အောင် ဖော်ပြကြပါတယ်။ ဒါလည်းတစ်ခု ပြောစရာရှိပါတယ်။

"ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အကောင်အထည်ဖော်နေပါတယ်။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်တဲ့လုပ်ငန်းတွေကို အားပေးကူညီထောက်ပံ့ပေးတယ်။ အခု စာကြည့်တိုက်တွေရဲ့ အခန်းကဏ္ဍကို တိုးမြှင့်နေတယ်။ တိုးမြှင့်တဲ့နေရာမှာ အစိုးရတစ်ခုတည်းနဲ့ မရဘူး။ စာကြည့်တိုက်နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေ၊ ဖောင်ဒေးရှင်းတွေ အားလုံးနဲ့ပူးပေါင်းရတယ်။ ရွှေ့လျားစာကြည့်တိုက်နဲ့ ပတ်သက်တာတွေကိုလည်း ဆောင်ရွက်နေတယ်။ ရွှေ့လျားစာကြည့်တိုက်တွေအတွက် သယ်ယူပို့ဆောင်မယ့် မော်တော်ယာဉ်တွေကို လှူဒါန်းကြတာရှိပါတယ်။ စေတနာရှင်အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီကနေ အသင်းအဖွဲ့တွေကို လှူကြတယ်။ ဒီလိုလှူဒါန်းကြတဲ့နေရာမှာ အဆင်ပြေချောမွေ့အောင် တင်သွင်းခွင့်လိုင်စင်နဲ့ ပတ်သက်ပြီး လိုအပ်သလို ထောက်ခံညှိနှိုင်းပေးတာကိုတော့ ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးပါတယ်။ ဒါပေမယ့် ဒီသတင်းထဲမှာ ဖော်ပြခဲ့သလို ပြန်ကြားရေးဝန်ကြီးဌာနကို လှူတဲ့ယာဉ် အဖမ်းခံရတာလည်း မဟုတ်ပါဘူး။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ဘယ်ယာဉ်မှ တင်သွင်းခဲ့တာ မရှိပါဘူး၊ တင်သွင်းဖို့ တင်ပြထားတာလည်း မရှိပါဘူး။ သတင်းတစ်ခုကို တိကျမှန်ကန်မှုမရှိဘဲနဲ့ ရေးသားခဲ့၊ ဖော်ပြခဲ့တဲ့အတွက် သတင်းစာကျင့်ဝတ်အနေနဲ့ တိကျရမယ်၊ မှန်ကန်ရမယ်ဆိုတဲ့အပေါ်မှာ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**မဟာန်နီ**

○ စာမျက်နှာ ၃ မှ

တာဝန်ခံပါကြောင်း၊ ကော်မရှင်အစည်းအဝေးက ဆုံးဖြတ်သည့် ဒုတိယအချက်မှာ စစ်ဆေးရေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ကြိုတင်စုံစမ်းတွေ့ရှိချက်အရ ဖြစ်စေ ပေါ်ပေါက်သည့်အချက်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အရေးယူရန်မသင့်ဘဲ ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟု ကော်မရှင်က တညီတညွတ်တည်း ဆုံးဖြတ်သည့်အခါတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀(ခ)တွင် ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန အကြီးအကဲထံသို့ လွှဲပြောင်းပေးပါကြောင်း။

ထိုသို့လွှဲပြောင်းပေးရာတွင် တိုင်ကြားစာကို အလေးဂရုပြုသည့်အနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်သည့် အရေးယူဆောင်ရွက်မှုပြုနိုင်ရန်အတွက် ညှိနှိုင်းမေတ္တာရပ်ခံခြင်းနှင့် ရက်ပေါင်း ၆၀ အတွင်း ဆောင်ရွက်ချက်ကို ပြန်ကြားပေးပါဆိုသည့် မေတ္တာရပ်ခံမှုမျိုးနှင့်လွှဲပြောင်းပေးခြင်း ဖြစ်ပါကြောင်း။

### ခြောက်လတာအတွင်း

တိုင်ကြားစာလုပ်ငန်းကော်မရှင်အနေဖြင့် ပြည်သူများ၏ တိုင်ကြားစာကို အလေးဂရုပြုပြီး ဆောင်ရွက်နေကြောင်းကိုလည်း တင်ပြလိုပါကြောင်း၊ ရောက်ရှိလာသည့် တိုင်ကြားစာ ၃၈၉၈ စောင်တွင် အစည်းအဝေးဆုံးဖြတ်ပြီး ဆောင်ရွက်ပြီးစီးသည့် တိုင်ကြားစာ ၃၀၄၅ စောင် ရှိပါကြောင်း၊ ခြောက်လတာအတွင်း ဆောင်ရွက်ပြီးစီးခြင်းဖြစ်ပါကြောင်း၊ ၃၀၄၅ စောင်တွင် စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခြင်း၊ ကြိုတင်စုံစမ်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအပါအဝင် အခြားဌာနများသို့ ပုဒ်မ ၃၀(ခ)နှင့် လွှဲပြောင်းပေးမှု ရာခိုင်နှုန်းအားဖြင့် ၃၂ ဒသမ ၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် အကျုံးမဝင် သက်ဆိုင်ခြင်းမရှိသဖြင့် အရေးယူဆောင်ရွက်ပေး၍ မရသည့် တိုင်ကြားစာ ၂၀၅၇ စောင် ရှိပါကြောင်း၊ ဆောင်ရွက်ပြီးစီးသည့် ၃၀၄၅ စောင်ထဲတွင် အရေးယူဆောင်ရွက်ပေးခြင်းမရှိသည့် တိုင်ကြားစာ ၂၀၅၇ စောင်ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၆၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်က ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအပေါ် လိုအပ်သည့်အရေးယူမှုများ ဆောင်ရွက်ပေးပါဟု တိုင်ကြားစာကို ၂၀၁၈ ခုနှစ် မေ ၃ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က လက်ခံရရှိခဲ့ပါကြောင်း၊ လက်ခံရရှိသည့် တိုင်ကြားစာကို တိုင်ကြားမှုစိစစ်ရေးယန္တရားနှင့်အညီ စိစစ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၇ ရက်တွင် ကျင်းပသည့် ကော်မရှင်အစည်းအဝေး အမှတ်စဉ်(၁၇/၂၀၁၈)၌ ဆွေးနွေးခဲ့ပါကြောင်း၊ ကော်မရှင်အစည်းအဝေး၌ အဆိုပါတိုင်ကြားစာကို စုံစမ်းစစ်ဆေးရန် ကော်မရှင်အဖွဲ့ဝင်များက သဘောတူညီခဲ့ကြပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ ခေါင်းဆောင်အဖြစ် မိမိကို တာဝန်ပေးခဲ့ပါကြောင်း။

စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် စုံစမ်းစစ်ဆေးမှုများကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် မေ ၇ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးရာတွင် တိုင်ကြားသတင်းပေးပို့သူ၊ တိုင်ကြားခံရသူနှင့် သက်သေများ စုစုပေါင်း ၂၂ ဦးကို စစ်ဆေးခဲ့ပါကြောင်း၊ ထိုသို့စစ်ဆေးရာတွင် အဆင့်မြင့်အရာရှိကြီးများ၊ ဝန်ထမ်းများနှင့် လုပ်ငန်းရှင်ကြီးများလည်း ပါဝင်ပါကြောင်း။

### တိုင်ကြားချက် ရှစ်ချက်ပါရှိ

တိုင်ကြားစာ၌ တိုင်ကြားချက်အရေအတွက် ရှစ်ချက်ပါရှိပါကြောင်း၊ အဆိုပါ ရှစ်ချက်အနက် သုံးချက်မှာ လူမှုရေးကိစ္စရပ်များဖြစ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ ကျန်သည့် နှစ်ချက်မှာ ကျူးလွန်မှုရှိပါက သေချာပေါက်အရေးယူနိုင်မည့်အချက်များ ဖြစ်ပါကြောင်း၊ ၎င်းတို့မှာ ငွေကြေးခဝါချမှု တိုင်တန်းချက်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏အောက်သို့ သွတ်သွင်းဖွဲ့စည်းခွင့်ပေးသည့်ကိစ္စရပ်များ ဖြစ်ပါကြောင်း။

အဆိုပါ နှစ်ချက်အနက် ပထမအချက်ဖြစ်သည့် ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာ၌ ပုဂ္ဂလိကဘဏ်တစ်ခု၏ မတည်ရင်းနှီးငွေသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းနေခြင်း ရှိ၊ မရှိ၊ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရန် ကျန်၊ မကျန် တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို အကြောင်းကြား ပေးပို့စိစစ်စေပြီး ၎င်းဝန်ကြီးဌာနများ၏ ပြန်ကြားချက်ပေါ်မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ဘဏ်လိုင်စင်ထုတ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းဘဏ်လိုင်စင် ထုတ်ပေးခြင်းသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တာဝန်မယူခင်အချိန်က ကိစ္စဖြစ်သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း။

### မှန်ကန်သည့် တိုင်တန်းချက်မဟုတ်

ဒုတိယအချက်ဖြစ်သည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြီးကြပ်မှုအောက်မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်သို့ သွတ်သွင်းဖွဲ့စည်းခွင့်ပြုခဲ့သည့် ကိစ္စမှာ ယခင်အစိုးရသက်တမ်း ကာလအတွင်း စတင်ဆောင်ရွက်ခဲ့ပြီး အစိုးရသက်တမ်းပြီးဆုံးသည်အထိ မပြီးပြတ်ခဲ့သဖြင့် ယခုအစိုးရလက်ထက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဖွဲ့၏ စိစစ်တွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်သော တိုင်တန်းချက်မှာ မှန်ကန်သည့် တိုင်တန်းချက်မဟုတ်ကြောင်း ကော်မရှင်က ယူဆခဲ့ပါကြောင်း။

တိုင်ကြားချက် ရှစ်ချက်အနက် ကျန်ရှိသည့် သုံးချက်ကို ဆက်လက်စိစစ်ရာတွင် နှစ်ချက်မှာ မမှန်ကန်သော တိုင်တန်းချက်ဖြစ်ပြီး ကျန်တစ်ချက်မှာ ဝန်ကြီးဌာနပေါင်းစုံ လျှပ်တစ်ပြက် ဂေါက်ရိုက်ပြိုင်ပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအမည်ခံ၍ လုပ်ငန်းရှင်တစ်ဦးက စီစဉ်ပေးခဲ့သည့်ကိစ္စ ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းရှင်က ဂေါက်ရိုက်ပြိုင်ပွဲကျင်းပပေးသည်ကို ဝန်ကြီးဌာနအနေဖြင့် လက်ခံခဲ့ပါကြောင်း၊ ထိုသို့ ဂေါက်ရိုက်ပြိုင်ပွဲကျင်းပပေးသည့်အတွက် လုပ်ငန်းရှင်မှ အခွင့်အရေး တစ်စုံတစ်ရာ ပေးခဲ့ခြင်း၊ ရယူခဲ့ခြင်း မပေါ်ပေါက်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးမဝင်သည့်အတွက် ခိုင်လုံသော အထောက်အထားမရှိဟု ကော်မရှင်က ဆုံးဖြတ်ခဲ့ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးတွေ့ရှိချက်များကို မေ ၂၄ ရက်တွင် ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏(၂၁/၂၀၁၈) အစည်းအဝေးတွင် တင်ပြခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် ၁၂ ဦးက တိုင်ကြားချက်များသည် ခိုင်လုံမှုမရှိသော တိုင်ကြားချက်များ ဖြစ်သည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ပါကြောင်း ပြောကြားသည်။

### နက်ရှိုင်းစွာပျံ့နှံ့နေ

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် စပ်လျဉ်း၍ ကော်မရှင်သို့ တိုင်ကြားခဲ့မှု၊ အဂတိလိုက်စားမှု ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်မည့်အခြေအနေ၊ စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာပျံ့နှံ့နေသော အဂတိလိုက်စားမှုကို တိုက်ဖျက်သွားမည့် အစီအစဉ်နှင့် တံစိုးလက်ဆောင်လက်ခံခြင်း ကိစ္စရပ်များကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းသည့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်အထိ တိုင်ကြားစာပေါင်း ၄၄၇၁ စောင် လက်ခံရရှိခဲ့သည်။ ကော်မရှင်အသစ် ထပ်မံဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၀၁၈ ခုနှစ် မေလအထိ တိုင်ကြားစာပေါင်း ၃၈၉၈ စောင် လက်ခံရရှိခဲ့ပြီး တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်ပြီးစီးမှုမှာ ၃၀၄၅ စောင်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ❍ ထိုင်းနိုင်ငံမှ

၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်မတိုင်မီ အပြီးဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ထားပြီး ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတည်ရှိရာ Mitr-maitri Road, Din-Daeng Bangkok တွင်လည်းကောင်း၊ စမုဆခွန်ခရိုင် ထလေထိုင်းငါးဈေးအနီးတွင်လည်းကောင်း Mobile Unit ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနတွင် အလုပ်သမားများ အစဉ်ပြေချောမွေ့စေရေးအတွက် အလုပ်လုပ်ကိုင်ခွင့်ဗီဇာ တစ်ပါတည်းထုတ်ယူနိုင်စေရန် OSS စခန်းကို ပူးတွဲဖွင့်လှစ်ထားရှိကြောင်း ၊ CI ထုတ်ယူခြင်းလုပ်ငန်းစဉ်အတွက် ထိုင်းနိုင်ငံအတွင်း Mobile Unit (2) Units ဖြင့် တစ်ရက်လျှင် အလုပ်သမား ၁၀၀၀ ခန့်ထုတ်ယူနိုင်ရေးအတွက် ဆောင်ရွက်ထားရှိပေးထားရာ အလုပ်သမားများအနေဖြင့် နီးစပ်ရာ Seven Eleven စတိုးဆိုင်များတွင် ဘတ်ငွေ ၃၁၀ ပေးသွင်း၍ CI စာအုပ်အား နေ့ချင်းပြီးထုတ်ယူနိုင်ကြောင်း၊ အလုပ်သမားများအနေဖြင့် CI စာအုပ်ထုတ်ယူခြင်းနှင့် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်များအတွက် သိရှိလိုသည်များနှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက အလုပ်သမားသံအရာရှိရုံးဖုန်းများနှင့် သက်ဆိုင်ရာ Mobile Team တာဝန်ခံများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း၊ CI စာအုပ်များကို သတ်မှတ်ရက်အတွင်း အပြီးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံမှ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်အတွက် ဖြေလျှော့ပေးထားသည့်အချိန်ကာလသည် ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်အထိသာဖြစ်သဖြင့် အကြောင်းအမျိုးမျိုးကြောင့် အထောက်အထားလက်ဝယ်မရှိသူများ၊ အထောက်အထားပြုလုပ်ထားသော်လည်း သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအရ Semi Process ဖြင့် ရပ်တန့်နေရသူများ၊ အထောက်အထားမရှိဘဲ နယ်စပ်ကိုဖြတ်ကျော်ဝင်ရောက်လာသူများအားလုံးသည် လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံသို့ အေးချမ်းစွာပြန်နိုင်ကြပြီး အလုပ်ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် MoU U -Turn Process အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ယခုရက်ပိုင်းအတွင်း ထုတ်ပြန်အသိပေးနှိုးဆော်တိုက်တွန်းထားကြောင်း ထိုင်းနိုင်ငံမှလာသည့်သတင်းများအရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

# သားပိုက်ကောင် ရုပ်ရှင်ဇာတ်ကား လာရောက်ကြည့်ရှုအားပေးကြသူများဖြင့် စည်ကား

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံတွင် ထုတ်လုပ်ဖြန့်ချိရိုက်ကူးနေသော ရုပ်ရှင်ဇာတ်ကားများမှာ ယခုအခါ ပိုမိုအရည်အသွေးမြင့်တိုးတက်လာပြီဖြစ်၍ အများပြည်သူရုံးပိတ်ရက်များအတွင်း မြန်မာရုပ်ရှင်ဇာတ်ကားများအား လာရောက်ကြည့်ရှုအားပေးကြသူများဖြင့် များပြားစည်ကားလျက်ရှိကြောင်း သိရသည်။

အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထုတ်လုပ်သော ယနေ့ပြသလျက်ရှိသည့် "သားပိုက်ကောင်" ရုပ်ရှင်ဇာတ်ကားကြီးမှာလည်း အများပြည်သူကြိုက်နှစ်သက်သည့် ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားဖြစ်ပြီး ဇာတ်လမ်းအကျဉ်းမှာ ကျေးလက်တွင်နေထိုင်သော ဒေါ်ရင်နှစ်သည် မိဘများမရှိတော့ဘဲ တစ်ဦးတည်းကျန်ရစ်ခဲ့သည့် မြေးလေး ဖိုးလမင်းကို လွန်စွာအချစ်ပိုခဲ့ပြီး အရိပ်တကြည့်ကြည့်ဖြင့် ပြုစုစောင့်ရှောက်ခဲ့ရာ ရပ်ကွက်အတွင်း ၎င်းတို့နှစ်ဦးအား သားပိုက်ကောင်သားအမိဟု သတ်မှတ်သည်အထိ ဖြစ်လာခဲ့သည်။ မြေးဖြစ်သူ ဖိုးလမင်းမှာ အဘွားဖြစ်သူ၏ ပြုစုစောင့်ရှောက်မှုကြောင့် ဘွဲ့ရလာပြီး ရန်ကုန်မြို့၌ အလုပ်လုပ်ကိုင်ခဲ့ကာ ၎င်းအဆင်ပြေချိန်တွင် အဘွားဖြစ်သူကို ရန်ကုန်မြို့သို့ ခေါ်ယူ၍အတူနေထိုင်ပြီး တစ်လှည့်ပြန်လည် စောင့်ရှောက်ကြည့်ရှုခဲ့သည်။ အဘွားဖြစ်သူ ဒေါ်ရင်နှစ်မှာ သူတစ်ပါးအပေါ် စေတနာထားကူညီတတ်သော်လည်း မြို့ပြနေထိုင်မှုစနစ်နှင့် ၎င်းမှာ အံဝင်ခွင်မကျဖြစ်ပြီး လွဲချော်မှုများ ဖြစ်ပေါ်လာခဲ့ကာ ထိုမှတစ်ဆင့် အဘွားနှင့်မြေးတို့၏ သံယောဇဉ်များ ထိခိုက်မှုဖြစ်လာသည်ကို ဟာသနှင့်မေတ္တာ ပေါင်းစပ်ရိုက်ကူးထားခြင်းဖြစ်ပြီး အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသော ရုပ်ရှင်ဇာတ်ကားကောင်းဖြစ်သည်။



ယနေ့မွန်းလွဲ ၁၂ နာရီခွဲ ပွဲစဉ်ကိုရွှေ့ဆောင်ရုပ်ရှင်ရုံ၌ လာရောက်ကြည့်ရှုအားပေးသော အင်းစိန်မြို့နယ်မှ လာရောက်ကြည့်ရှုအားပေးသည့် ရုပ်ရှင်ကြည့်ပရိသတ် ဒေါ်အေးမင်းမင်းထွန်းက ဒီ "သားပိုက်ကောင်" ရုပ်ရှင်ဇာတ်ကားရဲ့ အနုပညာရှင်တွေ သရုပ်ဆောင်ထားတဲ့ ဟာသကြော်ငြာကို တခြားရုပ်ရှင်ဇာတ်ကားကြည့်ရင်း ကြည့်လိုက်ရလို့သဘောကျနှစ်သက်ပြီး လာကြည့်တာပါ၊ ဒီရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ အနုပညာရှင်တွေကို ကြိုက်နှစ်သက်လို့ လာရောက်ကြည့်ရှုအားပေးခြင်းလည်း ဖြစ်ပါတယ်၊ ကျွန်မရဲ့ ကလေးကလည်း မူကြိုကျောင်းပိတ်ရက်ဆိုတော့ ကျွန်မအမျိုးသားနဲ့အတူ မိသားစုဝင်များလာကြည့်တာပါ၊ ရုပ်ရှင်လက်မှတ်ကို မွန်းတည့် ၁၂ နာရီမှ ဝယ်ယူတာပါ၊ လက်မှတ်ဝယ်ယူရတာလည်း အဆင်ပြေပါတယ်၊ ခုဆို မြန်မာရုပ်ရှင်ဇာတ်ကားတွေက အနုပညာရှင်တွေ သရုပ်ဆောင်တာ ပိုမိုတိုးတက်ကောင်းမွန်လာပြီး ဇာတ်လမ်း၊ ဇာတ်ရည်ကလည်း အံ့ဝင်ခွင်ကျပိုမိုကောင်းမွန်လာတော့ အလုပ်ပိတ်၊ ရုံးပိတ်ရက်တွေမှာ ပြည်သူတွေက တစ်နေ့တာလာရောက်အပန်းဖြေကြည့်ရှုကြပါတယ်၊ ကျွန်မတို့မိသားစုလည်း မြန်မာရုပ်ရှင်ဇာတ်ကားကို အလုပ်ပိတ်၊ ကျောင်းပိတ်ရက်တွေမှာတော့ တစ်လကိုတစ်ကြိမ်လောက် ကြည့်ဖြစ်ပါတယ်"ဟု ဆိုသည်။

အဆိုပါ "သားပိုက်ကောင်" ရုပ်ရှင်ဇာတ်ကားကို ဇွန် ၈ ရက်မှ စတင်၍ ရန်ကုန်မြို့အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ရုပ်ရှင်ရုံများ၌ တစ်ပြိုင်တည်း ပြသလျက်ရှိပြီး ယနေ့ပြသလျက်ရှိနေသော ရွှေ့ဆောင်ရုပ်ရှင်ရုံ၌ မွန်းလွဲ ၁၂ နာရီခွဲ ပွဲစဉ်အချိန်တွင် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော အကယ်ဒမီ ထွန်းထွန်း၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ရွှေသမီးနှင့် ကြည်ဖြူရှင်းသန့်တို့က လာရောက်ကြည့်ရှုကြသည့် အနုပညာရှင်ပရိသတ်များအား အမှတ်တရလက်မှတ်ရေးထိုးပေးခဲ့ကာ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် လာရောက်ကြည့်ရှုကြသော အနုပညာရှင်ပရိသတ်မှာ ရုံပြည့်ရုံလျှံဖြစ်သည်အထိ ရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် နဝဒေးရုပ်ရှင်ရုံ၌ ဇွန် ၁၀ ရက် ညနေ ၃ နာရီတွင် လည်းကောင်း၊ မုံရွာ (မြစန္ဒာ)ရုပ်ရှင်ရုံ၌ ဇွန် ၁၂ ရက်မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ မြို့မ(မန္တလေး)ရုပ်ရှင်ရုံ၌ ဇွန် ၁၂ ရက် ညနေ ၆ နာရီတွင် လည်းကောင်း "သားပိုက်ကောင်" ရုပ်ရှင်ဇာတ်ကားကြီးတွင် ပါဝင်သရုပ်ဆောင်ထားကြသော အနုပညာရှင်များက လာရောက်ကြည့်ရှုကြသည့် အနုပညာရှင်ပရိသတ်များအတွက် အမှတ်တရလက်မှတ်ရေးထိုးပေးခြင်းနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ပွင့်သစ္စာ**

### ❍ ခရီးသွားလုပ်ငန်းမှ

အများကြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ အထောက်အပံ့ပေးနိုင်ပါတယ်။ အလုပ်အကိုင်ရရှိရေးနဲ့ နိုင်ငံခြားဝင်ငွေရရှိမှုကလည်း ခရီးသွားလုပ်ငန်းတိုးချဲ့ရင် တိုးချဲ့သလောက်ထိရောက်စွာ ခရီးရောက်နိုင်တယ်ဆိုတာ အားလုံးကလက်ခံထားတယ်။ ဒီအတွက် အဖြေကောင်းတွေကို ရှာဖို့ ရည်ရွယ်ချက်နဲ့ ခရီးသွားညီလာခံကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက ပြောသည်။

"မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကွန်ဖရင့် ၂၀၁၈" "Myanmar Tourism Conference 2018" ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဇွန် ၁၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(UMTA)က Private Sector အနေနဲ့ ဦးဆောင်နေတဲ့ အသင်းတစ်သင်းပဲဖြစ်ပါတယ်။ ညီနောင်အသင်း ၁၁ သင်းနဲ့ ခရီးသွားအဖွဲ့ချုပ်လည်း ရှိပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကတော့ အဓိက focal ဝန်ကြီးဌာနအနေနဲ့ ဟိုတယ်ခရီးရဲ့ဦးဆောင်မှုနဲ့ နှစ်ပေါင်း ၂၀ ကျော် ၂၅ နှစ်ထဲ ရောက်လာပါပြီ၊ Conference ဆိုတာကလည်း စာတမ်းဖတ်ပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကတော့ အများကြီးလုပ်ခဲ့တာပဲရှိပါတယ်၊ အခု အားလုံးပါဝင်နိုင်တဲ့ All Inclusive Tourism Conference ကို လုပ်မှာဖြစ်ပါတယ်"ဟု ဦးသက်လွင်တိုးက ပြောသည်။

အဆိုပါကွန်ဖရင့်ကို ခရီးသွားလုပ်ငန်းကဏ္ဍအား နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် ထည့်သွင်းပါဝင်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရှင်များ ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းကဏ္ဍအရေးပါမှု ပေါ်လွင်စေရန်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုံရိပ်မြင့်တင်နိုင်ရန်၊ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုအားလုံး၏ အခွင့်အလမ်းများကို တိုင်းရင်းသားပြည်သူများအားလုံး မျှတစွာ ရရှိခံစားစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ယနေ့စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ရုံးခွဲများဖွင့်လှစ်ပြီး ခရီးစဉ်ဒေသများ တိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးဆောင်ရွက်ရန် ပြည်နယ်အစိုးရများ၊ တိုင်းဒေသကြီးအစိုးရများ၏ အားပေးကူညီပံ့ပိုးမှု၊ ဆက်စပ်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ကျေးလက်နေဒေသခံများ ခရီးသွားဝင်ငွေရရှိစေရန် CBT(ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း)များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများနှင့်လည်း စုစုစည်းစည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံကောင်းများရရှိထားပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံသို့ နှစ်အလိုက် ပြည်ပခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄ သန်းကျော် ရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလအထိ ပြည်ပခရီးသည်ဝင်ရောက်မှု ၁ ဒသမ ၂ သန်းကျော်ရှိခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း- မင်းသစ်(MNA)၊ သန့်ဇင်မင်း၊ ဓာတ်ပုံ-နေလင်း**

## လက်ပံတန်းမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၈၀ ကျော် ပျက်စီး

**လက်ပံတန်း ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ဇွန် ၉ ရက် နံနက် ၁၁ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၈၀ ကျော် အမိုးလန်ပြိုလဲပျက်စီး၍ လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လက်ပံတန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု၊ ရေကန်ကျေးရွာ အုပ်စု၊ ပေါက်တောစုကျေးရွာအုပ်စုတို့တွင် နေအိမ် ၇၂ လုံး အမိုးလန်ပျက်စီး၍ ၁၂ လုံး ပြိုလဲပျက်စီးကာ ပေါက်တောစုကျေးရွာအုပ်စု မကျီးတောကျေးရွာတွင် ဦးအောင်မြင့်နိုင်၊ ဒေါ်အေးသိန်းနှင့် သာယာကုန်းကျေးရွာတွင် မစုလှိုင်နှင်းတို့ နေအိမ်ပိ၍ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ လေဘေးသင့်ပြည်သူများအား နီးစပ်ရာဆွေမျိုးများနေအိမ်၌ နေရာချထားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း (အပိုင်း - ၂)

*မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးသဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့အပြင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ ၁၉၉၃ ခုနှစ် သဘောတူညီချက်တွင် သဘောတူညီခဲ့သည့်အတိုင်း နေရပ်စွန့်ခွာသူများ ပြန်လည်ရောက်ရှိလာလျှင် အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါက အရေးယူခြင်းပြုမည်မဟုတ်ကြောင်း နှစ်နိုင်ငံသဘောတူညီခဲ့ကြပါသည်။*

ယခုအခါ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသော နေရပ်စွန့်ခွာသူအချို့မှာ အကြမ်းဖက်မှုတွင် ပါဝင်ခဲ့ခြင်းရှိ၊ မရှိ စိစစ်မှုခံယူပြီးနောက် မောင်တောမြို့နယ်ရှိ မိမိတို့နေရပ်အသီးသီးတွင် ပြန်လည်ရောက်ရှိနေထိုင်နေကြပြီဖြစ်ရာ ၎င်းတို့အား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းထားပါသည်။

**မာမတ်အီနူစ်**
**နေရပ်**
**ယခင် - ငါးခူရတောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**



ကျွန်တော်က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သွားတယ်ဆိုပြီးတော့ တရားစွဲဆိုခံခဲ့ရပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို အရင်က နှစ်ခါ၊ သုံးခါလောက် သွားဖူးပါတယ်။ အဲဒီလိုပဲ သွားပြီးတော့ ပြန်လာခဲ့တယ်။ မိသားစုလိုက်သွားတာတော့ မဟုတ်ပါဘူး။ မိသားစုကတော့ ငါးခူရမှာပဲ ရှိပါတယ်။

အခု ကျွန်တော့်မှာလည်း NVC ကတ်ရပြီးပါပြီ။ ကျွန်တော့်မိသားစုမှာလည်း NVC ကတ်တွေရထားပြီးပါပြီ။ မောင်တောမြို့ဘက်ကိုသွားတဲ့အခါမှာ NVC ကတ်ရှိဖို့ လိုတယ်ဆိုတာကြောင့် ကျွန်တော်ယူထားတာပါ။ အခု အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ဖို့ ဘာလုပ်ငန်းမှ မရှိသေးပါဘူး။ အရင်ကတော့ မောင်တောမြို့က ပစ္စည်းတွေကိုယူလာပြီး ဒီမှာပြန်ရောင်းတာမျိုး လုပ်ပါတယ်။ ကျွန်တော် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွတ်လာတဲ့အချိန်မှာ နိုင်ငံတော်အစိုးရက ဒန်အိုး၊ ဒန်ခွက်နဲ့ စောင်တွေ၊ ခြင်ထောင်တွေပေးပါတယ်။ မိသားစုအတွက် ရိက္ခာတွေကိုလည်း ပေးပါတယ်။

**အဒူဆော်လိမ်**
**နေရပ်**
**ယခင် - ငါးခူရကျေးရွာအုပ်စု တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**



NVC ကတ်ကတော့ ကျွန်တော်တစ်ယောက်တည်းပဲ ရသေးတာပါ။ ကျွန်တော့်မိသားစုကတော့ မရသေးပါဘူး။ NVC ကတ်ရပြီဆိုပေမယ့် ပုစွန်ကန်ဘက်သွားဖို့နဲ့ ချောင်းထဲမှာ ငါးရှာ၊ ဖားရှာလုပ်ငန်းတွေကို လုပ်ခွင့်မရသေးတဲ့အတွက်တော့ စားဝတ်နေရေး အခက်အခဲရှိပါတယ်။

**နူရ်ဟူဆလင်**
**နေရပ်**
**ယခင် - ငါးခူရအုပ်စု၊ တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**



ဘင်္ဂလားဒေ့ရှ်ဘက်က ဆွေမျိုးသားချင်းတွေကိုတော့ ဖြစ်နိုင်ရင် မြန်မာနိုင်ငံကို ပြန်လာဖို့ အခုချက်ချင်း ခေါ်ချင်ပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံမှာနေတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလည်း လိုက်နာပါတယ်။ ဟိုဘက်က မိသားစုတွေ ပြန်လာရင်လည်း မြန်မာနိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာနိုင်ဖို့ ရှင်းပြပါမယ်။

မြန်မာနိုင်ငံမှာနေတာကတော့ ပိုပြီးတော့ကောင်းပါတယ်။ အခု ကျွန်တော်လည်း NVC ကတ်ရတယ်။ ကျွန်တော့်မိန်းမမှာလည်း NVC ကတ်ရထားပါပြီ။ NVC ကတ်နဲ့ပတ်သက်ပြီးတော့ သေချာတော့မသိပါဘူး။ ဘင်္ဂလားဒေ့ရှ်ဘက်မှာရောက်နေတဲ့သူတွေကို ပြန်လာလို့ရတယ်ဆိုတာမျိုး ဟိုဘက်က ပြောတယ်ဆိုတာတော့ မကြားမိသေးပါဘူး။

အလုပ်အကိုင်အနေနဲ့ကတော့ အရင်တုန်းက ကျားပိုက်နဲ့ ငါးဖမ်းပါတယ်။ အခုက အဲဒီလို ငါးဖမ်းလုပ်ငန်းတွေမလုပ်ရတော့ ဝင်ငွေမရှိတော့ စားဖို့သောက်ဖို့ အခက်အခဲတော့ ရှိပါတယ်။

**အီဒီရိစ်**
**နေရပ်**
**ယခင် - ငါးခူရကျေးရွာအုပ်စု တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**



ကျွန်တော့် ညီအစ်ကိုမောင်နှမတွေကတော့ ဘင်္ဂလားဒေ့ရှ်မှာ ရှိပါတယ်။ NVC ကတ်ကိုင်ရင် ဘာတွေလုပ်လို့ ရမယ်ဆိုတာလည်းမသိပါဘူး။ နိုင်ငံတစ်နိုင်ငံမှာနေရင် အသိအမှတ်ပြုကတ်တစ်ခု ကိုင်ဆောင်ထားရမယ်ဆိုတာ သိပါတယ်။ NVC ကတ်ကို ကျွန်တော်ရော၊ ကျွန်တော့်မိန်းမပါ ကိုင်ဆောင်ထားပါတယ်။

**ဒိလ်ဒါမာမောက်**
**နေရပ်**
**ယခင် - ငါးခူရတောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**



ကျွန်တော့်မိသားစုက ဖြစ်စဉ်ဖြစ်ပွားနေတဲ့ အချိန်မှာတုန်းကတော့ ဒီမှာရှိနေကြပြီး ကျွန်တော် ထောင်ကျပြီးတဲ့နောက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်ဘက်ကို ထွက်ပြေးသွားကြပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ ဘင်္ဂလားဒေ့ရှ်ဘက်က ကျွန်တော့်မိသားစုကို ပြန်ခေါ်ချင်ပါတယ်။

**ဟာမိတ်တူဆောင်း**
**နေရပ်**
**ယခင် - ငါးခူရတောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**



ဘင်္ဂလားဒေ့ရှ်ဘက်ကိုတော့ ကျွန်တော့်သားအကြီးတစ်ဦး အပါအဝင် မိသားစုဝင် လေးယောက် ထွက်ပြေးသွားကြပါတယ်။ သူတို့တွေက အကြမ်းဖက်မှုဖြစ်စဉ်တွေ ဖြစ်နေချိန်မှာ ထွက်ပြေးကြတဲ့သူတွေနဲ့ အတူပါသွားကြတာပါ။ သူတို့ကိုတော့ ပြန်လာစေချင်ပါတယ်။

NVC ကတ်နဲ့ပတ်သက်ပြီးတော့ အခုထိဘာမှမသိရသေးပါဘူး။ နောက်မှ သိရမယ်လို့ ယူဆပါတယ်။ NVC ကတ်ကိုတော့ ကိုယ့်သဘောနဲ့ကိုယ်ကိုင်တာပါ။ ဘာသာရေးအရ၊ လူမျိုးရေးအရ ဘာမှ အနှောင့်အယှက်ပေးတာတော့ မရှိပါဘူး။ တခြားသူတွေ ကိုင်ဖို့တော့ အသိပေးတာမျိုးမရှိပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာနေတာ ပိုကောင်းတယ်လို့ ထင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားတဲ့သူတွေကိုလည်း ပြန်ခေါ်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဘက်ကလူတွေ တော်တော်များများ အခက်အခဲတွေ ကြုံတွေ့နေရတယ်လို့ ပြောပါတယ်။

**နူအာလာမ်**
**နေရပ်**
**ယခင် - ငါးခူရကျေးရွာအုပ်စု တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**



NVC ကတ်ကို ကျွန်တော်လည်းကိုင်ထားသလို ကျွန်တော့်မိန်းမလည်း ကိုင်ထားပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာနိုင်ငံကို ပြန်လာဖို့ တိုက်တွန်းတာတွေလည်း မကြားရသေးပါဘူး။

တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့

**အာဘွာလ်ဟူဆောင်း**
**နေရပ်**
**ယခင် - ဒိုးတန်းကျေးရွာအုပ်စု စဉ်တောင်ကျေးရွာ**
**ယခု - ငါးခူရဆွေမျိုးအိမ်**



ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ မြန်မာနိုင်ငံဘက်ကို ကူးလာချိန်မှာ အဖမ်းခံရတာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်ကိုတော့ ၂၀၁၆ ခုနှစ် ဖြစ်စဉ်အပြီးမှာ သွားခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်ကယ်ဆယ်ရေးစခန်းမှာတော့ မြန်မာနိုင်ငံကိုပြန်ဖို့ တိုက်တွန်းတာတွေ ကြော်ငြာကပ်ထားတာတွေ မတွေ့ခဲ့ပါဘူး။ ဒီမှာနေရတာတော့ အဆင်ပြေပါတယ်။

NVC ကတ်ကိုင်ထားတာတော့ ကျွန်တော်တစ်ယောက်တည်းပါ။ မိသားစုတွေကတော့ ဘင်္ဂလားဒေ့ရှ်ဘက်မှာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်က မိသားစုတွေကို ခေါ်ချင်ပါတယ်။

ဘင်္ဂလားဒေ့ရှ်မှာ နေရာတာထက် ငါးခူရမှာနေရတာ ပိုအဆင်ပြေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကယ်ဆယ်ရေးခစန်းတွေမှာတော့ ဘာမှ အထောက်အထားမပေးရပါဘူး။ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်လို့ ရပါတယ်။ နေခဲ့တဲ့ ကယ်ဆယ်ရေးစခန်းကတော့ ဘာလူပာလီကယ်ဆယ်ရေးစခန်းပါ။

**ဆူနာဘီဘီ**
**နေရပ်**
**ယခင် - ကြက်ရိုးပြင်ကျေးရွာအုပ်စု ကြက်ရိုးပြင်ရွာမ**
**ယခု - ကြက်ရိုးပြင်ကျေးရွာ**



ကြက်ရိုးပြင် ကျေးရွာကနေ ဦးရှည့်ကျသွားတာ ဦးရှည့်ကျမှာ ဖမ်းထားတာပါ။ မိသားစုတွေလည်း ရွာမှာနေပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကို ပါသွားတဲ့ သားသမီးတွေ ရှိပါတယ်။ သားသမီးတွေကိုလည်း ဒီဘက်ကို ပြန်လာဖို့ဆန္ဒရှိပါတယ်။ NVC ကတ်ကတော့ မိသားစုမှာ တစ်ယောက်ပဲ လုပ်ထားရပါသေးတယ်။ ဒီမှာ NVC ကတ်လုပ်ထားတာနဲ့ ပတ်သက်ပြီး အခက်အခဲမရှိပါဘူး။ အဲဒီလိုလုပ်ပေးလို့လည်း ကျေးဇူးတင်ပါတယ်။ ဒန်အိုး၊ ပန်းကန်၊ အဝတ်အထည်တွေ ထောက်ပံ့ပေးထားပါတယ်။ ဒီမှာနေတဲ့အချိန်မှာ ကျပန်းအလုပ်လုပ်တယ်။ လယ်ယာစိုက်ပျိုးတယ်။ အဲဒါတွေပဲ လုပ်ပါတယ်။

**ဂျာနေအာလောင်**
**နေရပ်**
**ယခင် - ကြက်ရိုးပြင်ကျေးရွာအုပ်စု ကြက်ရိုးပြင်ရွာမ**
**ယခု - ကြက်ရိုးပြင်ကျေးရွာ**



ဘင်္ဂလားဒေ့ရှ်ဘက်က ပြန်လာတာတော့ လေး၊ ငါးလရှိပါပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်မှာ နေတုန်းကလည်း ကျပန်းအလုပ်လုပ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာက ပေးလို့ရှိရင် စားလို့ရပြီး မရရင်တော့ ခက်ခဲပါတယ်။ ကူတိုဘာလို ဒုက္ခသည်စခန်းမှာ နေခဲ့တာပါ။ ထောက်ပံ့ရေးပစ္စည်းတွေနဲ့ပဲ စားသုံးနေတာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်မှာ တစ်လတိတိ နေခဲ့ပါတယ်။

ကိုယ့်ရွာမှာ ပြန်နေချင်လို့ ချောင်းကို လောင်းနဲ့ကူးပြီး ပြန်လာတာပါ။ တခြားဆန္ဒတော့မရှိပါဘူး။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာနိုင်ငံဘက်ကို ပြန်ကိုပြန်ရမယ်လို့ ပြောတာတော့မရှိပါဘူး။ ဒီဘက်ကို တစ်ယောက်တည်း လာတာပါ။ မိသားစုကတော့ ဘင်္ဂလားဒေ့ရှ်ဘက်မှာ ကျန်ခဲ့ပါတယ်။ မိသားစုကတော့ လယ်သာစခန်းမှာ ကျန်ခဲ့ပါတယ်။ မိသားစုတွေလည်း လာဖို့ဆန္ဒရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်ဘက်က ဒုက္ခသည်စခန်းမှာတော့ ဝင်လို့၊ ထွက်လို့မရဘူး။ ခိုးထွက်လာတာပါ။ အရင်က ထော်လာဂျီမောင်းပြီး ဆိုင်ကယ်ပြင်တယ်။ အခုတော့ ဆိုင်ကယ်ပဲပြင်ပြီး စားဝတ်နေရေး ဖြေရှင်းပါတယ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သံတွဲခရိုင်အတွင်း ပညာရည်ထူးချွန်ဆု ရရှိသူများအား ဆုများချီးမြှင့်

**စစ်တွေ ဇွန် ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ကျင်းပသည့် သံတွဲခရိုင်အတွင်း မြို့နယ်များရှိ စာစစ်ဌာနများမှ ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ဆုချီးမြှင့်ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သံတွဲခရိုင်အတွင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ သုံးဦးအား ငွေကျပ် သိန်း ၂၀ စီကို လည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၂၀ အား ငွေကျပ် ၁၅ သိန်းစီကို လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၁ ဦးအား ငွေကျပ်ရှစ်သိန်းစီကို လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၃၁ ဦးအား ငွေကျပ်လေးသိန်းစီကို လည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၅၂ ဦးအား ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၀၆ ဦးအား ငွေကျပ်ငါးသောင်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး မြို့နယ်အဆင့်ဆုရ မြို့နယ်များ၊ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့် ကျောင်းများနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။




ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် သံတွဲခရိုင် ဂွမြို့အောင်မင်္ဂလာခန်းမ၌ ဂွမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်နယ်အစိုးရအဖွဲ့၏ အဓိကအခန်းကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ လျှပ်စစ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်များကို ပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တစ်ဦးကောင်းတစ်ယောက်ကောင်း အဖွဲ့အစည်းတစ်ရပ်ကောင်းဖြင့် တည်ဆောက်၍ မရဘဲ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိနေမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု စနစ် ပီပြင်စွာပေါ်ထွန်းလာရေးအတွက် ပြည်သူများ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အားနည်းချက်၊ အားသာချက်များကို အပြုသဘောဆောင်၍ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဂွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်က ၂၀၁၈ ခုနှစ် ကာလတို ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အစ္စရေး အစိုးရအဖွဲ့က UEHRD ၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့အား ရေသန့်စင်စက်နှင့် နည်းပညာ လှူဒါန်း

**ရန်ကုန် ဇွန် ၉**

အစ္စရေးနိုင်ငံ အစိုးရအဖွဲ့က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းအဖွဲ့ (CITF)အား ရေသန့်စင်စက်နှင့် နည်းပညာလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ရှိ SKY STAR ဟိုတယ်၌ ကျင်းပသည်။




**အစ္စရေးသံအမတ်ကြီးက UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်ထံ ရေသန့်စင်စက်လေးလုံးကို လွှဲပြောင်းပေးအပ်စဉ်။**

အခမ်းအနားတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဒန်နီရယ်ဇွန်ရှိုင်းက လှူဒါန်းမှုနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ့၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ (CITF) ခေါင်းဆောင် ဦးကျော်ဝင်းတို့က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီးက ရေသန့်စင်စက်လေးလုံးကို လွှဲပြောင်းပေးအပ်ရာ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က လက်ခံရယူပြီး ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့(CITF) သို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီးက ရေသန့်စင်စက် အသုံးပြုနည်းအား ရှင်းလင်းပြသသည်။

လှူဒါန်းမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီး ဒန်နီရယ်ဇွန်ရှိုင်းက "ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူတွေ သောက်ရေသန့် ရရှိဖို့ အခုလို လှူဒါန်းရခြင်း ဖြစ်ပါတယ်၊ ဒီရေသန့်စက်တွေဟာ အရွယ်အစားသေးငယ်ပြီး အသုံးပြုရတာလည်း လွယ်ကူပါတယ်၊ လျှပ်စစ်လည်း မလိုပါဘူး၊ တစ်ဖက်ကနေ ရေထည့်လိုက်ရင် စက်အထဲကို ကျော်ဖြတ်ပြီး တခြားတစ်ဖက်က ရေသန့် ပြန်ထွက်လာတာမျိုး ဖြစ်ပါတယ်၊ လူရဲ့ လက်အားကို အသုံးပြုပြီး လုပ်ဆောင်ရတဲ့ စက်မျိုးပါ၊ နောက်ထပ်လည်း ဆက်လက်ပြီး လှူဒါန်းသွားဖို့ အကြောင်းတွေလည်းရှိပါတယ်၊ အခုလို လှူဒါန်းတာမျိုးတွေအပြင် ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံကို ပညာရေး၊ စိုက်ပျိုးရေးကဏ္ဍတွေမှာလည်း အကူအညီတွေပေးသွားဖို့ရှိပါတယ်"ဟု ပြောကြားသည်။

ယနေ့လှူဒါန်းမှုတွင် တစ်နာရီလျှင် ရေသန့် ၅၀၀ လီတာနှုန်းထွက်ရှိနိုင်သည့် ရေသန့်စင်စက်လေးလုံး လှူဒါန်းခြင်းဖြစ်ပြီး အဆိုပါ ရေသန့်စင်စက်များကို ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မောင်တောဒေသ၌ ပြန်လည်နေရာချထားရေးနှင့် ထောက်ပံ့မှုများ ဆောင်ရွက်

**မောင်တော ဇွန် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ် ရွှေဇားကျေးရွာတွင် အိန္ဒိယနိုင်ငံအစိုးရ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ဆောင်ရွက်နေသော နေအိမ်ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင် နေအိမ် ၁၄၈ လုံး ဆောက်လုပ်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား Hindustan Prefab Limited မှ ဒုတိယအထွေထွေမန်နေဂျာ Mr. A Shashikanta Sharma နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောက်လုပ်ရေးပစ္စည်းများ အရည်အသွေးပြည့်မီရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့ရှိ ဟိန္ဒူယာယီစခန်းသို့ သွားရောက်၍ အိမ်ထောင်စု ၂၉၃ စုမှ လူဦးရေ ၁၂၅၅ ဦးတို့အတွက် ငွေကျပ် ၂၈ သိန်းကျော်တန်ဖိုးရှိ စားနပ်ရိက္ခာ တစ်ပတ်စာ ဆန် ၈၉ အိတ်၊ ဆီ ၁၀၇ ပိဿာ၊ ပဲ ၄၂၈ ပိဿာနှင့် ဆား ၂၁ ဒသမ ၄၃၇ ပိဿာတို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နေအိမ်များဆောက်လုပ်မှုလုပ်ငန်းများတွင် ဒေသခံပြည်သူ ၄၀ ခန့်မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**

❖ **ကျောဖုံးမှ**

၎င်းက ဆက်လက်ပြောသည်။

မွန်ပြည်နယ်အတွင်း ယခင်နှစ်များက အရည်အသွေးမီ ရော်ဘာထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာသန့်စင်စက်ရုံများ တည်ဆောက်ပေးရန်၊ ရော်ဘာစိုက်တောင်သူများအား ချေးငွေများထုတ်ချေးပေးရန်၊ နည်းပညာများ ကူညီပံ့ပိုးပေးရန်၊ ရော်ဘာဈေးနှုန်းများအား ဈေးနှုန်းတည်ငြိမ်မှုရှိရန်နှင့် စနစ်တကျသတ်မှတ်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောဆိုခဲ့သော်လည်း တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူများအား ယခုအချိန်အထိ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိသောကြောင့် ဒေသတွင်း တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူခြံရှင်များအနေဖြင့် ရော်ဘာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။ မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို အဓိကအားထားသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ရော်ဘာစိုက်ဧကပေါင်း တစ်သိန်းခွဲကျော်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

**(ယမန်နေ့မှအဆက်)**

- ၆-၂-၂၀၁၈ နေ့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော ASEAN Foreign Ministers' Retreat သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်း၍ မြန်မာအစိုးရ၏ ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြပါသည်။




ရခိုင်ပြည်နယ်၏ မြေပြင်အခြေအနေကို လက်တွေ့ကျကျ သိရှိနိုင်ရန် မြန်မာနိုင်ငံအခြေစိုက်သံရုံးများနှင့် ကုလသမဂ္ဂအေဂျင်စီများမှ အကြီးအကဲများအား အုပ်စု သုံးစုခွဲကာ ရခိုင်ပြည်နယ် လေ့လာရေးခရီးစဉ်ကို ၆-၂-၂၀၁၈ နေ့၊ ၉-၂-၂၀၁၈ နေ့နှင့် ၁၅-၂-၂၀၁၈ နေ့များတွင် ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။



အိမ်နီးချင်းနိုင်ငံများနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ၏ နယူးယောက်မြို့အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၃၀-၄-၂၀၁၈ ရက်နေ့မှ ၁-၅-၂၀၁၈ ရက်နေ့အထိ လာရောက်ခဲ့ပြီး ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့တို့နှင့်တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။



**အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှု**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ဖွဲ့စည်းခဲ့သော ထိုင်းနိုင်ငံ အငြိမ်းစား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E Prof. Surakiart Sathirathai ဦးဆောင်သည့် ပြည်ပပညာရှင် လေးဦး၊ ပြည်တွင်းပညာရှင် ငါးဦး စုစုပေါင်း ကိုးဦးပါဝင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့ပါသည်။



အကြံပေးအဖွဲ့ ဥက္ကဋ္ဌ H.E Prof. Surakiart Sathirathai နှင့် အဖွဲ့ဝင်များသည် ၂၂-၁-၂၀၁၈ နေ့မှ ၂၅-၁-၂၀၁၈ နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်များသို့ နယ်မြေအခြေအနေ သွားရောက်လေ့လာခြင်းတို့ ပြုလုပ်ပြီးနောက် လိုအပ်သော အကြံပြုမှုများ ဆောင်ရွက်ခဲ့ပါသည်။



ယင်းအကြံပေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၃၁-၃-၂၀၁၈ နေ့မှ ၂-၄-၂၀၁၈ နေ့အထိ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်အဖြစ် လာရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် စင်ကာပူနိုင်ငံသို့ သွားရောက်ကာ ၃-၄-၂၀၁၈ နေ့တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပါသည်။ ယင်းနောက် အာဆီယံသံရုံး အကြီးအကဲများအား ပြန်လည်ရှင်းလင်းပြောကြားမှု (Debreifing) ပြုလုပ်ကာ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး အသိပေးရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ပြည်သူသို့ ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြ၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပြည်သူ့ထံသို့ အစီရင်ခံတင်ပြနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အထောက်အကူပြုရုံး အဖွဲ့ဝင်များသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများနှင့် မကြာခဏတွေ့ဆုံ၍ လိုအပ်ချက်များ၊ ဆွေးနွေးရရှိချက်များကို ကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ခြင်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များတွင် လက်တွေ့အကျိုးရှိမည့်လုပ်ငန်းများကို ဦးစားပေးရွေးချယ်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ အခြားမဖြစ်မနေ ဆောင်ရွက်ရန်ကိစ္စများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ သိသာထင်ရှားသော ပြောင်းလဲမှုများကို ပြည်သူသို့ လေးစားစွာ အစီရင်ခံခြင်း ဖြစ်ပါသည်။

တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း
ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် အက်လိုက်ခြင်း
ကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။



# တောင်ညိုကျေးရွာ၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၉**

နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာရှိ သာသနာ့ဝေပုလ္လ ဘုန်းတော်ကြီးကျောင်းတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်နှင့် မြို့နယ်လဝက ဦးစီးမှူး ဦးမြင့်ဇော်တို့က ဦးဆောင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိမှု၊ လယ်ယာမြေပုံစံ(၇)နှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် ပုံစံ(၆၆)ပြုလုပ်ပေးမှုဆိုင်ရာ ကိစ္စရပ်များအပြင် ကျေးရွာအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ရွှေရဲရင့်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ငွေ ပေးအပ်

**မကွေး ဇွန် ၉**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ စည်းရုံးရေးကော်မတီ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့က ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းမိသားစုတို့၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ရဲအကူတပ်ဖွဲ့ခွဲဝင်းအတွင်းရှိ ရဲဇာနည်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ဒုတိယ ရဲတပ်ဖွဲ့မှူးတို့က ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ၂၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၊ အထက်တန်းအဆင့် ၃၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၊ အလယ်တန်းအဆင့် ၄၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ မူလတန်းအဆင့် ၆၄ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၈၀၀၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၈ ဦးတို့အတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၁၆၂၆၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်မာလာအေးက ကျောင်းသား ကျောင်းသူ ၁၅၈ ဦးတို့အတွက် စာရေးကိရိယာပစ္စည်း တန်ဖိုးငွေကျပ် ၁၃၆၄၅၀ ထောက်ပံ့ပေးခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်ဇနီး၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၁၆ ဦး တက်ရောက်ကြသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

# မြစ်ကြီးနားမြို့၌ ယာဉ်တိုက်မှုဖြစ်ပွားရာမှ တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင်တစ်ဦး သေဆုံး

**မြစ်ကြီးနား ဇွန် ၉**
မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် နယ်မြေ(၁) စိမ်းမြဧရာလမ်းနှင့် ရန်အောင်မြင်လမ်းဆုံ နေရာ၌ ယနေ့ နံနက် ၁၀ နာရီခန့်တွင် မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တိုက်မိရာမှ တက္ကသိုလ်ဝင်တန်းအောင် လေးဘာသာဂုဏ်ထူးရှင်တစ်ဦးသေဆုံးခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကြီးအောင်ရပ်ကွက် နယ်မြေ(၁)အတွင်း စိမ်းမြဧရာလမ်းနှင့် ရန်အောင်မြင်လမ်းဆုံနေရာ၌ ရန်အောင်မြင်လမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း ဇော်ထွန်းဦး (၂၆)နှစ် မောင်းနှင်လာသော မော်တော်ယာဉ်သည် စိမ်းမြဧရာပန်းခြံဘက်သို့ ချိုးကွေ့ရာမှ ယာဉ်ကြောတူ တစ်ဦးတည်းမောင်းနှင်လာသော မောင်ဆွတ်ဆိုင်းအောင် (၁၆)နှစ် မြို့သစ်ကြီးရပ်ကွက် နေထိုင်သူ အထက(၉)မှ တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ၏ ဆိုင်ကယ်နှင့် အရှိန်လွန်တိုက်မိရာ ယာဉ်တိုက်မှုကြောင့် မောင်ဆွတ်ဆိုင်းအောင်၏ ဝဲဘက်လက်၊ ခြေဖမိုး၊ ယာဘက်နံရိုး ထိခိုက်ဒဏ်ရာများရရှိခဲ့၍ မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံသို့ပို့ဆောင်ခဲ့ရာ ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ဆောင်ဝင်ရန် ပြင်ဆင်နေစဉ် သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားစဉ် မော်တော်ယာဉ်ကို မဆင်မခြင် မောင်းနှင်ပြီး လမ်းလယ်မှ ယာဘက်ယာဉ်ကြောသို့ ယာဉ်ကြောပြောင်းချိုးကွေ့မောင်းနှင်သူ ယာဉ်မောင်း ဇော်ထွန်းဦးကို ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး မြစ်ကြီးနားယာဉ်ထိန်းရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ခိုးမှုကျူးလွန်သူများကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှုနှစ်မှု ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် ဇွန် ၉**
မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များက ခိုးမှုကျူးလွန်သူများကို ဖမ်းဆီးစစ်ဆေးခဲ့ရာ အလုံမြို့နယ်နှင့် လမ်းမတော်မြို့နယ်များအတွင်း ခိုးယူသည့် ခိုးမှုနှစ်မှု ထပ်မံဖော်ထုတ်ရရှိခဲ့သည်။



ဖြစ်စဉ်မှာ အလုံမြို့နယ် ဌာနာရပ်ကွက်နေ ဦး --- သည် ဇွန် ၁ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် ၎င်းနေအိမ်တိုက်ခန်း၌ ဖွင့်လှစ်ထားသည့် စတိုးဆိုင်ဘက်မှ အသံကြား၍ သွားရောက်ကြည့်ရှုရာ အမည်မသိ လူသုံးဦးက စတိုးဆိုင်အတွင်းရှိ နို့မှုန့်၊ ကော်ဖီမစ်ထုပ်၊ ဆပ်ပြာတုံးများနှင့် ဆပ်ပြာဘူးများကို ပီနံအိတ်အတွင်းထည့်နေသည်ကို တွေ့ရသဖြင့် လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။

ခိုးမှုကျူးလွန်သူများမှာ ကျောက်တံတားမြို့နယ် အမှတ်(၃) ရပ်ကွက်နေ မြင့်ဇော်ကြိုင်(ခ)မြင့်ဇော် (၃၉)နှစ်၊ ဒေါပုံမြို့နယ် အောင်ချမ်းသာနှင့် နွယ်အေးရပ်ကွက် နေသူများဖြစ်သည့် ညီညီဇော်(ခ)ကာစင်(၂၂)နှစ်၊ ဇေယျာအောင်(ခ)အောင်အောင်(၂၇)နှစ်တို့ ဖြစ်ကြောင်း သိရ၍ အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ မြင့်ဇော်ကြိုင်(ခ)မြင့်ဇော်ပါ သုံးဦးတို့ကို စစ်ဆေးရာ ၎င်းတို့သည် ဖေဖော်ဝါရီလအတွင်း လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ ကုန်စုံဆိုင်အတွင်းမှ ဖုန်းငွေဖြည့်ကတ်မျိုးစုံ ၅၅၀ ကိုလည်းကောင်း၊ မေလအတွင်း အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းပေါ် မီးရထားသံလမ်းဘေးရှိ ကွမ်းယာဆိုင်အတွင်းမှ Red Mi Note 3 လက်ကိုင်ဖုန်း တစ်လုံး၊ Huawei လက်ကိုင်ဖုန်းတစ်လုံး၊ Nokia လက်ကိုင်ဖုန်း တစ်လုံး၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံ ၁၅၀ တို့ကိုလည်းကောင်း ခိုးယူရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။ **ကြေးမုံ**

## ခါမ်းပါတ်မြို့ တိန်းကယားကျေးရွာတွင် မိုးကြိုးထိမှန်၍ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

**ခါမ်းပါတ် ဇွန် ၉**
စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့ တိန်းကယားကျေးရွာတွင် ဇွန် ၉ ရက် နံနက် ၃ နာရီခန့်က မိုးကြိုးထိမှန်၍ လူတစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တိန်းကယားကျေးရွာနေ ဦးသိန်းမင်းစိုး (၂၅)နှစ်နှင့် ဦးနေလင်းမောင် (၃၅)နှစ်တို့သည် ငါးဖမ်းရာမှ ရွာသို့ပြန်လာစဉ် တိန်းကယားကျေးရွာ၏ အနောက်ဘက် သုံးဖာလုံခန့်အကွာ တိန်းကယား-ကနန်ကားလမ်းပေါ်၌ မိုးကြိုးထိမှန်၍ ဦးသိန်းမင်းစိုးသည် နေရာတွင် သေဆုံးသွားခဲ့ပြီး ဦးနေလင်းမောင်သည် ဝဲဘက်ခြေထောက် ထုံကျဉ်ဒဏ်ရာရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူအား ခါမ်းပါတ်မြို့ ပြည်သူ့ဆေးရုံ၌ ကုသပေးလျက်ရှိပြီး သေဆုံးမှုအတွက် ခါမ်းပါတ်မြို့နယ်မြေရဲစခန်းတွင် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဇော်ဝင်းထွန်း**

# ကွဲကွာနေသည့် ဇနီးဖြစ်သူကို လာရောက်ခေါ်ဆောင်ရာမှ လက်လုပ်မိုင်းဖောက်ခွဲမှု ဖြစ်ပွား

**နေပြည်တော် ဇွန် ၉**
ဇွန်လ ၈ ရက် နံနက် ၁ နာရီတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နန်းကော်တိုးကျေးရွာနေ ဦးလုပိန်နေအိမ်သို့ ဆင်ကုန်းကျေးရွာနေ တင်ဝင်းအောင်(၂၅)နှစ် ရောက်ရှိလာပြီး ၎င်း၏ဇနီးဖြစ်သူ မစန္ဒာလင်း(၂၅)နှစ်အား ပြန်လည်ပေါင်းသင်းလိုကြောင်း ပြောဆိုရာ မပေါင်းသင်းနိုင်ကြောင်းပြောဆိုသဖြင့် တင်ဝင်းအောင်က မစန္ဒာလင်းအား 'နင့်ကိုငါသတ်မည်' ဟု ခြိမ်းခြောက်ပြီး အသင့်ပါလာသည့် လက်လုပ်မိုင်းကို ရှော့တိုက်ရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ မစန္ဒာလင်းတွင် ယာပေါင်၊ ရင်ဘတ်ပေါက်ပြဲဒဏ်ရာနှင့် တင်ဝင်းအောင်တွင် ယာလက်ပေါက်ပြဲ၊ ဝဲလက်ချောင်းများ ပြတ်ရှဒဏ်ရာရခဲ့သည်။

လွန်ခဲ့သော တစ်နှစ်ခန့်က ကွဲကွာခဲ့သည့် ၎င်း၏ဇနီး မစန္ဒာလင်းကို ပြန်လည်ပေါင်းသင်းရန် လာရောက်ခေါ်ဆောင်ရာမှ စကားများရန်ဖြစ်ပြီး လက်လုပ်မိုင်းကို ဖောက်ခွဲခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် တင်ဝင်းအောင်ကို ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၉**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၄၉ စီး၊ သွင်းကုန် အစီး ၉၆၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၈၅စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃ ဒသမ ၈၁၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅ ဒသမ ၂၁၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။


ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ဖြတ်သန်းမည့် တွဲယာဉ် နှစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Door Handle Replacement Parts For Vehicles (Plastics) (Semi-Finished) (23 MT) နှင့် ပစ္စည်းတင်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃ ဒသမ ၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗဟန်းမြို့နယ်ရှိ နိုင်ငံခြားသားများ ငှားရမ်းနေထိုင်သော နေအိမ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရန်ကုန် ဇွန် ၉**
ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက်ရှိ နိုင်ငံခြားသားများ ငှားရမ်းနေထိုင်သော နေအိမ်၌ မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့နှင့် အမှတ်(၄၂) မူးယစ်တပ်ဖွဲ့စုတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေဖမ်းဆီးရာ နေအိမ်အတွင်း၌ နိုင်ငံခြားသားနှစ်ဦးအပါအဝင် ကိုးဦးတို့အား မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသဖြင့် ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၆ ရက် ည ၉ နာရီခန့်တွင် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၄၂) မူးယစ်တပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗဟန်းမြို့နယ် သာသနာ့ရပ်ကွက် စမ်းရေတွင်းလမ်းရှိ နိုင်ငံခြားသားများ ငှားရမ်းနေထိုင်သော နေအိမ်၌ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ ငှားရမ်းနေထိုင်သူ Mr. Ross Stirling Dunkley အသက်(၆၀)နှင့်အတူ Mr. John Mckcnzic (၆၃)နှစ် အပါအဝင် အင်းစိန်မြို့နယ်နေ သူးသူး(ခ)စောမတ်သူးရှုလ(၄၈)နှစ်၊ တာမွေမြို့နယ်နေ ဟန်နီစိုး(၂၃)နှစ်၊ ဝင်းဝင်း(၁၉)နှစ်၊ သာကေတမြို့နယ်နေ ဟေမာန်လွင်(ခ)နန္ဒာ(၂၉)နှစ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ သူဇာ(၂၁)နှစ်၊ မင်္ဂလာဒုံမြို့နယ်နေ နှင်းအိခိုင်(ခ)သော်တာ (၂၄)နှစ်၊ အိမ်အကူ ဒေါ်တင်တင်ဝင်း(၅၄)နှစ်တို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၇၉၇ ပြား၊ အိုက်စ် ၁၁၃ ဂရမ်၊ ဆေးခြောက် ၁၆ ဒသမ ၅ ဂရမ်၊ ဘိန်းဖြူ သုည ဒသမ ၁ ဂရမ်၊ ဘိန်းဆီခဲ ခြောက်ဂရမ်၊ အိုက်စ်နှင့် WY စိတ်ကြွဆေးပြားများ ရောကြိတ်ထားသည့် အမှုန့် နှစ်ဂရမ်၊ မူးယစ်ဆေးဝါးဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲ ငါးဂရမ်၊ ခတ်ခူး ၁၉ ဂရမ်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ထိုင်းဘတ်ငွေ ၃၆၃၀၊ ယူရိုငွေ ငါးယူရို၊ အမေရိကန်ဒေါ်လာ ငါးဒေါ်လာ၊ ဟောင်ကောင်ဒေါ်လာ ၄၄၀၊ ဗီယက်နမ်ဒေါင် ၆၄၀၀၀၊ စတာလင်ပေါင် ၂၀၊ ကနေဒါဒေါ်လာ ၁၃၅ ဒေါ်လာ၊ ကမ္ဘောဒီးယားရိုင်ရယ် ၃၀၀၀၊ မြန်မာငွေကျပ် ၁၃၉၀၀၀ တို့ကိုတွေ့ရှိသည့်အပြင် လက်ကိုင်ဖုန်း ၁၀ လုံးနှင့် Range Rover မော်တော်ယာဉ်တစ်စီးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ နိုင်ငံခြားသား နှစ်ဦးပါ ကိုးဦးတို့ကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဗဟန်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားပြီး ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မာမက်တာလောင်(ခ)မာမတ်တာလိင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မောင်တော၌ ငွေကျပ်သိန်း ၁၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၉**
မေယု(၂)စစ်ဆင်ရေးအရ သရက်အုပ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က မောင်တောမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ဒါးကြီးစား(တောင်)ကျေးရွာ ပုစွန်ကန်အနီးရှိ လူမနေတဲအတွင်း၌ မာမက်တာလောင်(ခ)မာမတ်တာလိင်ကို တွေ့ရှိရှာဖွေရာ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၇ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့အထွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ဇော်ဂွန်ဂျာလီ မောင်းနှင်လာသည့် Hilux SURF မော်တော်ယာဉ် ရောက်ရှိလာ၍ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၇၂ ခွက် (ဘိန်းဖြူအလေးချိန် ၇၉၂ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၂၀၀၀၊ ငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဇော်ဂွန်ဂျာလီ၏ ဦးလေးတော်စပ်သူ ဝေတောင်သည် မူးယစ်ဆေးဝါးများကို စောင့်ကြိုရယူလက်ခံမည်ဖြစ်၍ အသွင်ယူစောင့်ဆိုင်းနေစဉ် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီးသို့ ဝေတောင်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ငွေကျပ် ၁၄ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးကို လည်းကောင်း၊ ဆက်လက်၍ တပ်မတော်မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်နှင့် ကွတ်ခိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွတ်ခိုင်မြို့နယ် ဟိုနမ့်ကျေးရွာနေ မာဆန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ နံနက် ၂ နာရီခွဲက မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဖြတ်မြို့ ဈေးတန်းရပ်ကွက် မြို့မဈေးရှေ့၌ မအဲနာမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၁၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်)**

# မေလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၈၇၀ ဖြစ်ပွားခဲ့၍ ငွေကျပ် ၁၆၉၉၂၁ ဒသမ ၈၄ သိန်းဖိုး သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၉**
မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေလအတွင်း မူးယစ်ဆေးဝါးမှု ၈၇၀ ဖြစ်ပွားခဲ့ပြီး မူးယစ်ဆေးဝါးမှုတရားခံ ၁၂၃၁ ဦးကို အမှုဖွင့် အရေးယူနိုင်ခဲ့သည်။

ထိုကဲ့သို့ ဖမ်းဆီးရမိမှု ၈၇၀ မှ မူးယစ်ဆေးဝါးတန်ဖိုးကျပ် ၁၆၉၉၂၁ ဒသမ ၈၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှု ၈၇၀ တွင် ဘိန်း ၁၈ မှုမှ ၁၄၅၅ ဒသမ ၄၀၂ ကီလို၊ ဘိန်းဖြူ ၂၃၅ မှုမှ ၃၂ ဒသမ ၁၂၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၂ မှုမှ ဆေးပြားပေါင်း ၃၅၇၄၆၆၃ ပြား၊ အိုက်စ် ၁၇ မှုမှ ១၅၃ ဒသမ ၉၀ ကီလို၊ ဆေးခြောက် ၂၁ မှုမှ ၃ ဒသမ ၇၉ ကီလိုတို့ဖြစ်ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ထိပ်သီးအစည်းအဝေးပွဲတက်ရောက်ရန် ခေါင်းဆောင်ကင် စင်ကာပူနိုင်ငံသို့ ဇွန် ၁၀ ရက်တွင် ထွက်ခွာမည်

**ပြုံယမ်း ဇွန် ၉**
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ဇွန် ၁၀ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို ဇွန် ၁၂ ရက် (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ခေါင်းဆောင်ကင်လိုက်ပါစီးနင်းလာမည့် အထူးလေယာဉ်သည် စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်တွင် ဆင်းသက်ရပ်နားမည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။ သို့သော် စင်ကာပူလေကြောင်းအာဏာပိုင်များက ယင်းကိစ္စနှင့်ပတ်သက်ပြီး တုံ့ပြန်စကားပြောကြားခြင်း မရှိသေးပေ။

ခေါင်းဆောင်ကင်အနေဖြင့် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲ ကျင်းပမည့်အဆောက်အအုံသို့ မည်သည့်အချိန်တွင် မည်သို့သွားရောက်မည်နည်းဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**






# ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် အယ်လ်ရှာဘတ်စစ်သွေးကြွများအား ရှင်းလင်းစဉ် အမေရိကန်စစ်သည်တစ်ဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရ

**မိုဂါဒစ်ရှူး ဇွန် ၉**
ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် အယ်လ်ရှာဘတ်စစ်သွေးကြွများအား ရှင်းလင်းသည့် စစ်ဆင်ရေးတစ်ရပ်ပြုလုပ်စဉ်အတွင်း အမေရိကန် ကွန်မန်ဒိုစစ်သားတစ်ဦး သေဆုံးပြီး အခြားအမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် ဆိုမာလီတပ်ဖွဲ့ဝင် တစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ဆိုမာလီနိုင်ငံတောင်ပိုင်း ဂျူဘာလန်းဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆိုမာလီ၊ ကင်ညာနှင့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၈၀၀ ခန့်ပါဝင်သည့် ကြီးမားသောတပ်ဖွဲ့က ၎င်းဒေသတွင်း၌ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ချိတ်ဆက်မှုရှိသည့် အယ်လ်ရှာဘတ်စစ်သွေးကြွများအား ရှင်းလင်းတိုက်ခိုက်စဉ် ဖြစ်ပွားခြင်းဖြစ်သည်။

ယင်းနိုင်ငံစုံတပ်ဖွဲ့သည် ဇွန် ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် စိန်ပြောင်းများနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကာ အခြားလေးဦးနှင့် မိတ်ဖက်တပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက် အာဖရိကဌာနချုပ်မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အယ်လ်ရှာဘတ်စစ်သွေးကြွတို့အား ဂျူဘာလန်းဒေသမှ ရှင်းလင်းပစ်ရေး၊ ၎င်းတို့ထိန်းချုပ်ထားသည့် ကျေးရွာများ လွတ်မြောက်စေရန်နှင့် အဆိုပါဒေသတွင် အမြဲတမ်း တိုက်ခိုက်ရေးစခန်းများ တည်ဆောက်အခြေပြုရန်၊ ဆိုမာလီပြည်ထောင်စုလုံခြုံရေးတပ်ဖွဲ့များနှင့် အုပ်ချုပ်မှုများ တိုးမြှင့်စေရန် ရည်မှန်းချက်များနှင့် ယင်းသို့စစ်ရေးအရ တိုက်ခိုက်ရှင်းလင်းမှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဆိုမာလီနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၅၀၀ ကျော်တို့သည် အာဖရိကသမဂ္ဂမှ ဆိုမာလီနိုင်ငံဆိုင်ရာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ၊ ဆိုမာလီအစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းရန် အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်မှုများကို လုပ်ဆောင်လျက်ရှိသည်။ ၎င်းအပြင် ဆိုမာလီနိုင်ငံတွင်းရှိ အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ စစ်သင်တန်းကျောင်းများကိုလည်း မောင်းသူမဲ့လေယာဉ်များ အသုံးပြုကာ စီးနင်းတိုက်ခိုက်မှုများ မကြာခဏ ပြုလုပ်လျက်ရှိသည်။

ဆိုမာလီနိုင်ငံတွင် လွန်ခဲ့သည့်နှစ်အတွင်းက အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ ညဘက်ပိုင်း တိုက်ခိုက်မှုကြောင့် အမေရိကန် ရေတပ်အထူးကွန်မန်ဒို တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ ယင်းမှာ ၁၉၉၃ ခုနှစ်က မိုဂါဒစ်ရှူးမြို့တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၈ ဦး သေဆုံးခဲ့ပြီးနောက် အမေရိကန် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်တစ်ဦး ဆိုမာလီတွင် ပထမဆုံးအကြိမ် သေဆုံးခဲ့ရမှုဖြစ်သည်။

အယ်လ်ရှာဘတ် စစ်သွေးကြွလက်နက်ကိုင်များသည် ၂၀၀၇ ခုနှစ် ကတည်းကစတင်ကာ နိုင်ငံတကာမှ ထောက်ခံအားပေးမှုပြုထားသည့် ဆိုမာလီအစိုးရအား လက်နက်ကိုင်တိုက်ခိုက်မှုများ နိုင်ငံတစ်ဝန်းတွင် ပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**

# အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မိုးကြိုးပစ်ခံရမှုများကြောင့် ၂၇ ဦး သေဆုံး

**နယူးဒေလီ ဇွန် ၉**
အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မိုးသက်မုန်တိုင်းကျရောက်မှုနှင့် မိုးကြိုးပစ်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၂၇ ဦးထက်မနည်း သေဆုံးပြီး ၃၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၇ ရက်တွင် ပြောကြားသည်။

ဘီဟာပြည်နယ်တွင်းရှိ ဆာဟာဆာ၊ မြောက်ဒါဟန်ဂါ၊ အရှေ့ချန်ပါရန်နှင့် ဆာမာစတီပါခရိုင်များ၌ လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

မိုးသက်မုန်တိုင်းကျရောက်ပြီး မိုးကြိုးပစ်ခံရမှုများကြောင့် ဘီဟာပြည်နယ်၌ သေဆုံးသူဦးရေ ၂၇ ဦးထိ မြင့်တက်ခဲ့ပြီး ဆာဟာဆာခရိုင်၌ သေဆုံးသူ ရှစ်ဦးရှိကာ သေဆုံးသူဦးရေအများဆုံးဖြစ်ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဘေးဒုက္ခအတွင်း သေဆုံးခဲ့သူ မိသားစုဝင်တစ်ဦးအတွက် ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၅၉၂၃ ဒေါ်လာ ထောက်ပံ့ပေးမည်ဟု ဘီဟာပြည်နယ်အစိုးရက ကြေညာခဲ့သည်ဟု အိန္ဒိယအစိုးရ အသံလွှင့်ဌာန (အေအိုင်အာ)က သတင်းထုတ်ပြန်သည်။

လာမည့် ၄၈ နာရီအတွင်း မိုးသက်မုန်တိုင်းနှင့် မိုးကြိုးပစ်မှုများ ဘီဟာပြည်နယ်၏ အခြားဒေသအချို့တွင် ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံ ပြည်နယ်ငါးခုတွင် လွန်ခဲ့သည့်လအတွင်းက ဖုန်မှုန့်မုန်တိုင်းများ၊ မိုးသက်မုန်တိုင်းများနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လူ ၂၅၀ ကျော် သေဆုံးခဲ့ပြီး အခြားလူ ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ**



# ဂျီ-၇ ခေါင်းဆောင်များ ကနေဒါနိုင်ငံတွင် ကုန်သွယ်ရေးကိစ္စရပ်များ ဆွေးနွေး

**အော့တဝါ ဇွန် ၉**
ဂျီ-၇ ခေါင်းဆောင်များက ကနေဒါနိုင်ငံတွင် တွေ့ဆုံကာ ကုန်သွယ်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

လွတ်လပ်စွာ ကုန်သွယ်နိုင်ခြင်းကိစ္စအပေါ် အမေရိကန်နိုင်ငံနှင့် အခြားသောနိုင်ငံများအကြား အပြင်းအထန် စကားစစ်ထိုးမှုများရှိခဲ့သည်။ ခေါင်းဆောင်များ၏ နှစ်ရက်ကြာထိပ်သီးအစည်းအဝေးကို ကနေဒါနိုင်ငံ ချာလီဗော့စ် အပန်းဖြေစခန်း၌ ဇွန် ၈ ရက်တွင် စတင်ခဲ့သည်။

စတီးနှင့်အလူမီနီယံပစ္စည်းများ တင်သွင်းမှုအပေါ် ဥရောပနိုင်ငံများနှင့် ကနေဒါနိုင်ငံတို့ကို အမေရိကန်နိုင်ငံက အခွန်ကောက်ခံမည့် စာရင်းထဲတွင် ထည့်သွင်းခဲ့ပြီးနောက် ဂျီ-၇ နိုင်ငံခေါင်းဆောင်များအကြား သဘောထားကွဲလွဲမှုများ ရှိခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အခွန်စည်းကြပ်ကောက်ခံမှုများသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ အကျိုးမဖြစ်ထွန်းစေကြောင်း အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အစည်းအဝေးနှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးချက်များကို သတင်းထုတ်ပြန်ခြင်းမရှိသေးပေ။ အချို့နိုင်ငံများက လွတ်လပ်စွာ ကုန်သွယ်နိုင်ရေးကို ထောက်ခံခဲ့ကြပြီး ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒကို ဆန့်ကျင်ခဲ့ကြကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ဆိုသည်။ ထို့ပြင် အချို့နိုင်ငံများက ကုန်သွယ်ရေးညီညွတ်မျှတမှု မရှိခြင်းကို ပြေလည်စေရန် ညှိနှိုင်းဆောင်ရွက်သင့်သည်ဟု တောင်းဆိုကြသည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စ်တင် ထရူဒေယူးတို့သည် အစည်းအဝေးပွဲမစတင်မီ အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်းတို့က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စည်းမျဉ်းစည်းကမ်းများပေါ် အခြေခံသည့် နိုင်ငံစုံကုန်သွယ်ရေးမူဝါဒကို ရေရှည်ထိန်းသိမ်းသင့်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# လက်ထပ်ပြီး ရင်သွေးလေးပါ ရနေပြီဖြစ်ကြောင်း F4 မင်းသား ကမ်ဂျွန် ဖွင့်ဟ



တောင်ကိုရီးယားရဲ့ အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Boys Over Flowers(F4)" မှာ ဇာတ်ကောင်တစ်ဦး ဖြစ်တဲ့ ကမ်ဝူဘင်နေရာကနေ ပါဝင်ခဲ့တဲ့ မင်းသား ကမ်ဂျွန်ဟာ လတ်တလောမှာတော့ လက်ထပ်ခဲ့ပြီးဖြစ်ကာ ရင်သွေးလေးပင် ရနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကိုရီးယားမီဒီယာတစ်ခုကို ကမ်ဂျွန်က သူ့ရဲ့မိသားစုဘဝအကြောင်း ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ ပရိသတ်တွေ အံ့အားသင့်ခဲ့ရပါတယ်။ မင်းသားက သူဟာ ၂၀၁၅ ခုနှစ်အတွင်း သူနဲ့ သက်တူရွယ်တူဖြစ်တဲ့ ရုံးဝန်ထမ်းတစ်ဦးနဲ့ လက်ထပ်ခဲ့တာဖြစ်ပြီး ရင်သွေးလေးရရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ကမ်ဂျွန်က "ကျွန်တော်ဟာ လွန်ခဲ့တဲ့ သုံးနှစ်က လက်ထပ်ခဲ့တာဖြစ်ပါတယ်၊ ဒီအကြောင်းတွေကို ကျွန်တော့်ပတ်ဝန်းကျင်က လူတွေကလွဲပြီး မသိကြပါဘူး၊ အကြောင်းကတော့ ကျွန်တော့်မင်္ဂလာသတင်းကို မီဒီယာတွေမှာ ဖော်ပြခဲ့ခြင်းမရှိတာကြောင့်ဖြစ်ပါတယ်၊ ကျွန်တော့်ရဲ့ဇနီးကို ကျွန်တော်ပွဲဦးထွက်ရုပ်ရှင် မရိုက်ရမီ ခြောက်နှစ်ခန့်ကတည်းက စတင်တွေ့ဆုံခဲ့တာဖြစ်ပါတယ်၊ လက်ရှိမှာတော့ ကျွန်တော်ဟာ ကလေးတစ်ဦးရဲ့ ဖခင်ဘဝတောင် ရောက်ရှိနေပါပြီ"လို့ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ကမ်ဂျွန်ဟာ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်အတွင်း ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲ "Boys Over Flowers(F4)" နဲ့ သရုပ်ဆောင်နယ်ပယ်မှာ ပွဲဦးထွက်လာတာပါ။ ဒ့ါအပြင် သူဟာ အမျိုးသားတေးဂီတအဖွဲ့ "T-Max"ရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဝင်တေး ဖြစ်တဲ့ "Paradise"ကို ကမ်ဂျွန်တို့အဖွဲ့က သီဆိုထားတာ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ကမ်ဂျွန်ဟာ SBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်တဲ့ ဇာတ်လမ်းတွဲ "Detectives in Trouble"နဲ့ SBS ရဲ့ ဒရမ်မာ "Endless Love"တို့မှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူ့ရဲ့အနုပညာနယ်ပယ်ကို သီရေတာတွေ၊ ပြဇာတ်တွေဘက်ကို လှည့်လာခဲ့ပြီး လက်ရှိမှာ ပြဇာတ် သရုပ်ဆောင်တစ်ဦးအဖြစ်လည်း လုပ်ဆောင်နေပါတယ်။ ကမ်ဂျွန်က အနာဂတ်မှာတော့ သူဟာ အနုပညာနယ်ပယ်မျိုးစုံမှာ ကျင်လည်ရင်း ပရိသတ်တွေရှေ့ ပေါ်ထွက်လာမှာ ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

# ချစ်သူတွေဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားပြီး နှစ်လခန့်အကြာမှာ လမ်းခွဲလိုက်ကြတဲ့ လီရီကွန်းနဲ့ ဂျန်အင်ဆန်း

ဟောလိဝုဒ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ နစ်ခ်ဂျိုးနစ်စ်နဲ့ မင်းသမီး ပရီယင်ကာချိုပရာတို့ဟာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီးနောက် လတ်တလောမှာတော့ နှစ်ဦးသား အတူတွဲကာ အများရှေ့ ပေါ်ထွက်လာခဲ့ပါတယ်။ ဒါဟာ သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်ပြီးနောက် ပထမဆုံးပါ။ လက်ရှိမှာ အသက် ၂၅ နှစ်ရှိပြီဖြစ်တဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ ၃၅ နှစ်အရွယ် ပရီယင်ကာချိုပရာတို့ကို ဇွန် ၈ ရက်မှာတော့ နယူးယောက်လေဆိပ်မှာ အတူတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

တောင်ကိုရီးယား ကြယ်ပွင့်တွေဖြစ်ကြတဲ့ လီရီကွန်းနဲ့ ဂျန်အင်ဆန်းတို့ဟာ လွန်ခဲ့တဲ့ နှစ်လခန့်က ချစ်သူတွေဖြစ်နေကြောင်း ပရိသတ်တွေကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြသူတွေဖြစ်ကြပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်နေကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခြင်းမပြုမီကတည်းက လက်တွဲခဲ့ကြတာဖြစ်ပြီး လမ်းခွဲခဲ့ချိန်အထိ ချစ်သူသက်တမ်း တစ်နှစ်ကျော်ကြာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။







ပြီးခဲ့တဲ့ သောကြာနေ့မှာ နှစ်ဖက်အေဂျင်စီတွေဖြစ်ကြတဲ့ အိတ်ရှ်ဘီနဲ့ စီဂျေစ်အန်တာတိန်းမန့်တို့က သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။ လမ်းခွဲခဲ့ရတဲ့အကြောင်းကတော့ နှစ်ဦးသား တွဲဖက်ပါဝင်ခဲ့ကြတဲ့ ဇာတ်လမ်းတွဲပြီးနောက် သူတို့နှစ်ဦးမှာ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေက ပိုမိုများပြားလာခဲ့ပြီး တစ်ဦးနဲ့တစ်ဦး အချိန်မပေးနိုင်တော့တာကြောင့် ဖြစ်ကြောင်း သိရပါတယ်။ သူတို့နှစ်ဦးဟာ JTBC ရဲ့ "Laughter in Waikiki"ဇာတ်လမ်းတွဲမှာ အတူပါဝင်ခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးဟာ ယင်းဇာတ်လမ်းတွဲမှာတော့ စုံတွဲတွေ မဟုတ်ကြပါဘူး။ ဇာတ်လမ်းထဲမှာ ကိုယ်စီတွဲဖက်တွေရှိခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ လက်တွေ့ဘဝမှာတော့ ချစ်သူတွေဖြစ်ခဲ့ကြတာပါ။ အစပိုင်းမှာတော့ သူတို့နှစ်ဦးရဲ့ အချစ်ရေးကို လျှို့ဝှက်ထားခဲ့ပြီး ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာမှ တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

**အေးပြည့် စုစည်းသည်**





# Viber အက်ပလီကေးရှင်းတွင် Chat Extension အသစ်များစတင်ထည့်သွင်း

စမတ်ဖုန်း အသုံးပြုသူတိုင်းနီးပါး အသုံးပြုလျက်ရှိသော Viber အက်ပလီကေးရှင်းတွင် စာတိုပေးပို့ခြင်း၊ စကားပြောဆိုမှုများတွင် လွယ်ကူစွာ စီမံခန့်ခွဲခြင်း စသည်တို့ကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ဆန်းသစ်သည့် Chat Extension အသစ်များကို စတင်မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းတွင် အသုံးပြုသူ သန်းပေါင်းများစွာ ရှိလာသည့် Viber အက်ပလီကေးရှင်းသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ထည့်သွင်းပေးခဲ့သည့် Chat Extension များသည် အသုံးပြုသူတို့၏ စာတိုပေးပို့မှုများနှင့် ဓာတ်ပုံပေးပို့မှုများပြုလုပ်ရာတွင် Chat Box ထဲမှ ထွက်စရာမလိုဘဲ အလွယ်တကူ ပြုလုပ်နိုင်ရန် ရည်ရွယ်ကာစတင်ထည့်သွင်းပေးခဲ့ပြီး နောက်ပိုင်းတွင် GIF များ၊ ဗီဒီယိုများ၊ သီချင်းများပါ လျင်မြန်စွာ ရှာဖွေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အသစ်ပါဝင်လာသော Chat Extension လုပ်ဆောင်ချက်များမှာ Viber Shouts အမည်ရလုပ်ဆောင်ချက်သည် အသုံးပြုသူတို့ စာတိုများ ပေးပို့ရာတွင် နောက်ခံအရောင်များဖြင့် ပေးပို့နိုင်မည်ဖြစ်ပြီး စတင်မိတ်ဆက်ချိန်တွင် ရောင်စုံနောက်ခံ ၂၀ ခန့်ပါဝင်မည်ဖြစ်ကာ နောက်ပိုင်းတွင် ပြည်တွင်းပြည်ပနောက်ခံ အရောင်ဒီဇိုင်းများ ထပ်မံထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ Favorites အမည်ရလုပ်ဆောင်ချက်မှာ အသုံးပြုသူများနှစ်သက်ပြီး အသုံးပြုလေ့ရှိသော GIF ပုံများ၊ Link များ၊ YouTube မှ ဗီဒီယိုများကို တစ်နေရာတည်းတွင် မှတ်သားသိမ်းဆည်းပေးထားနိုင်မည်ဖြစ်ပြီး တစ်ဖက်မှပေးပို့လိုက်သော GIF ပုံများ၊ Link များ၊ YouTube မှ ဗီဒီယိုများကို အလွယ်တကူ သိမ်းဆည်းမှတ်သားမှုပြုလုပ်နိုင်ကာ ခဏတာအတွင်းပြန်လည်မျှဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

Location အမည်ရလုပ်ဆောင်ချက်မှာ Viber အသုံးပြုကာ တစ်ဖက်နှင့်တစ်ဖက် တည်နေရာများကို ဝေမျှနိုင်မည်ဖြစ်ပြီး အသုံးပြုသူ၏ အနီးအနားတွင်ရှိသော စားသောက်ဆိုင်၊ အပန်းဖြေနေရာ၊ ဈေးဝယ်စင်တာနှင့် ရုပ်ရှင်ရုံအစရှိသည်တို့ကိုပါ မျှဝေပေးပို့နိုင်မည်ဖြစ်ကာ အသုံးပြုသူများသည် မိမိတို့အသုံးပြုနေသော စမတ်ဖုန်းမှ တည်နေရာရှာဖွေသည့် လုပ်ဆောင်ချက်ကို ဖွင့်လှစ်ထားရမည်ဖြစ်ပြီး မိမိနှစ်သက်သည့် စမတ်ဖုန်းအတွင်းမှ မြေပုံအသုံးပြုမှု အက်ပလီကေးရှင်းများဖြင့် လွယ်ကူစွာချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ Viber Chat Extension များ စတင်ချိန်မှ ယနေ့ကာလအထိ အသုံးပြုများက အကြိမ်အရေအတွက် သန်း ၁၄၀၀ ကျော်အသုံးပြုမှုများရှိခဲ့ပြီး ယခုအသစ်ထည့်သွင်းမိတ်ဆက်ပေးလိုက်သော Chat Extension အသစ်များကို Viber အက်ပလီကေးရှင်းပါရှိသည့် မည်သည့် စမတ်ဖုန်းအမျိုးအစားတွင်မဆို ရယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ALEX





# လက်တွေ့ဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေ ပုံစံကဲ့သို့ ပြသပေးနိုင်မည့် Google AI နည်းပညာသစ်

၂၀၁၈ ခုနှစ်အတွင်း ဆန်းသစ်သည့် လုပ်ဆောင်ချက်များနှင့် အောင်မြင်လာပြီဖြစ်သော Artificial Intelligence (AI) နည်းပညာများကို Google မှ ပိုမိုဆန်းသစ်စေရန် အစဉ်အမြဲ သုတေသနပြုဖန်တီးလျက်ရှိရာ ယခုအခါ ကမ္ဘာတစ်ဝန်း နေရာအနှံ့တွင် ဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေများကို လက်တွေ့ပြသပေးနိုင်မည့် နည်းပညာတစ်ခုကို ဖန်တီးပြသပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနည်းပညာကို စတုရန်းပုံဖန်သား Virtual Terrarium လေးတွင်ထည့်သွင်းပေးထားပြီး Google Assistant မှ တစ်ဆင့် ရာသီဥတုအခြေအနေကို အသံဖြင့် မေးမြန်းသည့်အခါတွင် အဆိုပါ Virtual Terrarium အတွင်းရှိ သဘာဝပတ်ဝန်းကျင် ပုံစံငယ် ပြုလုပ်ထားသည့်နေရာတွင် လက်တွေ့အပြင်တွင်ဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေကို ပြသပေးသွားမည်ဖြစ်သည်။ ၎င်းမှာ လက်ရှိဈေးကွက်အတွင်း ရောင်းချပေးနေသော အလှမွေးငါးကန်ငယ်များနှင့် ပုံစံချင်းဆင်တူပြီး အတွင်းဘက်တွင် သဘာဝပတ်ဝန်းကျင်ပုံစံ အပင်ငယ်များနှင့် ကုန်းမြေစသည်တို့ပါဝင်မည်ဖြစ်ကာ နေပူခြင်း၊ မိုးရွာခြင်း၊ တိမ်ထူခြင်း၊ နှင်းကျခြင်း စသည့် ကမ္ဘာတစ်ဝန်းရှိ မည်သည့်နေရာမျိုးတွင်းမဆို ဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေအတိုင်း ပြသပေးနိုင်မည်ဟု သိရသည်။

အဆိုပါကိရိယာကို Project Oasis ဟုအမည်ပေးထားပြီး Google Assistant နှင့် တွဲဖက်အသုံးပြုနိုင်မည်ဖြစ်ကာ AI နည်းပညာကိုအခြေခံ၍ ဖန်တီးထားသော အဆိုပါနည်းပညာ မိတ်ဆက်ပြသသည့် ရုပ်သံဗီဒီယိုကို ပြီးခဲ့သည့် ဇွန် ၅ ရက်က YouTube တွင် ကြည့်ရှုသူများစွာရှိကြောင်း သိရသည်။

ဓာတ်

# မြစ်သားမြို့တွင် မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြ

**မြစ်သား ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ထနောင်းကုန်းကျေးရွာရှိ တောင်သူ ဦးချစ်ထွေး၏ စံပြကွက်၌ မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းက တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကို အသုံးချပြီး မိမိတို့တောင်သူဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက "နိုင်ငံတော်က ထောက်ပံ့ပေးနေတဲ့ ငွေကြေး၊ မျိုးစေ့၊ စိုက်နည်းစနစ်များနှင့် စက်ကိရိယာတွေကို အသုံးချပြီး တောင်သူများ သီးနှံအထွက်တိုးအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က မြေ၊ မျိုး၊ စိုက်နည်းစနစ်နဲ့ ပိုးမွှားကာကွယ်ရေးတို့အကြောင်းကို ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် တောင်သူများက ဝါစံပြကွက်အား ကွင်းဆင်းကြည့်ရှုကြပြီး သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ဆွေးနွေးရှင်းလင်းခဲ့ကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

# ၂၀၁၈ ခုနှစ် လောင်းကစားဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်     ။)**
**၁၃၈၀ ပြည့်နှစ်၊     လ     ရက်**
**(၂၀၁၈ ခုနှစ်     ၊     လ     ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **လောင်းကစားခြင်း**ဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုခုတွင် ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လောင်းကစားခြင်းကို ဆိုသည်။

(ခ) **ပစ္စည်း**ဆိုသည်မှာ သက်ရှိသက်မဲ့၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းအားလုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းပစ္စည်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များလည်း ပါဝင်သည်။

(ဂ) **လောင်းကစားအိမ်**ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်သည့် အိမ်၊ အဆောက်အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့်ဖွင့်လှစ်သော ကာစီနိုရုံများ မပါဝင်။

(ဃ) **လောင်းကစားကိရိယာ**ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်ရာ၌ အသုံးပြုသော ဖဲ၊ အန်စာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားခွက်၊ ဇယားကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်၊ စာရင်း၊ အီလက်ထရောနစ်ပစ္စည်းများနှင့် အီလက်ထရောနစ် ဆက်သွယ်ရေးနည်းပညာသုံး ကိရိယာများကို ဆိုသည်။ ယင်း စကားရပ်တွင် လောင်းကစားခြင်းအတွက် ကြံစည်ပြုလုပ်ထားသော သို့မဟုတ် အသုံးပြုနိုင်သော အခြားအရာများနှင့် လောင်းကစားခြင်း၌ အသုံးပြုသော တိရစ္ဆာန်၊ ယာဉ်တို့လည်း ပါဝင်သည်။

(င) **အများပြည်သူနှင့်ဆိုင်သောနေရာ**ဆိုသည်မှာ မည်သူမဆို ဝင်ထွက်သွားလာနိုင်သော လမ်း သို့မဟုတ် နေရာကို ဆိုသည်။

(စ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ တာဝန်များကို ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

(ဆ) **မြို့နယ်ရဲတပ်ဖွဲ့မှူး** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၏တာဝန်များကို ထမ်းဆောင်နေသော ရဲအရာရှိကို ဆိုသည်။

(ဇ) **စခန်းမှူး** ဆိုသည်မှာ သက်ဆိုင်ရာ ရဲစခန်းနယ်မြေအတွင်း ရဲစခန်းမှူးတာဝန် ထမ်းဆောင်နေသူကို ဆိုသည်။

(ဈ) **အီလက်ထရောနစ်ထီလုပ်ငန်း** ဆိုသည်မှာ အီလက်ထရောနစ် အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic Data Interchange)၊ အီးမေးလ်၊ အက်စ်အမ်အက်စ်စနစ် (Short Message System)၊ တယ်လီကော်ပီ (Telecopy) တို့အပါအဝင် အီလက်ထရောနစ်နည်းဖြင့် ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖြစ်စေ အသုံးပြု၍ ထီလက်မှတ်ရောင်းချခြင်းလုပ်ငန်းကို ဆိုသည်။

**အခန်း (၂)**
**အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို ဝရမ်းမပါဘဲဖမ်းဆီးခြင်း**

၃။ (က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် အများပြည်သူနှင့်ဆိုင်သောနေရာတွင် အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးကိုတွေ့ရှိလျှင် ထိုသူအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်းသူ၊

(၂) လောင်းကစားသူ၊ လောင်းကစားရန် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ၊

(၃) မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲ တစ်ခုခု၌ မဆို လောင်းကစားသူ သို့မဟုတ် လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ။

(ခ) ပုဒ်မခွဲ (က) အရ အရေးယူဆောင်ရွက်သူတစ်ဦးဦးသည် ဖမ်းဆီးသည့်နေရာတွင် ဖြစ်စေ၊ ဖမ်းဆီးခံရသူများ၏ ကိုယ်ပေါ်တွင် ဖြစ်စေ တွေ့ရှိသော လောင်းကစားကိရိယာများနှင့် ငွေကြေး အားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းရမည်။

**အခန်း (၃)**
**လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း**

၄။ (က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ စခန်းမှူးသည် သက်ဆိုင်ရာမြို့နယ်အတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သော သတင်းရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကိုရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

(ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်မှ ဒုတိယရဲအုပ်အဆင့်အောက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား လည်းကောင်း၊ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) အောက် မနိမ့်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအား လည်းကောင်း ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိတစ်ဦးဦးသည် ဒုတိယရဲအုပ်အဆင့်အောက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးစေနိုင်သည်။

၅။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးတစ်ဦးဦး အပါအဝင် အနည်းဆုံး နှစ်ဦးပါဝင်လျက် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သော သတင်းရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကို ရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်သည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိ တစ်ဦးဦးအား လည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူး ပါဝင်သောအဖွဲ့အား လည်းကောင်း၊ ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

၆။ (က) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူ သို့မဟုတ် ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူဖြစ်ပါက သတင်းရရှိပြီးနောက် ဖြစ်စေ၊ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူဖြစ်ပါက ဝရမ်းထုတ်ပေးသောနေ့မှ (၁၄) ရက်အတွင်း ဖြစ်စေ လိုအပ်သည့် အကူအညီများနှင့် လောင်းကစားအိမ်သို့ လိုအပ်လျှင် မည်သည့်နည်းဖြင့်မဆို အချိန်မရွေးဝင်ရောက်နိုင်ခွင့်၊

(၂) လောင်းကစားအိမ်တွင် လောင်းကစားနေသူများ၊ ရောက်ရှိနေသူများနှင့် အားပေးကူညီသူများအား ဖမ်းဆီးနိုင်ခွင့်၊

(၃) လောင်းကစားအိမ်တွင် တွေ့ရှိသော လောင်းကစားကိရိယာနှင့် လောင်းကစားရာ၌ အသုံးပြုသော သို့မဟုတ် အသုံးပြုမည်ဟု ယုံကြည်ရန်ရှိသော ငွေကြေးနှင့် ပစ္စည်းကို သိမ်းဆည်းနိုင်ခွင့်၊

(၄) လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို လျှို့ဝှက်ထားကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါ လောင်းကစားအိမ်၏နေရာ အနှံ့အပြားနှင့် ဖမ်းဆီးထားသူများ၏ ကိုယ်တွင်ရှာဖွေ၍ တွေ့ရှိသမျှသော လောင်းကစားကိရိယာအားလုံးကို သိမ်းဆည်းနိုင်ခွင့်။

(ခ) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ -

(၁) သတင်း သို့မဟုတ် အခြားယုံကြည်လောက်သောအကြောင်း အချက်များကို ရေးမှတ်သူသည် သတင်းပေးသူ၏အမည်ကို လိုအပ်မှသာ ဖော်ပြရေးသားရမည်။

(၂) ရှာဖွေသည့်အခါတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေရမည်။

(၃) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးသူသည် ဖမ်းဆီးရမိသူများ၊ သိမ်းဆည်းရရှိသည့် ပစ္စည်းများကို ရဲစခန်းသို့လွှဲအပ်ရမည်။

(၄) ဆောင်ရွက်သူသည် မည်သူ့ကိုမျှ ဖမ်းဆီးရမိခြင်းမရှိလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၄)**
**တားမြစ်ချက်များ**

၇။ မည်သူမျှ အများပြည်သူနှင့်ဆိုင်သောနေရာတွင် -

(က) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်းခြင်းမပြုရ။

(ခ) လောင်းကစားခြင်း၊ လောင်းကစားရန် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

(ဂ) မည်သည့် အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲ၌မဆို လောင်းကစားခြင်း၊ လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်းမပြုရ။

၈။ မည်သူမျှ လောင်းကစားအိမ်တွင် -

(က) လောင်းကစားခြင်း မပြုရ။

(ခ) ရောက်ရှိနေခြင်း မရှိစေရ။

၉။ မည်သူမျှ -

(က) လောင်းကစားအိမ် ဖွင့်လှစ်ခြင်း သို့မဟုတ် တည်ထောင်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အာပေးကူညီခြင်း မပြုရ။

(ခ) လက်ဝယ်ရှိသော သို့မဟုတ် အသုံးပြုခွင့်ရသော အိမ်၊ အဆောက်အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို လောင်းကစားအိမ်အဖြစ် ဖွင့်လှစ်ရန် သို့မဟုတ် တည်ထောင်ရန် သို့မဟုတ် အသုံးပြုရန် ခွင့်မပြုရ။

၁၀။ မည်သူမျှ -

(က) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ ခွင့်ပြုချက်မရှိဘဲ ထီ သို့မဟုတ် အီလက်ထရောနစ်ထီ သို့မဟုတ် ထီကဲ့သို့ အခြားကံစမ်းကစားနည်း၊ ကာစီနိုကဲ့သို့ ကံစမ်းကစားနည်းနှင့် ကျွမ်းကျင်မှုကစားနည်းတစ်ခုခုတွင် စီမံခန့်ခွဲသူအဖြစ် လည်းကောင်း၊ လောင်းကြေးလက်ခံသူအဖြစ် လည်းကောင်း၊ ဒိုင်အဖြစ် လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်းမပြုရ။

(ခ) ပုဒ်မခွဲ (က) ပါ ကစားနည်းတစ်မျိုးမျိုးကို အကြောင်းပြု၍ ငွေကြေး အကျိုးအမြတ်ရယူခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ (က) ပါ ကစားနည်းတစ်မျိုးမျိုးတွင် ပါဝင်လောင်းကစားခြင်း မပြုရ။

၁၁။ မည်သူမျှ လောင်းကစားရန် ငွေချေးခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်း မပြုရ။

**အခန်း (၅)**
**ပြစ်ဒဏ်များ**

၁၂။ မည်သူမဆို -

(က) ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အများဆုံး ခြောက်လအထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ကျပ် ၅၀၀၀၀အထိ ငွေဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၃။ မည်သူမဆို -

(က) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ်၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၄။ မည်သူမဆို -


(က) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀၀မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ဆက်လက်ဖော်ပြပါမည်။













# ကလျာဏမိတ္တ လောက အလှဆင်

**ကိုရင်ညြ**

အဏုမြူလက်နက်များ ရရှိရေးအတွက် ကာလကြာရှည် ကြိုးပမ်းလာခဲ့သော မြောက်ကိုရီးယားနိုင်ငံနှင့် ကမ္ဘာ့စူပါနိုင်ငံကြီးဖြစ်သော အမေရိကန်ပြည်ထောင်စုတို့၏ ထိပ်သီးဆွေးနွေးပွဲကို စင်ကာပူနိုင်ငံ၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဆိုသော သတင်းတစ်ပုဒ်က ကမ္ဘာတစ်လွှားသို့ ရိုက်ခတ်သွား၏။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အခြားနိုင်ငံများက မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအမျိုးမျိုး ပြုလုပ်ခဲ့ကြခြင်းကြောင့် တင်းမာမှုများဖြစ်ပေါ်ခဲ့ရပြီးနောက် သံတမန်ရေးအရ ပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကာ မကြုံစဖူး ထူးထူးခြားခြား တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ဖြစ်ပေါ်လာခြင်းအဖြစ် ရှုမြင်ကြရ၏။

နျူကလိယ အစီအစဉ်ကို ဖျက်သိမ်းပေးမည်ဆိုလျှင် ကြီးမြတ်ထည်ဝါသော အရာခပ်သိမ်းနှင့် မြောက်ကိုရီးယား ပြည့်စုံရလိမ့်မည်ဟု သမ္မတထရန့်က ကတိကဝတ်ပြု နှုတ်မြွက်စကားဆိုခဲ့ခြင်းမှာ ကယုကယအချိုသပ် ဆွဲဆောင်စည်းရုံးမှုနည်းလမ်းလောဟု တွေးဆရ၏။

မြောက်ကိုရီးယား ခေါင်းဆောင်နှင့် သမ္မတထရန့်တို့ ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ တွေ့ဆုံဆွေးနွေးမည်ဟု မတ် ၈ ရက်တွင် အိမ်ဖြူတော်က အတည်ပြုပြောကြားခဲ့သည့်တိုင်အောင် တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အကြောင်းပြု၍ တောင်ကိုရီးယားနှင့် ပြုလုပ်မည့် ဆွေးနွေးပွဲကို မြောက်ကိုရီးယားနိုင်ငံက မေ ၁၅ ရက်တွင် ရုတ်ခြည်းဖျက်သိမ်းခဲ့သေးသည်။

နောက်ကိုးရက်အကြာတွင် သမ္မတထရန့်က ထိပ်သီးဆွေးနွေးပွဲကို ဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ သို့ရာတွင် မြောက်ကိုရီးယားဘက်မှ သတင်းစကားပါးလာသော် သမ္မတထရန့်မှာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် အားပါးတရ သဘောတူညီခဲ့ပြန်သည်။

မြောက်ကိုရီးယား ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကင်ယောင်ချိုးလ်နှင့် အိမ်ဖြူတော် တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အစီအစဉ်အတိုင်း ဇွန် ၁၂ ရက်တွင် ထိပ်သီးဆွေးနွေးပွဲပြုလုပ်မည်ဟု သမ္မတထရန့်က ဇွန် ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

## ပွဲကြိုထူးခြားချက်များ

ဇွန် ၁၂ ရက် ထိပ်သီးဆွေးနွေးပွဲ အကြိုကာလတွင် ခေါင်းဆောင်ကြီးကင်က မြောက်ကိုရီးယား တပ်မတော်၏ ထိပ်တန်း ဗိုလ်ချုပ်ကြီး သုံးဦး၏နေရာတွင် လူစားထိုးခန့်အပ်မှုများ ပြုလုပ်ခဲ့ခြင်းမှာ တစ်မူထူးခြားလှသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်၏။ တိုက်ချင်းပစ် ပဲ့ထိန်းဒုံး (အိုင်စီဘီအမ်) နျူကလိယလက်နက် အစီအစဉ်အတွက် တာဝန်ယူလုပ်ဆောင်ခဲ့ကြသော အဆင့်မြင့် အရာရှိကြီးသုံးဦး၏နေရာတွင် လူသစ်များဖြင့် အစားထိုးခဲ့၏။ အစားထိုးဝင်လာသူများမှာ သဘောထားတင်းမာသူများမဟုတ်ကြဘဲ အလိုက်သင့်အလျားသင့် တွေးခေါ်တတ်သူများအဖြစ် အများက သိရှိကြ၏။

မိမိတို့၏ အဏုမြူလက်နက်တိုက်သည် ကျူးကျော်စော်ကား တိုက်ခိုက်ရာတွင် အသုံးပြုရန် ရည်ရွယ်သည့် လက်နက်များမဟုတ်မူ၍ အဟန့်အတားပြု လက်နက်သာဖြစ်သည်ဟု မြောက်ကိုရီးယားက ကြွေးကြော်ခဲ့လေသည်။

မြောက်ကိုရီးယားနှင့် အဏုမြူလက်နက် သဘောတူညီချက်ရရှိရေး အိုင်စီဘီအမ်ဒုံးလက်နက်အစီအစဉ် ဖျက်သိမ်းရေးတို့မှာ သမ္မတထရန့်၏ အန္တိမ မျှော်မှန်းချက်များ ဖြစ်ပေလိမ့်မည်။

အဏုမြူလက်နက် ကင်းရှင်းရေးဇုန် ထူထောင်ရေးလုပ်ငန်းစဉ်ကို သမ္မတထရန့်က မြောက်ကိုရီးယားထောက်လှမ်းရေးဌာန အကြီးအကဲဟောင်း ဗိုလ်ချုပ်ကြီး ကင်ယောင်ချိုးလ်အား ချပြခဲ့ပြီး အပေးအယူသဘောတရားအရ မြောက်ကိုရီးယားအပေါ် စီးပွားရေးဒဏ်ခတ်မှုများ ရုပ်သိမ်းပေးမည်ဟု ကမ်းလှမ်းခဲ့သည်။

အဏုမြူလက်နက် ထိပ်ဖူးများနှင့် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်များကို မြောက်ကိုရီးယားနိုင်ငံ၏ ပြင်ပသို့ လွှဲပြောင်းပေးရန်လည်းကောင်း၊ မြောက်ကိုရီးယား၏ အဏုမြူဆိုင်ရာ နေရာဌာနများနှင့် ဒုံးလက်နက် အစီအစဉ် အကောင်အထည်ဖော်သည့် နေရာတို့ကို နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က ဝင်ရောက်စစ်ဆေးခွင့် ရရှိရေးတို့နှင့် ပတ်သက်၍လည်းကောင်း အမေရိကန်က တောင်းဆိုဖွယ်ရှိလေသည်။

## အထူးပွဲသဘင် ဝှဲချီးဆင်ယင်ဖို့ပြင်

အမေရိကန်နှင့် မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲတည်းဟူသော အထူးပွဲသဘင်အဖြစ် ဝှဲချီးဆင်ယင်နိုင်ရန် အထူးတလည် ပြင်ဆင်နေသည်မှာ စင်ကာပူ အစိုးရအဖွဲ့ဖြစ်၏။

ထိပ်သီးဆွေးနွေးပွဲ လုံခြုံရေးအတွက် အစွမ်းကုန်ပြင်ဆင်ထားသည်ဟု စင်ကာပူ ပြည်ထဲရေးဝန်ကြီးဌာနက ဇွန် ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိကာလတွင် ဆန်တိုစာကျွန်းတစ်ကျွန်းလုံး၊ ယင်းကျွန်း၏ အနောက်တောင်ပိုင်း ပင်လယ်ကမ်းခြေအရပ်များ၏ ကမ်းလွန်ရေပြင်တစ်ကြောလုံးကို အထူးပွဲသဘင်ဧရိယာအဖြစ် သတ်မှတ်ထားသည်။

ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရာနေရာဖြစ်သော ကပ်ပီလာ စင်ကာပူဟိုတယ်သည် ‘အထူးပွဲသဘင် ဧရိယာ’ တွင် ပါဝင်သည်။ ထိပ်သီးဆွေးနွေးပွဲကို ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စတင်မည်ဟု အိမ်ဖြူတော်ပြန်ကြားရေးဝန်ကြီး ဆာရာဆန်းဒါးက ဇွန် ၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့စူပါနိုင်ငံကြီးဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ကွန်မြူနစ် မြောက်ကိုရီးယားနိုင်ငံတို့အကြား ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမှု ဖြစ်ကြရသည်ကား သေချာလှသည်။

ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းမှုရှိရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြီးစွာအထောက်အကူရစေလိမ့်မည်ဟု ကမ္ဘာ့နိုင်ငံများက မျှော်လင့်လျက်ရှိကြသည်။

ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးအတွက် ကြားဝင်စေ့စပ်ပေးနိုင်ရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က မေ ၃၁ ရက်တွင် ခေါင်းဆောင်ကြီးကင်နှင့် မြို့တော်ပြုံယမ်းတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။



ဓာတ်ပုံ- straitstimes

လက်နက်ဖျက်သိမ်းရေး လုပ်ငန်းစဉ် အရှိန်အဟုန် မြန်ဆန်လာစေရေးအတွက် အမေရိကန်ဘက်မှ စီးပွားရေးပိတ်ဆို့ထားမှုများကို ပြန်လည်ရုပ်သိမ်းပေးရန်၊ မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေး မြင့်မားတိုးတက်လာစေရေးအတွက် ကမ္ဘာ့နိုင်ငံများက အကူအညီပေးကြရန်၊ ကိုရီးယားကျွန်းဆွယ်ကို အဏုမြူလက်နက် ကင်းရှင်းရေးဇုန်အဖြစ် ထူထောင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် ရုရှားက သံတမန်ရေးနည်းလမ်းအရ အဖြေရှာဖွေလျက်ရှိသည်။

နှစ်ဦးနှစ်ဖက် တင်းမာမှု လျှော့ချနိုင်ရေးအတွက် မြောက်ကိုရီးယား၏ အဏုမြူလက်နက် ဖျက်သိမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရရှိလာမည်ဟု မိမိမျှော်လင့်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်က ထုတ်ဖော်ပြောဆိုခဲ့သည်။

သို့ရာတွင် အမေရိကန်နှင့် မြောက်ကိုရီးယားအကြားဖြစ်ပေါ်နေသည့် သံသယစိတ်များ အမှန်တကယ် လွင့်ပါးပျောက်ကွယ်ကြမှသာလျှင် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဖြေရှင်းချက်ရရှိနိုင်မည်ဟု ယူဆရဖွယ်ရှိနေပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အဓိကမဟာမိတ်ဖြစ်သော တရုတ်နိုင်ငံ၏ သမ္မတလည်းဖြစ်၊ တရုတ်ကွန်မြူနစ်ပါတီ၏ အထွေထွေ အတွင်းရေးမှူးလည်းဖြစ်သူ ရှီကျင့်ဖျင်သည် သမ္မတထရန့်နှင့် မတ် ၁၁ ရက်က ဆွေးနွေးခဲ့ရာတွင် မြောက်ကိုရီးယား၏ နျူကလိယပြဿနာကို သံမန်ရေးနည်းလမ်းအရ အဖြေရှာရန် ကြိုးပမ်းအားထုတ်နေမှုများအတွက် ချီးကျူးမိပါသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်အစီအစဉ်နှင့် အဏုမြူဗုံး အစီအစဉ်တို့ အဆုံးသတ်နိုင်ရေးအတွက် မြောက်ကိုရီးယားအစိုးရတာဝန်ရှိသူများနှင့် လျှို့ဝှက်ဆွေးနွေးမှုများကို ပြုလုပ်လာခဲ့သည်မှာ သုံးနှစ်မျှရှိခဲ့ပါပြီဟု ဥရောပပါလီမန်က မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနှင့် အမေရိကန်အကြား ဆွေးနွေးမှုများတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍရှိသင့်သည်ဟုလည်း ဥရောပ ပါလီမန်က အကြံပြုခဲ့သေးသည်။

ထရန့်နှင့် ကင် ထိပ်သီးဆွေးနွေးပွဲသည် အဏုမြူလက်နက်ဖျက်သိမ်းရေးအပေါ် အဓိက အာရုံစိုက်သင့်သည်ဟု အမေရိကန်က အလေးအနက်ပြုပြောကြားခဲ့သည်။ သို့ရာတွင် ထိပ်သီးဆွေးနွေးပွဲတွင် အလေးအနက်ပြုပြောဆိုနိုင်ရန် ပြင်ဆင်ထားမှုများ မရှိလျှင် ထိရောက်မှုရှိသော ထိပ်သီးဆွေးနွေးပွဲ ဖြစ်လာနိုင်မည်မဟုတ်ဟု ယူဆရသည်။

ထရန့်နှင့် ကင် ထိပ်သီးဆွေးနွေးပွဲသည် နှစ်ဦးနှစ်ဖက် အကြိတ်အနယ် ဆွေးနွေးပြီးခါမှ ဖြေရှင်းချက်ရရှိလာနိုင်ဖွယ်ရှိကြောင်း၊ ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ဖျက်သိမ်းမှုကို နိုင်ငံတကာက အတည်ပြုနိုင်သည်အထိ ကတိကဝတ်များ ပြုကြရန် လိုအပ်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က သုံးသပ်သည်။

သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အူလှိုက်သည်းလှိုက် အကူအညီပေးနေသော နိုင်ငံမှာ ကျွန်ုပ်တို့ အရှေ့တောင်အာရှဒေသမှ စင်ကာပူနိုင်ငံဖြစ်ပြီး ထိပ်သီးဆွေးနွေးပွဲကုန်ကျစရိတ်တချို့တစ်ဝက်ကို ကျခံကာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တစ်တပ်တစ်အား ဖြည့်ဆည်းပေးသည့် ဆောင်ရွက်ချက်အဖြစ် ကမ္ပည်းမော်ကွန်း ရေးထိုးနိုင်ပေလိမ့်မည်။

မြောက်ကိုရီးယားနိုင်ငံသည် ဝါဒသဘောတရားရေးရာအရ အနောက်အုပ်စုနှင့် သူတစ်လူငါတစ်မင်း ယှဉ်ပြိုင်ခြင်းရှိခဲ့ပြီး ကွန်မြူနစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်ခဲ့သည်။ အချုပ်အခြာအာဏာ ပိုင်စိုးသော နိုင်ငံအဖြစ် နိုင်ငံကြီးငယ်မခွဲခြားဘဲ နှစ်နိုင်ငံ တန်းတူရည်တူ ဆက်ဆံရေးရှိသည့် နိုင်ငံအဖြစ် အမေရိကန်၏ အသိအမှတ်ပြုမှုကိုရရှိရန် မြောက်ကိုရီးယားခေါင်းဆောင်တို့က ၁၉၈၀ ပြည့်လွန်နှစ်များကတည်းကပင် လိုလားခဲ့သည်ဟု ကျွန်ုပ်မှတ်သားခဲ့ရဖူးသည်။

မြောက်ကိုရီးယားသည် အမေရိကန်ထံမှ စီးပွားရေးအကူအညီရရှိရုံမျှဖြင့် ယင်း၏ အဏုမြူစွမ်းပကားတစ်ရပ်လုံးကို စွန့်လွှတ်မည့် လက္ခဏာ ပြသခဲ့ခြင်းလည်း မရှိချေ။

အမေရိကန်၏ စစ်ရေးခြိမ်းခြောက်မှုရှိနေသရွေ့ မိမိတို့နိုင်ငံ၏ အဏုမြူဗုံး အစီအစဉ်ကို စွန့်လွှတ်နိုင်မည် မဟုတ်ဟု ခေါင်းဆောင်ကြီးကင်၏ ပြောရေးဆိုခွင့်ရှိသူက လွန်ခဲ့သည့်လတွင် ပြောကြားခဲ့ခြင်းသည် ထိပ်သီးဆွေးနွေးပွဲတွင် မြောက်ကိုရီးယားဘက်မှ တောင်းဆိုချက်ဖြစ်လာနိုင်သည်ဟု တွေးဆရသည်။

မြောက်ကိုရီးယားခေါင်းဆောင်အနေဖြင့် သူ၏နိုင်ငံကို ‘ဒုတိယမွိ လစ်ဗျား’ နိုင်ငံအဖြစ် ပုံနှိုင်းပြောဆိုခြင်းကိုလည်း လုံးဝလက်မခံခဲ့ပေ။ လစ်ဗျားခေါင်းဆောင် မိုဟာမက်ကဒါဖီသည် အဏုမြူလက်နက် အစီအစဉ်ကို စွန့်လွှတ်ခဲ့ခြင်းအတွက် အမေရိကန်နှင့် ဆက်ဆံရေး ပြန်လည်ကောင်းမွန်ခဲ့သော်လည်း နောက်ဆုံးတွင် နေတိုးတပ်ဖွဲ့က ထောက်ခံသော သူပုန်ထမှုအတွင်း ကျဆုံးခဲ့ရလေသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားအကြား ယုံကြည်မှုတည်ဆောက်နိုင်ကြခြင်းဖြင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် အရှေ့အာရှဒေသ ငြိမ်းချမ်းရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးအထိ တသီတတန်း ငြိမ်းချမ်းရေး တည်ဆောက်နိုင်ပေမည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် ဖြစ်ပေါ်နေသော သဘောထားကွဲလွဲနေမှုများကို အသွင်ပြောင်းလဲရန် လိုအပ်ပေမည်။ နှစ်နိုင်ငံအကြား အလွှာလွှာ အထပ်ထပ် ရစ်ပတ်ဖွဲ့နှောင်ထားသော သဘောထား ကွဲလွဲမှုများကို တစ်လွှာပြီးတစ်လွှာ ခွာချနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ အရေးပါ အရာရောက်ပြီး ရန်သူတော်နိုင်ငံများအဖြစ်မှ ကလျာဏမိတ္တ (ဝါ) မိတ်ကောင်းဆွေကောင်း နိုင်ငံများအဖြစ်သို့ ကူးပြောင်းနိုင်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးရရှိနိုင်ပုံကို တွေးတောမိရင်း “ကလျာဏမိတ္တ လောကအလှဆင်” ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref: Trump-Kim summit in Singapore set for 9am on June 12 (TODAYonline)*

MYANMAR CONSTRUCTION
MCEA
ENTREPRENEURS ASSOCIATION

Original Group Co., Ltd. | AUNG MYANAMR | ASIA EXPRESS | TOKYO PIPE
M.K.T Construction Co.,Ltd | NAING GROUP | SYSTEM ENGINEERING COMPANY LIMITED
MTH Construction Group Co., Ltd | ZEC ZODIAC e-CORRIDOR | WYNE INTERNATIONAL | ORIGINAL ASIA CO., LTD.

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(Federation of Myanmar Construction Entrepreneurs' Association)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် ရွေးချယ်တင်မြောက်ပွဲတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြောက်ခြင်းခံရသော **ဦးရိုန်ဝင်း** (ဥက္ကဋ္ဌ-တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီ)အတွက် MCEA ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်များ၊ ဗဟိုကော် မတီဝင်များနှင့် အသင်းဝင်ကုမ္ပဏီများမှ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိ ပါကြောင်း။

နောင်နှစ်ပေါင်းများစွာ ဆောက်လုပ်ရေးလောက ဖွံ့ဖြိုး တိုးတက်ရေး ပြည်သူအကျိုး၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

MND Since- 2000 | the BEST 5 Co.,Ltd (Engineering & Construction) | NSY | THAR TAR KYAL SIN CO.,LTD | DAWN | MOONSUN | TZTM GROUP OF COMPANIES | MIDC
PDC Panwa Development Co., Ltd. | THIHA Development GROW TOGETHER | MGW | Royal Lotus | KAUNG THIT HEIN CONSTRUCTION CO.,LTD
NGAPALI Construction Co., Ltd. | MAC | MYANMAR MAHAR HTUN | ZBDG | A1 | WWW
FORTUNE International | MANAWAYER .CONSTRUCTION.COMPANY | MID www.mid.com.mm | V-Pile Holdings Co., Ltd.
AMPS | MTHP | KMG CONSTRUCTION | STEEL KING Specialize in Steel Since-1998 | Golden Avenue
DG Dagon Group Of Companies | MYANAMR INFRASTRUCTURE DEVELOPMENT CO.,LTD. | SML SHAR MU LAR Construction Co.,Ltd. | ROYAL AYAR Creative & Construction Co.,Ltd
ADIPATI THAIK Co.,Ltd Constructions & Ready Mixed Concrete | Amp AYAR MYAT PYAY Engineering & Construction Service Co.,Ltd. | Zin U Cho Trading & Construction Company Italy Standard

MYANMAR CONSTRUCTION
MCEA
ENTREPRENEURS ASSOCIATION

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (Federation of Myanmar Construction Entrepreneurs' Association)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် ရွေးချယ်တင်မြောက်ပွဲတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြောက်ခြင်းခံရသော **ဦးရှိန်ဝင်း** (ဥက္ကဋ္ဌ-တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီ)အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိ ပါကြောင်း။

| | |
|---|---|
| ဦးကျော်ပိုင် | (Aung Myanmar Technology Co.,Ltd.) |
| ဦးမောင်မောင် | (Asia Express Co.,Ltd.) |
| ဦးသိန်းဟန် | (Excel Co.,Ltd.) |
| ဦးတင်အောင်မြင့် | (Myo & Myint Brothers Co.,Ltd.) |
| ဦးသက်လင်း | (T.Z.T.M Co.,Ltd.) |
| ဦးတင်မောင်နိုင် | (KOL Global Co.,Ltd.) |
| ဦးမျိုးသိဟ | (M.T.H Construction Co.,Ltd.) |
| ဦးကျော်ကျော်ဦး | (Steel King Co.,Ltd.) |
| ဦးစိန်သစ် | (TOSTA Group Co.,Ltd.) |
| ဦးအာကာကြိုင် | (တော်ဝင်ကြာဖူးကုမ္ပဏီလီမိတက်) |
| ဒေါ်သီတာလင်း | (A.1 Construction Co.,Ltd.) |
| ဦးဝင်းလှိုင် | (ခိုင်သစ်ကုမ္ပဏီလီမိတက်) |
| ဒေါ်ရည်ဝိုင်းဦး | (ဝိုင်းအင်တာနေရှင်နယ်လီမိတက်) |
| ဒေါက်တာစုံဟန် | (Myanmar V-Pile Co.,Ltd.) |
| ဦးကြည်စိုး | (AMP Engineering & Const; Serivce Co.,Ltd.) |
| ဦးမြဟန် | (Fortune International Co.,Ltd.) |
| ဦးမောင်မောင်ကြီး | (မောင်မောင်ကြီးထရိတ်ဒင်းကုမ္ပဏီလီမိတက်) |
| ဦးသူရိန်အောင် | (Dagon International Ltd.) |
| ဦးရွှေကြိုင် | (Wah Wah Win International Co.,Ltd.) |
| ဦးဝင်းအောင် | (MGW Construction Co.,Ltd.) |
| ဦးသန်းနိုင် | (Shwe Zabu Deik Construction Co.,Ltd.) |
| ဦးဝဏ္ဏထွန်း | (Myanmar Mahar Htun Co.,Ltd.) |
| ဒေါက်တာအောင်ထက်ဝင်း | (Moon Sun Co.,Ltd.) |
| ဦးနိုင်ဝင်းအောင် | (ရွှေရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီ) |
| ဦးကျော်ခိုင် | (Myanma A-Hla Construction) |
| ဦးမင်းနိုင် | (MID Co.,Ltd.) |
| ဦးစောလင်းဘိုဘို | (ရှားမူးလာကုမ္ပဏီလီမိတက်) |
| ဦးအေးကိုကို | (Myanma Mandai (Total Energy) Co.,Ltd.) |
| ဒေါ်အိအိခင် | (Group of Four Mining Co.,Ltd.) |
| ဒေါ်လွယ်လွယ်ဝင်း | (Thar Yar Kyal Sin Co.,Ltd.) |
| ဦးအောင်အောင်သော် | (အောင်အောင်သော်ဆောက်လုပ်ရေးကုမ္ပဏီ) |
| ဦးမိုးကျော် | (ထွန်းတောက်ကျော်ကုမ္ပဏီလီမိတက်) |
| ဦးစိန်ထွန်းလှ | (Good Time Construction Co.,Ltd.) |
| ဦးစိုင်းစံထွန်း | (The Best 5 Co.,Ltd.) |
| ဦးထွန်းထွန်း | (Royal Ayar Creative & Construction Co.,Ltd.) |
| ဦးမျိုးမြင့် | (M.K.T Construction Co.,Ltd.) |
| ဦးကျော်ကျော်စိုး | (System Engineering Co.,Ltd.) |
| ဒေါက်တာဉာဏ်သစ်လှိုင် | (ZEC Co.,Ltd.) |
| ဦးအေးလင်း | (မြနန္ဒာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) |
| ဦးကျော်စိုး | (Dawn Construction Co.,Ltd.) |
| ဦးရဲလင်း | (ဓနစံရာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) |
| ဦးဝင်းစိန် | (National Land Co.,Ltd.) |
| ဦးလင်းထိန် | (Panwa Development Co.,Ltd.) |
| ဦးနိုင်ထူးလှိုင် | (ရွှေရိပ်မွန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) |
| ဦးဇာနည်စိုး | (Original Asia Co.,Ltd.) |
| ဒေါက်တာထွန်းဝင်း | (Aung Htike Min Co.,Ltd.) |
| ဦးဝင်းခိုင် | (ချင်းတွင်းစွမ်းအားကုမ္ပဏီလီမိတက်) |
| ဒေါ်နုနုထွေး | (Myanmar Toe Htet Paing Co.,Ltd.) |
| ဦးငြိမ်းအောင် | (Dynamic Engineering Co.,Ltd.) |
| ဦးမောင်ဝိတ် | (Sea Paing Development Co.,Ltd.) |
| ဦးသူရအောင် | (အောင်မြင်ပြည့်စုံကုမ္ပဏီလီမိတက်) |
| ဦးမောင်မောင် | (ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီ) |
| ဦးကျော်နိုင်ဦး | (Naing Group Capital Construction Co.,Ltd.) |
| ဦးမင်းခန့်သော် | (Lamain Eindray Co.,Ltd.) |
| ဦးသက်နိုင်ဦး | (Champion Construction Co.,Ltd.) |
| ဦးဇော်နိုင်ဦး | (Naing Group Construction Co.,Ltd.) |
| ဦးမြင့်ဇော် | (Ngapali Construction Co.,Ltd.) |
| ဒေါက်တာမောင်မောင်ဦး | (Myanmar Infrastructure Development Co.,Ltd.) |
| ဒေါ်ချိုသာခင် | (Square Power Co.,Ltd.) |
| ဦးထက်အောင် | (Manawayer Construction Company) |
| ဦးမန်းအောင် | (နေနတ်သားကုမ္ပဏီလီမိတက်) |
| ဦးမင်းမင်းစိုး | (တော်ဝင်ဇွဲကပင်ကုမ္ပဏီလီမိတက်) |
| ဦးတင်ထွန်း | (Toe Htet Kaung Co.,Ltd.) |
| ဦးကျော်မော်ဦး | (KMG Construction Co.,Ltd.) |
| ဦးသက်ခိုင်ဦး | (Pyae Sone Shyan Construction Co.,Ltd.) |
| ဦးသိန်းဇော် | (TZ Construction Co.,Ltd.) |
| ဦးသိန်းဇော် | (Good Day & Zaw Co.,Ltd.) |
| ဦးကျော်ရင် | (အေးမြင့်မိုရ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) |
| ဦးဇော်လင်းအောင် | (Thiha Development Co.,Ltd.) |

**PROVEN TECHNOLOGY INDUSTRY CO.,LTD.**

**(TOYO BATTERY)** အနေဖြင့်

**ISO 9001:2008 (QUALITY MANAGEMENT SYSTEM)** မှ

**ISO 9001:2015 (QUALITY MANAGEMENT SYSTEM)** အား လည်းကောင်း၊

**ISO 14001:2004 (ENVIRONMENTAL MANAGEMENT SYSTEM)** မှ

**ISO 14001:2015 (ENVIRONMENTAL MANAGEMENT SYSTEM)** အား လည်းကောင်း၊

**New Version Certificate** များ လက်ခံရရှိခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံသူ/ နိုင်ငံသားများအတွက် အရည်အသွေးမြင့် **Battery** နှင့် ဆက်စပ်ပစ္စည်းများအား ဆတက်ထမ်းပိုး ဖြည့်ဆည်းပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

EAC Europe a Asia Commercial Company Limited. | NAING GROUP CONSTRUCTIONS CO., LTD. | FARMER PHOYARZAR CO., LTD. | DAGON WIN WIN CO., LTD. | MOON SUN TRADING CO., LTD. | MYANMAR CONSUMER ENTERPRISE LTD. | AUNG MOTOR CO., LTD. | CREST ASIA TRAVELS & TOURS CO., LTD. | STEEL LINE CO., LTD. | INTERNATIONAL ASL LIMITED

ဦးမြင့်လွင် Electronic (ရန်ကုန်မြို့) | OK ဘက်ထရီအမျိုးမျိုး နှင့် လျှပ်စစ်ပစ္စည်းမျိုးစုံ ရောင်းဝယ်ရေး (ရန်ကုန်မြို့) | Olympic ဘက်ထရီရောင်းဝယ်ရေး (ရန်ကုန်မြို့) | ခင်မောင်ငွေး Electronic (မန္တလေးမြို့) | ဦးသန်းငွေး ဘက်ထရီအမျိုးမျိုးရောင်းဝယ်ရေး (အောင်လံမြို့) | နေသူရိန် လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး (ဟင်္သာတမြို့) | National လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး (ပုသိမ်မြို့)

ရွှေမြန်မာ ဆိုင်ကယ်အပိုပစ္စည်းနှင့် စလစ်ဘီးရိုး (မန္တလေးမြို့) | ငြိမ်းချမ်း ဘက်ထရီအမျိုးမျိုး ရောင်းဝယ်ရေး (ပြည်မြို့) | ထွန်းထွန်း ကားရေတိုင်ကီ၊ ဘက်ထရီနှင့် ဆီလမ်းကြောင်းဝယ်ရေး (တောင်ကြီးမြို့) | ပြည့်လုံးမိတ်ဆွေ ဘက်ထရီအမျိုးမျိုး ရောင်းဝယ်ရေး (မန္တလေးမြို့) | အောင် | လွင် ဘက်ထရီရောင်းဝယ်ရေး (မန္တလေးမြို့) | XCL ဘက်ထရီရောင်းဝယ်ရေး (ရန်ကုန်မြို့) | ATT ဘက်ထရီရောင်းဝယ်ရေး

**SEVEN စီ** မော်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊တောင်ပိုင်း၊ မြောက်ပိုင်း၊
ရွှေပေါက်ကံ၊ ရွှေပြည်သာ၊ သန်လျင်၊ ဒလ
အိမ်အရောက် ငွေပေးချေသည်။ "ပွဲခလုံးဝမယူပါ"။
09 - 33 333 511, 09 - 33 333 514, 09 - 33 333 644

လစဉ်ပေးဘော်ဒါ (အားလုံးအပြီးအစီး) (၂၅၀,၀၀၀/ကျပ်)
ကျောင်းအပ် လက်ခံပြီ၊ နေ့တက်ဘော်ဒါ လစဉ်ပေး (၁၂၀,၀၀၀/ကျပ်)
Tel: 09 430 43465 , 09 863 7377

ဖြိုးသစ္စာ
အိမ်ခြံမြေအကျိုးဆောင်
ဒဂုံတောင်၊ ဒဂုံအရှေ့၊
ဆိပ်ကမ်း၊ ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
09-73088183
09-443088183

မြင့်မြတ်ကျော်ကုမ္ပဏီ မှ နိုင်ငံတကာအဆင့်မီ
MMK စက်ကြိုး(၁၀)ပေါက်အုတ်
များကို ဦးစွာရလှ ရောင်းချပေး နေပါပြီ။
စက်ရုံအဆိုင်ဈေး - 85Ks
Phone: 01-9000300~301, 09-73201856 / 57, 09-73238130
တိုက်ရိုက်: 09-73098773, 09-782201818, 09-792201818

## ကုန်အမှတ်တံဆိပ်များ သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်၊၃၁လမ်း၊ ၇၇x၇၈လမ်းကြားရှိ ဂရိတ်ဝေါလ်-ဝေလ်မာဟိုးလ်ဒင်းစ်လီမိတက် မန်နေဂျင်းဒါရိုက်တာ Mr. Sun Dehai (EA 5020349) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါရှိကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၂၂၆၆/၂၀၁၄)၊ (၂၈၀၈/၂၀၁၅) နှင့် (၂၂၆၅/၂၀၁၇) တို့အရကုမ္ပဏီ၏ မူပိုင်ကုန်အမှတ်တံဆိပ်များဖြစ်ကြောင်း မှတ်ပုံတင်သွင်းထားရှိခဲ့ပြီးဖြစ်သည်ကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

GREAT WALL - WILMAR




ဂရိတ်ဝေါလ်-ဝေလ်မာဟိုးလ်ဒင်းစ်လီမိတက်သည် အဆင့်မြင့်နည်းပညာများဖြင့် နိုင်ငံတကာစံချိန်မီထုတ်လုပ်လျက်ရှိသော သကြား၊ အီသနော၊ ဓါတ်မြေဩဇာ၊ တင်လဲရည်များကို အိတ်အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ပေါ်တွင် ရီစစ္စတြီမှတ်ပုံတင် အမှတ် (၂၂၆၆/၂၀၁၄)၊ (၂၈၀၈/၂၀၁၅) နှင့် (၂၂၆၅/၂၀၁၇)ရှိ ကုန်အမှတ်တံဆိပ်များကို ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်အသုံးပြု၍လည်းကောင်း မြန်မာပြည်တစ်ဝန်းသို့ တစ်ဦးတည်းမူပိုင်အဖြစ် ဖြန့်ချိရောင်းချလျက်ရှိရာ ဝယ်ယူသုံးစွဲသူပြည်သူအများက ကြိုက်နှစ်သက်ကြပြီး မြန်မာပြည်အနှံ့ကောင်းသတင်း ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ(ကုမ္ပဏီ) တစ်ဦးတည်းမူပိုင်သုံးစွဲသည့် အထက်ပါကုန်အမှတ်တံဆိပ်ကို ကျွန်မတို့၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ သို့မဟုတ် ကုမ္ပဏီ၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ထပ်တူဖြစ်စေ ကုန်အမှတ်တံဆိပ်ပါဝင်သည့် အိတ်ခွံဒီဇိုင်းများကို အသုံးပြု၍ အခြားသော မည်သည့်သကြား၊ အီသနော၊ ဓါတ်မြေဩဇာ၊ တင်လဲရည်များ-ကိုမဆို ထည့်သွင်းအသုံးပြု၍ ဖြန့်ဖြူးရောင်းချနေလျှင်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားထင်ယောင်ထင်မှားတုပသုံးစွဲကာ ဤကုန်အမှတ်တံဆိပ်၏မူပိုင်ဖြစ်သည့် ဂရိတ်ဝေါလ်-ဝေလ်မာဟိုးလ်ဒင်းစ်လီမိတက်၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေရန် မည်သူမဆိုပြုလုပ်ဆောင်ရွက်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူ (အရေးယူ) ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
Mr.. Sun Dehai
EA 5020349

**လွှဲအပ်ညွှန်ကြားချက်အရ -**
ဒေါ်သူဇာဝင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၀၆၈၄/၂၀၁၂)

၃၁လမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြား၊ ကဥ္စနမဟီရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၂-၇၁၉၆၀။


ရှိကြတယ်!
MYTEL
ခံစားခွင့် နှစ်ဆ
mytel
EMPOWER
9:00 MYTEL LTE
၄,၀၀၀ ကျပ်တည်းသာ
၅GB
+၂၅၀မိနစ်
*966*40#
အံ့ဩဖွယ်ရာများရယူဖို့ Shake လိုက်ရအောင်
နေ့တိုင်းလွယ်လွယ်ကူကူ Shake ပြီး
ရှယ်လက်ဆောင်များ ရယူလိုက်ပါ။
10 IPHONE X
DATA
VOICE
SMS
4G LTE
အင်တာနက်များများသုံးပြီး ဖုန်းများများခေါ်ရအောင်
Mytel မိုက်တယ် SIM နှင့် များစွာသော Bonus များ
▲ ပထမဆုံး (၃)လအတွက် ၁၅၀၀ MB နဲ့ မိနစ် ၁၅၀
▲ ဘေလ်ဖြည့်မှုတိုင်းအတွက် ၁၀၀% အပိုထပ်ဆောင်းဘေလ်ရရှိမှု (Any-net နှင့် ဒေတာ)
1 MB - ၅ကျပ်/ ၁မိနစ် ၁၀ ကျပ်ဖြင့် ၄၀% သက်သာစေမည့် သုံးသလောက်ပေး
စက္ကန့်အလိုက် ဖုန်းခေါ်ဆိုမှု ကောက်ခံမည့်အစီအစဉ်
Shaking ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် ဩဂုတ်လ ၂၀၁၈ အထိသာ
မိုက်တယ် ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် စက်တင်ဘာလ ၂၀၁၈ အထိသာ
www.mytel.com.mm
09690000966
Or dial 966
Mytel App ရယူနိုင်ပါပြီ။
GET IT ON Google Play
App Store

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

## ဦးကောက်ရီ(ခ)ဦးကျော်စိန် (၉၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၆၅)၊ ဗားဂရာလမ်းနေ (ဦးဖွန်-ဒေါ်ဟော)တို့၏သား၊ (ဦးချောင်ထျန်အုတ်-ဒေါ်ချင်စောင်အွိုင်)တို့၏ သားသမက်၊ ဒေါ်ဖောင်၏ခင်ပွန်း၊ ဒေါ်နုနုရီ-ဦးကျော်စိန်၊ ဦးခင်စိုး-ဒေါ်နုစိန်၊ (ဒေါ်နီနီလှိုင်)၊ ဒေါ်ရင်ရင်-(ဦးမိုးနိုင်)၊ ဦးခင်ကျော်-ဒေါ်မြင့်မြင့်ကြည်၊ ဦးလှမြင့်-ဒေါ်ခင်နှင်းနွယ်၊ ဒေါက်တာစိန်ဝင်း-ဒေါ်ခင်မာဆွေ၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်ခင်ရီ-ဦးမောင်ရင်တို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးသည် ၈-၆-၂၀၁၈(သောကြာနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန့်အောင် အသက်(၈၀)

**ပညာရေးကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း)၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်**

(ဦးဘလှိုင်-ဒေါ်စောခင်)တို့၏သားထွေး၊ [ဦးဘအေး(ဆရာဝန်ကြီး)-ဒေါ်စောမြင့်]တို့၏သားသမက်၊ ဒေါ်သန်းသန်းနွဲ့(အရီးသန်း)၏ခင်ပွန်း၊ ဦးပညာဇေ (ဦးမျိုးမင်းသန့်)၊ ဒေါ်ချိုချိုဝင်း(အထက-၁၊ အမ်း)၊ ရဲမှူးဦးစိုးမင်းသန့်-ဒေါ်အေးအေးစိန်၊ ဦးဇော်မင်းသန့်-ဒေါ်ခင်ထွေးဖြူတို့၏ဖခင်၊ မခိုင်မေမျိုး(DWIR)၊ ကိုခိုင်ခန့်ဟိန်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ မောင်ကောင်းထက်စိုး(တတိယနှစ်၊ စိုက်ပျိုးရေး)၊ မဖြူဖြူမင်းသန့်(သတ္တမတန်း၊ ထ-၂၊ ဗဟန်း)တို့၏ အဘိုး၊ (ဦးကျော်မြင့်-ဒေါ်သာနု)၊ (ဦးသောင်း)-ဒေါ်ခင်သန့်၊ (ဒေါ်ခင်နွဲ့)၊ (ဦးထွန်းခန့်-ဒေါ်စန်းမြင့်)၊ (ဦးထွန်းသန့်-ဒေါ်တင်စန်း)တို့၏ ညီ/မောင်သည် ၉-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အသောကလမ်း၊ တိုက်-၁၂၊ ငါးလွှာ-A၊ ကျောက်မြောင်း၊ တာမွေမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ
### အသက် (၈၃) နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာနမှ ဦးစိုးဝင်းထွန်း-ဒေါ်ခိုင်မိုးဝင်းတို့၏မိခင်ကြီး ဒေါ်တင်ရွှေ အသက်(၈၃)နှစ် ကွယ်လွန်သည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နည်းပညာဖွံ့ဖြိုးရေးဌာန**
**ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်လေး(တင်းနစ်မြန်မာ့လက်ရွေးစင်ဟောင်း)
### အသက် (၇၃) နှစ်

**တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ်(၁၀/၁)နေ ဒေါက်တာဒေါ်ခင်သော်တာကြည်၏ခင်ပွန်း ဦးမောင်မောင်လေးသည် ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာဦးမြင့်၊ ဦးသီဟ
ရန်ကုန်တက္ကသိုလ်တင်းနစ်ကစားကွင်းမိတ်ဆွေများ

## ဒေါ်တင်အေး(ခ)ဒေါ်စိန်စိန်
### အသက် (၉၇) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၂၈)နေ (ဦးကျိုလိန်ကျောင်း)၏ဇနီး၊ ဒေါ်ခင်ချို-(ဦးဇော်ဝင်း)၊ဒေါ်ခင်ဝင်း-ဦးမြင့်သိန်း၊ ဦးကျော်ထွန်းနိုင်-ဒေါ်ကြင်မြိုင်၊ ဒေါ်ဖိတ်တင်-ဦးလှဝင်း၊ ဦးကျိုကန်လီ-ဒေါ်ချိုနွယ်ဦး (U.S.A)၊ ဦးကျိုကန်လုံ-ဒေါ်ဝင်းဝင်းငွေ၊ Mr. Frank Morreale-ဒေါ်ပြုံးပြုံး (U.S.A)တို့၏ မွေးသမိခင်၊ မြေး ၁၆ ယောက်တို့၏ အဘွားသည် ၉-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန် (တရုတ်ဖုကျန့်သုသာန်)သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးဘရင်(စနဲမြို့)
### အသက် (၉၃)နှစ်

ရန်ကုန်မြို့၊ စနဲမြို့နယ်၊ လူမှုရေးအသင်းဝင် ဒေါ်စောမြ၏မွေးသဖခင် ဦးဘရင်သည် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ စနဲမြို့နယ်လူမှုရေးအသင်း (ရန်ကုန်မြို့)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့် (၈၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးသိန်းတန်-ဒေါ်ခင်ဝင်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်(၃)၊ အမှတ်(၂၀၂)နေ (ဦးသန်းဝင်း)၏ဇနီး၊ ဦးသစ်လွင်-ဒေါ်ခင်စန်းဦး၊ ဦးကျော်ကြီး၊ ဦးစိန်မြင့်-ဒေါ်မိမိခိုင်(အထက-၃၊ တာမွေ)၊ ဦးစောသိန်းကျော်-ဒေါ်ဇင်မာသန်းဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ကျော်ကိုကို၊ မောင်ပြည့်ပိုင်ပိုင်၊ မသက်နှင်းဦး၊ မောင်ကျော်ဇင်ဝေ၊ မထက်ရတနာဝေ၊ မလဲ့ယမင်းဦးတို့၏ချစ်လှစွာသော အဘွားသည် ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၃ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

## ဦးစန်ကြည်
### အသက် (၈၀)

**အကောက်ခွန်ထိန်း(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ်(၁၀၀၅) ဦးစန်ကြည်သည် ၆-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရွှေ(ခ)ဒေါ်တင်တင်(ခရမ်းမော်ရွာ) (၈၃)နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ခရမ်းမော်ရွာနေ (ဦးမောင်ဘ-ဒေါ်ဧကလေး)တို့၏သမီး၊ (ဦးလှထွန်းအောင်-ဒေါ်မိဆိတ်)တို့၏သမီးချွေးမ၊ (ဦးဘအေး)-ဒေါ်မြရီ၊ ဆုထူးပန်ဆရာတော်(အရှင်နာယက)တို့၏ညီမ၊ ဒေါ်လှမြင့်၊ ဒေါ်လှကြွယ်တို့၏အစ်မ၊ အမှတ် (၅/၂/၁၅၂)၊ ခရေလမ်း၊ ရွှေပြည်သာမြို့နယ်နေ (ဦးတင်ဖေ)၏ဇနီး၊ (ဦးမြင့်စိုး-ဒေါ်ငွေငွေ)-ဒေါ်ဥမ္မာစိုး၊ ဦးဝင်းမြင့်၊ ဦးဉာဏ်လင်း-ဒေါ်လွင်လွင်ဦး၊ ဦးအောင်ထူးနိုင်(YCDC၊ ရေသန့်ဌာန)-ဒေါ်အေးအေးမာ၊ ဦးသန်းစိုး-ဒေါ်ခင်လေးနိုင်၊ ဦးကျော်ဝင်းနိုင်-ဒေါက်တာခိုင်ခိုင်လင်း၊ ဦးစိုးဝင်းထွန်း(စက်မှုဝန်ကြီးဌာန)-ဒေါ်ခိုင်မိုးဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်တင်ရွှေ(ခ)ဒေါ်တင်တင်သည် ၉-၆-၂၀၁၈ရက် နံနက် ၄း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၅/၂/၁၅၂ ခရေလမ်း၊ ရွှေပြည်သာမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၅/၂/၁၅၂)၊ ရွှေပြည်သာမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်(ရေတံခါး တာ၀/၀ါ)
### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၂၂)၊ သိင်္ဂီလမ်း၊ (ဃ)ရပ်ကွက်နေ (ဦးသိန်းတန်-ဒေါ်ခင်ဝင်း)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်(၃)၊ အမှတ်(၂၀၂)နေ (ဦးသန်းဝင်း)၏ဇနီး၊ ဦးမင်းရဲထွဋ်-ဒေါ်ဦးဦးမောင်(KBZ Bank)၊ ဦးချမ်းမြေ့၊ ဦးကျော်ကိုကို-ဒေါ်ဝတ်ရည်ငွေ၊ ဦးလှမင်း(Japan Embassy)-ဒေါက်တာရည်မွန်ကျော်(ခန္ဓာဗေဒ၊ ဆေးတက္ကသိုလ်-၂)၊ ဦးအောင်သန့် (Nice Fair Co., Ltd)-ဒေါ်ဇွန်ဝေဖူးအောင်(Nice Fair Co., Ltd)၊ ဦးမင်းသစ် (Schneider Electronic Overseas Asia Pte.Ltd)၊ မမြတ်ပန်းဖြူ၊ ဦးဟိန်းဝေယံထွဋ်(Cummins Dksh Myanmar)၊ ဒေါ်ကေဇင်မင်းလွင် (I.M.E Construction Company .Ltd)၊ ဒေါ်သင်းသီရိဦး၊ ဦးကျော်မင်းသိန်း၊ ဦးလွှမ်းမိုးအောင်(Ko Htaik International Co.,Ltd)-ဒေါ်ဆုရည်ထိုက်၊ ဒေါ်ထူးအဥ္ဇလီ(Citaclel Building Solution Co.,Ltd)တို့၏ကြီးကြီး၊ မြေး ၁၁ ယောက်တို့၏ဘွားဘွားကြီးသည် ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၃ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တာမွေနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်(ရေတံခါး တာ၀/၀ါ)
### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၂၂)၊ သိင်္ဂီလမ်း၊ (ဃ)ရပ်ကွက်နေ (ဦးသိန်းတန်-ဒေါ်ခင်ဝင်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်(၃)၊ အမှတ်(၂၀၂)နေ (ဦးသန်းဝင်း)၏ဇနီး၊ (ဦးခင်မောင်ညွန့်)-ဒေါ်ခင်စောမြင့်၊ ဦးကိုကြီး-ဒေါ်ခင်ဝင်း၊ ဦးသူရ (MAPCO Co.,Ltd)-ဒေါ်လှလှနွယ်(အလက-၄၊ မ/ဥက္ကလာ)၊ (ဦးလွင်ဦး)-ဒေါ်ခင်ငွေကြည်၊ (ဦးကွမ်းဇော်)၊ ဦးသိန်းဝင်း-ဒေါ်ခင်ချိုလွင်(စိန်ကိုးလုံး-ထားဝယ်)၊ (ဦးတင်စိုး)-ဒေါ်ခင်ယုလွင်၊ ဦးထင်အောင်-ဒေါ်ခင်လဲ့လွင်တို့၏ချစ်လှစွာသောအစ်မကြီးသည် ၉-၆-၂၀၁၈(စနေနေ့) နံနက် ၃ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်လေး(တင်းနစ်မြန်မာ့လက်ရွေးစင်ဟောင်း)
### အသက် (၇၃) နှစ်

**အရှေ့တောင်အာရှကျွန်းဆွယ် ရွှေတံဆိပ်(၄)ဆုရှင်**
**တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ်(၁၀/၁)နေ ဒေါက်တာဒေါ်ခင်သော်တာကြည်၏ခင်ပွန်း၊ ဦးမျိုးမောင်မောင်၊ (ဦးရာဇာမောင်မောင်)- ဒေါ်ခင်ထွေး၊ ဦးငြိမ်းချမ်းမောင်မောင်တို့ဖခင်၊ မဆုထက်ထက်ဦး (ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဘိုးဘိုးသည် ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြစ်ခြေနယ်အသင်း(ရန်ကုန်)

## ဦးမြင့်သိန်း(လ/ထမန်နေဂျာ၊ ဆသရ-ငြိမ်း) (၇၂) နှစ်

**မြစ်ခြေ/သရက်တော**
**OK $ မော်တော်ယာဉ်ဌာနမန်နေဂျာ**
**ပွင့်တူရွက်တူ ကုမ္ပဏီလီမိတက် (ဒါရိုက်တာ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၄၆)၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီး(တောင်)ရပ်ကွက်နေ (ဦးကြည်-ဒေါ်ခင်ခင်)တို့၏သားသမက်၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ သရက်တောရွာနေ (ဦးထွန်းမြတ်-ဒေါ်အုန်းစိန်)တို့၏သား၊ ဒေါ်ကြီးတန်၊ ဒေါ်စောမြင့်၊ ဦးပြည်သိန်းတို့ မောင်/ညီ၊ ဒေါ်မြင့်ကြည်၏မတ်၊ ဦးဇော်ဝင်းမြတ်-ဒေါ်ဆွေဆွေယုတို့၏ဖခင်၊ မပိုးအိရွှေစင်၊ မသံစဥ်ဇော်ဇော်တို့၏အဘိုး၊ (ဒေါ်စန်းစန်း)၏ခင်ပွန်း ဦးမြင့်သိန်း အသင်းဝင်-၁၇၂)သည် ၈-၆-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်ခင်သန်းနု
### အသက် (၄၈) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃ )ရပ်ကွက်၊ (၂၂)လမ်း(အနောက်)၊ အမှတ်(၁၆/က)နေ (ဦးသန်းဖေ-ဒေါ်အေးစိန်)တို့၏သမီး၊ ဦးခင်မောင်ငွေ၏ဇနီး၊ (ဦးဇဝန)၊ ဦးအောင်ထွန်းမြ-ဒေါ်အေးမြဦး၊ (ဦးအောင်ထွန်းသာ)၊ ဦးအောင်ထွန်းသိန်း-(ဒေါ်ရီရီမြင့်)၊ ဦးစိုးလှိုင်-ဒေါ်စိုးသိန်း၊ ဒေါ်ခင်သန်းဝေတို့၏ ညီမထွေး၊ ကိုဇော်ဇော်အောင်-မလွင်မာအောင်၊ မောင်စောဇေယျာထွန်း၊ မမေသဇင်နုငွေးတို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၈-၆-၂၀၁၈ (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်းဒါယကာကြီး

## ဦးကျော်မြင့် (၇၅)နှစ်

**လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း)**
**ရ/သုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ကုန်သွယ်လယ်ယာ**
**ဝန်ထမ်းဟောင်း/ဘဏ္ဍာရေး**

ရန်ကုန်မြို့နေ (ဦးစိန်ဝင်း-ဒေါ်မြရီ)တို့၏သား၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် (၆၀)၊ ခုနစ်လွှာ(B)နေ ဒေါ်ဝင်းဝင်း (ကုန်သွယ်လယ်ယာ-ငြိမ်း)၏ခင်ပွန်း၊ မဝါဝါ၊ မောင်ထွန်းထွန်း-မထက်ထက်အောင်တို့၏ဖခင်၊ မောင်ဝေယံဖြိုး၏ ဘိုးဘိုး၊ တူ/တူမ ကိုးယောက်တို့၏ ဘကြီးသည် ၈-၆-၂၀၁၈ (သောကြာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၈(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းမင်း(B.Econ-MS)

**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရ/သုံးမှန်းခြေဦးစီးဌာန**

### အသက် (၇၁)နှစ်

စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် ကျောင်းဆင်း ဦးထွန်းမင်းသည် ၈-၆-၂၀၁၈ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ် (၁၇)၊ မြေညီထပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ၁၉၆၉ ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းသူငယ်ချင်းများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၁၉၆၉ စီးပွားရေးတက္ကသိုလ်
ကျောင်းဆင်းသူငယ်ချင်းတစ်စု

## ဦးခင်ဦး(လှိုင်မဟာစည်ယောဂီ)

**အနောက်ပိုင်းခရိုင်တရားရုံး**

### အသက် (၆၃) နှစ်

**ရူပဗေဒ ၁၉၇၅-၇၉၊ ဝ/သ ရန်ကုန်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၃)၊ ခေမာလမ်းနေ (ဦးအုန်းရွှေ-ဒေါ်ယဉ်အေး)တို့၏သား၊ ဦးငွေစန်း-ဒေါ်ကိုရီနာဂျိုဟာနစ်(ခေတ္တ-အစ္စရေး)၊ (ဦးဇော်ထွန်း)၊ ဦးအေးမင်း (မန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်ခင်ဝင်း (လက်ထောက်မန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးသိန်းလင်း၊ ဒေါက်တာအေးမြတ်မွန်(တွဲဖက်ပါမောက္ခ၊ ဟသ်ာတတက္ကသိုလ်သမိုင်းဌာန)တို့၏အစ်ကိုကြီး၊ ဗိုလ်မှူးဉာဏ်စိုးလှိုင်(ငြိမ်း)-ဒေါ်အိအိမိုးတို့၏ဖခင်၊ မောင်ဝင်းလွင်မင်း၊ မသျှင်သိမ့်စံတို့၏ဘဘကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၈-၆-၂၀၁၈ (သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအ ကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မင်း(ခ)
## ကိုတူးတူး (၅၄)နှစ်

ရန်ကုန်မြို့၊ အမှတ် (၇)၊ ပန်းခြံကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဘဆက်)၊ ဒေါ်ခင်သန်းတို့၏သားကြီး၊ (ဦးမောင်မောင်လပ်-ဒေါ်စိန်အေး)တို့၏ သားသမက်၊ ဒေါ်စံပယ်၏ခင်ပွန်း၊ မသွင်နှင်းသက်၊ မောင်ပြည့်ဖြိုးကျော်(အထက-၂၊ မရမ်းကုန်း)တို့၏ဖခင်၊ ဦးအေးကျော် (ကထိက၊ သချာဌာန၊ မော်လမြိုင်တက္ကသိုလ်)-ဒေါ်သန်းသန်းအေး(ကထိက၊ သချာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးအောင်ကျော်မြင့်၊ (ဦးတင်ဝင်းမောင်)တို့၏အစ်ကိုသည် ၉-၆-၂၀၁၈ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါဖြင့် ၁၁-၆-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဇောတမုနိ မဟာထေရ်
## သိက္ခာတော် (၆၇)ဝါ၊ သက်တော် (၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့၊ ဆေးရုံရပ်ကွက်၊ မုံရွာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃသမ္မုတိရ-သံဃကိုယ်စားလှယ် မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဇောတမုနိ မဟာထေရ် သိက္ခာတော်(၆၇)ဝါ၊ သက်တော် (၈၆)နှစ် အရှင်သူမြတ်သည် (၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်) ၈-၆-၂၀၁၈ (သောကြာနေ့) နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနပူဇော်ပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်-သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ
ဆေးရုံရပ်ကွက်၊ ဝါးခယ်မမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ဆွေ(ခ)ဦးခင်မြင့် (၈၂)နှစ်

**(ဦးဘအေးနှင့်သားများ အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)**
**နာယကကြီး-ပန်းဘဲတန်းမြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့**

လက်ပံတန်းမြို့နယ်နေ (ဦးဘအေး-ဒေါ်သန်းတင်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ မဟော်သဓာ(၁)လမ်း၊ အမှတ်(၄၂/ခ)နေ (ဒေါ်စောအေး)၊ ဒေါ်တင်တင်အေး(ဦးဘအေးနှင့်သားများ အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒဂုံတောင်(၅၆)ရပ်ကွက်နေ ဦးတင်အောင်-ဒေါ်ကြည်ဝင်း၊ လှိုင်သာယာမြို့နယ်နေ (ဦးစိန်ဝင်း)-ဒေါ်စိန်သန်းကြည်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးအေးကြူ)-ဒေါ်ပြုံးပြုံးလွင်တို့၏အစ်ကို၊ (ဦးထွန်းမြင့်)-ဒေါ်ငွေငွေမြင့်၊ ဦးသန့်ဇင်-ဒေါ်ကြူကြူမြင့်၊ ဦးစံခင်-ဒေါ်အေးအေးမြင့်၊ ဦးတိုးအောင်ချို-ဒေါ်ဆွေဆွေမြင့်၊ (ဦးငွေဦး)၊ ဦးညီညီအောင်-ဒေါ်စန္ဒာမြင့်၊ ဒေါ်သန္တာမြင့်၊ ဦးနိုင်ဦး-ဒေါ်ဝင်းမို့မို့လွင်တူး၊ ဒေါ်ဇင်မာမြင့်၊ ဒေါ်သူဇာမြင့်(ခ)မသဲသဲတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၉ယောက်တို့၏အဘိုး၊ မြစ် ၁၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၆-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗိုလ်ချုပ်အောင်ဆန်းဈေးမှကားများ မွန်းတည့် ၁၂နာရီနှင့် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတို့တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ မဟော်သဓာ(၁)လမ်း၊ အမှတ်(၄၂/ခ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသန်းမြင့် (၈၁)နှစ်

**တိုင်းဆောက်(၁၄)၊ အထူးဒေသ(၅)**
**လ/ ထအင်ဂျင်နီယာ-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ထန်းတပင်မြို့နယ်၊ တော်လတဲ့ကျေးရွာနေ (ဦးသာရှင်-ဒေါ်သန့်)တို့၏ တတိယသား၊ ရန်ကုန်မြို့နေ (ဦးဘလွင်၊ ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဒေါ်နုနုလွင်၏ခင်ပွန်း၊ ဦးလှကြည်-ဒေါ်ညွန့်ရင်၊ (ဦးအောင်မြိုင်-ဒေါ်မူမူ)တို့၏ညီ၊ ဦးသန်းလွင်-(ဒေါ်ခင်မာကြည်)တို့၏ အစ်ကို၊ ဦးသန်းဝင်းဦး-ဒေါ်မူမူလှ၊ ဦးရဲဝင်းထွဋ် (Sea Crown Marine)-ဒေါ်အေးမိစံ (အထက-၂၊ လသာ)၊ ဦးသူမင်းထိုက်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ဘရူနိုင်း)-ဒေါက်တာမေခင်သွယ်တို့၏မွေးသဖခင်၊ မသိမ့်ချမ်းမြေ့သွင်၊ မောင်ကောင်းထက်ဟိန်း (U.F.L-Thai)၊ မအိမေဖူးမောင်(Grade-II)၊ မောင်သူရမင်းမောင်(Grade-6)၊ မကြယ်စင်လင်းလက်ထွဋ် (Grade-5-B၊ အထက-၂၊ လသာ)တို့၏အဘိုးသည် ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်လေး(တင်းနစ်မြန်မာ့လက်ရွေးစင်ဟောင်း)
### အသက် (၇၃) နှစ်

**အရှေ့တောင်အာရှကျွန်းဆွယ် ရွှေတံဆိပ်(၄)ဆုရှင်**
**တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ်(၁၀/၁)နေ ဒေါက်တာဒေါ်ခင်သော်တာကြည်၏ခင်ပွန်း၊ ဦးမျိုးမောင်မောင်၊ (ဦးရာဇာမောင်မောင်)၊ ဒေါ်ခင်ထွေး၊ ဦးငြိမ်းချမ်းမောင်မောင်တို့၏ဖခင်၊ မဆုထက်ထက်ဦး(ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဘိုးဘိုးသည် ၉-၆-၂၀၁၈(စနေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ပေးကြပါရန် နိုးဆော်အပ်ပါသည်။

မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း

## ဦးမောင်မောင်လေး(တင်းနစ်မြန်မာ့လက်ရွေးစင်ဟောင်း)
### အသက် (၇၃) နှစ်

**အရှေ့တောင်အာရှကျွန်းဆွယ် ရွှေတံဆိပ်(၄)ဆုရှင်**
**တွဲဖက်အတွင်းရေးမှူး/နည်းပြချုပ်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ်(၁၀/၁)နေ ဒေါက်တာ ဒေါ်ခင်သော်တာကြည်၏ခင်ပွန်း၊ ဦးမျိုးမောင်မောင်၊ (ဦးရာဇာမောင်မောင်)၊ ဒေါ်ခင်ထွေး၊ ဦးငြိမ်းချမ်းမောင်မောင်တို့၏ဖခင်၊ မဆုထက်ထက်ဦး(ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဘိုးဘိုးသည် ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တင်းနစ်အားကစား မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သိမ်ဖြူတင်းနစ်ကွင်းမှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်

## ဦးသက်ထွန်း (၇၁)နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ဘ. ခ. ရ**
**Advisor 24 Hours Co.,Ltd**

ရန်ကုန်မြို့၊ (၃၇)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အမှတ်(၆၄၅)နေ (ဦးသန်းမောင်-ဒေါ်တင့်)တို့၏သား၊ (ဦးမောင်ခန့်-ဒေါ်ပု)တို့၏ သားသမက်၊ ဒေါ်မြဝတ်ရည်၏ခင်ပွန်း၊ (ဒေါ်ခင်မာမြင့်)၏မောင်၊ ဦးကျော်ဇေယျထွန်း-ဒေါ်ဝင်းလဲ့သူ၊ ဦးကျော်ဝဏ္ဏထွန်း-ဒေါ်ချိုချို၊ ဒေါက်တာနိုင်တေဇထွန်း၊ ဦးထွန်းထွန်းလင်းတို့၏ဖခင်သည် ၈-၆-၂၀၁၈ (သောကြာနေ့) ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများ သက်ဆိုင်ရာစာရွက်စာတမ်းများ အမြန်ဆုံးဆောင်ရွက်ထားကြရန် ထိုင်းအလုပ်သမားဝန်ကြီးဌာနက နှိုးဆော်သတိပေး

**ဘန်ကောက် ဇွန် ၉**

ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် နေထိုင်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာအလုပ်သမားများအားလုံးအတွက် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ် (CI) ထုတ်ပေးရေးစခန်းများကို နှစ်နိုင်ငံညှိနှိုင်း၍ ၂၀၁၇ ခုနှစ် မတ်လမှစ၍ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီး ယခုအချိန်အထိ CI စာအုပ်ထုတ်ပေးမှုစုစုပေါင်း ၁၁ သိန်းခန့် ထုတ်ပေးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ထိုင်းနိုင်ငံအစိုးရအနေဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအားလုံးကို နိုင်ငံသားစိစစ်နိုင်ရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်တွင် တစ်ကြိမ် ဖြေလျှော့ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်တွင် နောက်ဆုံးအကြိမ်အဖြစ် ဖြေလျှော့ပေးသည့်လုပ်ငန်းစဉ်များ ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ် မပြီးဆုံးသေးသူများအနေဖြင့် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ် (CI)ထုတ်ယူခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့်ဗီဇာကိစ္စများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

# မြန်မာ ယူ-၁၉ အသင်း တတိယမြောက်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

**ရန်ကုန် ဇွန် ၉**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ယနေ့နံနက်ပိုင်းက MNL-2 (ပထမတန်း) ကလပ် မောရဝတီအသင်းနှင့် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူခြေစမ်းခရီးစဉ်မတိုင်မီ ပြည်တွင်းခြေစမ်းပွဲများ ဆက်တိုက်ကစားနေခြင်းဖြစ်ပြီး ပထမတန်းကလပ် မောရဝတီအသင်းကို ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် အသင်းဖွဲ့စည်းအပြီး တတိယမြောက်ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် MNL ကလပ်အသင်းများမှ ကစားသမားအချို့ ရွေးချယ်ထားသော်လည်း ကလပ်ပွဲရှိနေသောကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိဘဲ ကျန်ရှိသည့်ကစားသမားများဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ မောရဝတီအသင်းမှာလည်း နိုင်ငံခြားသားကစားသမားများအပါအဝင် လူစုံပါဝင်ခဲ့ပြီး အားကုန်ထုတ်ကစားခဲ့သည်။ ဂိုးအားလုံးကို ပထမပိုင်းမှာပင် သွင်းယူခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားပုံပျက်နေသောကြောင့် ဂိုးထပ်သွင်းနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာ ယူ-၁၉ အသင်းအတွက် ဂိုးများကို လွှမ်းမိုးဦးက နှစ်ဂိုး၊ ထက်ဖြိုးဝေက တစ်ဂိုး သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစမ်းပွဲသုံးပွဲကစားထားပြီး မောရဝတီကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားကာ ဇွဲကပင်ကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာ ယူ-၁၉ အသင်းသည် ဇွန်လဒုတိယပတ်တွင် ခြေစမ်းပွဲ ထပ်မံကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာ ယူ-၁၉ အသင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို မောရဝတီဂိုးသမား ကာကွယ်နေစဉ်။



တစ်ပိုင်တစ်နိုင် ရော်ဘာပြားထုတ်လုပ်နေမှုကို တွေ့ရစဉ်။

# ရော်ဘာဈေးကောင်းမရ၍ လာမည့်နှစ်တွင် အထွက်နှုန်းလျော့နည်းနိုင်

**သုဝဏ္ဏဝတီ ဇွန် ၉**

ရော်ဘာစေးခြစ်ရာသီကုန်ဆုံးချိန် ရောက်သည်အထိ မျှော်လင့်ထားသည့် ရော်ဘာဈေးကွက် ဖြစ်ပေါ်မလာသည့်အတွက် တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူများ စိတ်ဝင်စားမှုနည်းပါးလာရာ လာမည့်နှစ်တွင် ရော်ဘာအထွက်နှုန်း လျော့ကျလာနိုင်ကြောင်း သိရသည်။

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများရှိ တစ်ပိုင်တစ်နိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ ခြံရှင်များသည် ယခုနှစ် ရော်ဘာပေါက်ဈေးနှုန်းသည် ယခင်နှစ်ကထက် ပိုမိုကျဆင်းလာမှုကြောင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို စိတ်ဝင်စားမှုနည်းပါးလာကြောင်း သိရသည်။

"ရော်ဘာထပ်မံစိုက်ဖို့ မပြောပါနဲ့၊ ရှိထားတဲ့ ခြောက်ကွက်စာ (၁၀ ဧကခန့်)ကို လူငှားနှစ်ယောက်ပဲရတယ်၊ အလုပ်သမားရှားတဲ့အတွက် အလုပ်သမားလခလည်း တိုးပေးရ၊ ရော်ဘာဈေးကလည်း မကောင်း၊ အစေးရည်ထွက်နှုန်းကလည်းနည်း၊ မျိုးမကောင်းဘူးပြောလို့ ဒီနှစ်မှာ ဓာတ်မြေဩဇာအကုန်ကျခံကျွေးလည်း ဒီအတိုင်းပဲ၊ ကိုယ်တိုင်လည်း ရော်ဘာပြားကြိတ်ရတယ်၊ အခု မိုးရွာတော့ ခြံပိတ်ပါပြီ၊ နောက်နှစ်ဆိုရင် ဈေးကမကောင်းဘူးဆိုတော့ မပြောတတ်တော့ဘူး"ဟု ဝင်းပကျေးရွာမှ ခြံရှင်တစ်ဦးက ပြောသည်။

"ရော်ဘာဈေးက မေလကုန်ပိုင်းက တစ်ပေါင် ငွေ ၇၅၅ ကျပ်နဲ့ တက်လာမလားလို့ ထင်တာ၊ အခု မှိုင်းကျတစ်ပေါင် ငွေကျပ် ၇၂၀ ထိ ဈေးကျသွားတယ်၊ ကျွန်တော်တို့လို တတိယလက်ခွဲဒိုင်တွေ အနေနဲ့က ဈေးပေးရတာ ခက်တယ်၊ နေ့တိုင်းလိုလို ဈေးကမငြိမ်ဘူး၊ တက်လိုက်ကျလိုက်နဲ့ ဝယ်ရတာအဆင်မပြေဘူး"ဟု သိမ်ဆိပ်ရပ်ကွက် ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ယခင်နှစ် ယခုအချိန်တွင် ရော်ဘာမှိုင်းကျ တစ်ပေါင် ကျပ် ၈၄၀ ရှိကြောင်း **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❖



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဇွန် ၁၀၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

ရိုးရာ(မကန)

# စကျောက်ဆစ်သမား



(၁)

"သိန်းဖေ. . . မင်းသားကိုပြောထားဦး ပုံပြင်စာအုပ်၊ ကာတွန်းစာအုပ်တွေပဲ တစ်နေကုန်ဖတ်နေတာ၊ ကြာလာရင်ကျောင်းစာကို ဖတ်ချင်စိတ်မရှိဘဲနေတော့မယ်"

အမေဖြစ်သူ၏ စကားကိုကြားသည်နှင့် ကျွန်တော်သားလေးဖွဲ့သူရကို လှမ်းကြည့်လိုက်သည်။ သားသည်လာမည့်နှစ်တွင် ဆဋ္ဌမတန်းသို့ တက်ရမည်ဖြစ်သည်။ သားလေးမှာ သူ့အဘွား၏အသံကိုကြားဟန်မတူ။ စာကိုသာ အာရုံစိုက်လျက် သိမ်းကျုံးဖတ်နေလေသည်။

"ရှိပါစေအမေရာ. . . အမေ့မြေးက တခြားကလေးတွေလိုအချိန်ပြည့် ဖုန်းကြည့်၊ ဂိမ်းကစား၊ ဆော့နေတာမှမဟုတ်တာ စာဖတ်တာပဲ ဖတ်ပါစေ"

"အေးအေး၊ ကလေးကို ကြပ်ကြပ်အလိုလိုက်ထားသိန်းဖေ၊ ဒီအရွယ်နဲ့အပြင်စာအုပ်တွေဖတ်ခိုင်းနေရင် မင်းကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်လေလိမ့်မယ်"

အမေသည် သူပြောချင်ရာပြောပြီး အိပ်ခန်းထဲသို့ ဝင်သွားလေသည်။ သားလေးမှာတော့ ဘာအသံမှမကြားသည့်အလား ငြိမ်သက်နေသည်။ ကျွန်တော့်သားစာဖတ်ဝါသနာပါသည်မှာ ကျွန်တော်နှင့်တူသည်ဟု ကျွန်တော့်ဇနီးနှင့်အဘွားဖြစ်သူ ကျွန်တော့်အမေက မကြာခဏပြောသည်။ ကျွန်တော်သည်စာဖတ်ရသည်ကိုအလွန်နှစ်သက်သည်။ ထို့ကြောင့်ကျွန်တော့်သားသည်လည်း ကျွန်တော်နှင့်ဝါသနာချင်းတူတာဖြစ်နိုင်သည်။

သားစာဖတ်သည့် ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်ကို အမေခဏခဏဆူသည်။ ကျွန်တော်သည် အမေ့ကိုအမြင်မကျယ်ဘူးဟု မစွပ်စွဲလို။ သို့သော်ယခုခေတ်ဟာအရင်က အမေတို့ခေတ်နှင့်မတူတော့ကြောင်း အမေ့ကို သိစေချင်သည်။ အရာရာကိုသိဖို့တတ်ဖို့လိုသည်။ ထိုသို့သိဖို့တတ်ဖို့ရန်အတွက်ဖုန်းကိုင်ထားရုံနှင့်မရနိုင်။ စာများများဖတ်ဖို့လည်းလိုသေးကြောင်း အမေ့ကိုပြောပြချင်သေးသည်။

(၂)

"ဖေဖေ၊ အေဗရာဟမ်လင်ကွန်းဆိုတာ ဘယ်သူလဲ"

သားလေးသည် သူ့ပုံပြင်ဖတ်စရာစာအုပ်များဖတ်ပြီးသည့်အခါတိုင်း သူနားမလည်သည့် အကြောင်းအရာများကို ကျွန်တော့်အားအမြဲပြန်မေးလေ့ရှိသည်။ သူဖတ်စရာစာအုပ်များ မရှိတော့လျှင် ကျွန်တော့်စာအုပ်စင်မှစာအုပ်များကို ယူကြည့်တတ်သည်။

အခုလည်း ကျွန်တော့်စာအုပ်စင်မှစာအုပ်ကို ယူဖတ်ကြည့်သည်ထင်သည်။ ခပ်လှမ်းလှမ်းမှာထိုင်နေသည့် အမေ့ကို ကျွန်တော်တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးမှ. . . "အေဗရာဟမ်လင်ကွန်းဆိုတာ အမေရိကန်သမ္မတထဲမှာ ၁၆ ယောက်မြောက်သမ္မတဖြစ်ပြီး အကျော်ကြားဆုံး၊ လူကြိုက်အများဆုံး၊ တရားအမျှတဆုံးဆိုပြီး နာမည်ကြီးတဲ့သမ္မတပေါ့"

"ဒါဆို အဲ့ဒီသမ္မတကသိပ်တော်တာပဲနော်"

"ဟုတ်တယ်သားရဲ့၊ အဲဒီသမ္မတက သိပ်တော်တာ သူဟာဆင်းရဲလွန်းလို့ သူ့တစ်သက်မှာ ကျောင်းနေရတာဟာစုစုပေါင်း ၁၂ လတောင်မရှိဘူး၊ ဒါပေမယ့် သူကစာသိပ်ဖတ်တာ၊ သမိုင်း၊ ဥပဒေ၊ ကဗျာ၊ စာအုပ်အစုံကို သူ့ဘာသာဖတ်ပြီး ပညာရှာတဲ့အတွက် သူ့ခေတ်မှာတော့ သူဟာ ပညာဗဟုသုတ အရှိဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့တယ်"

"ဒါဆို သားလည်း စာများများဖတ်တော့မယ်"

"သိန်းဖေ၊ နင်ငါ့မြေးကျောင်းနေချင်စိတ်ပျောက်အောင် ဟောပြောနေတာလား"

အမေသည် သူကြားချင်ရာကြားပြီး ကျွန်တော့်အား လှမ်းငေါက်နေသည်။

"ဘွားဘွားကလည်း သားကျောင်းနေချင်ပါတယ်နော်၊ သားကြီးလာရင်သမ္မတကြီးလုပ်မှာလို့ ဖေဖေ့ကိုပြောနေတာ"

သားလေးသည်သူ၏ အပြောကြောင့် အဘွားဖြစ်သူဆီမှ မျက်စောင်းတစ်ချက် လက်ဆောင်ရသွားလေသည်။ သို့သော် သားလေး၏ မြင့်မြင့်ကြွံတတ်သည့် စိတ်ကလေးကို ကျွန်တော်လက်ဆောင်ရလိုက်သည့်အတွက် ကျေနပ်မိပါသည်။

အနာဂတ်၏ မျိုးဆက်သစ်ကလေးတစ်ယောက်သည် သူ၏စိတ်ကူးကို လွတ်လပ်စွာပြောပိုင်ခွင့်ရှိသည် မဟုတ်ပါလား။

(၃)

"ဒီနေ့ဆယ်တန်း အောင်စာရင်းထွက်တာ အိမ်ရှေ့အိမ်က မောင်မြတ်မိုးက ရိုးရိုးပဲအောင်တယ်တဲ့၊ ခုသူ့မိဘတွေငိုနေကြတာ ဒီကလေးနှယ် မိဘတွေက ဆရာတွေအများကြီးနဲ့ သေချာသင်ပေးထားတာကို ဂုဏ်ထူးပါအောင်ဖြေခဲ့ပါတော့လား"

အမေသည် အိမ်ရှေ့အိမ်မှ မြတ်မိုးဆိုသည့် ဆယ်တန်းကောင်လေးအကြောင်းကို ပြောကာ မကျေမနပ်ဖြစ်၍နေသည်။

"ဒီလိုရှိတယ်အမေရဲ့၊ ဒါက ကလေးတစ်ယောက်တည်းကိုပဲ အပြစ်တင်နေလို့ မရဘူးဗျ"

"နို့ ဒါဆို မိဘတွေအပြစ်လို့ မင်းပြောချင်တာလား"

"သိပ်ကိုဟုတ်တာပေါ့အမေ၊ မိဘတွေနဲ့ တိုက်ရိုက်ကိုသက်ဆိုင်နေတာ"

"ဆိုစမ်းပါဦး၊ မိဘတွေကဒီလောက်ပံ့ပိုးပေးနေတာ ဘာလို့မိဘတွေမှာအပြစ်ရှိသွားရတာလဲ"

မောင်မြတ်မိုးမိဘတွေမှာ ငွေကြေးပြည့်စုံသူတွေဖြစ်ရာ သူတို့သားအားကျောင်းမှာသာမက အိမ်မှာပါ ဆရာခြောက်ယောက်ခေါ်ယူကာ သီးသန့်သင်စေခဲ့သည်။ ဆရာခြောက်ယောက်အတွက် စားပွဲခြောက်လုံးဖြင့် ခြောက်နေရာ စီစဉ်ပေးထားသည်။ ဘယ်အချိန်မှာ ဘယ်ဘာသာ၊ ဘယ်ဆရာလာရင်ဘယ်စားပွဲမှာထိုင်ပြီးစာသင်ရမည်ကို အချိန်ဇယားနှင့် စနစ်တကျဆွဲ၍ ထားလေသည်။ စားချိန်နှင့် အိပ်ချိန်ကို မိဘများကိုယ်တိုင် ကြီးကြပ်ပေးသည်။

မိဘများသည် ကလေးအား တစ်စက်ကလေးမှ အလွတ်မပေးဘဲ ဂရုတစိုက်လုပ်နေသည့်အတွက်ကြောင့် ကလေး၏လွတ်လပ်မှုတွေဆုံးရှုံးနေရသည်ဟု ကျွန်တော်ထင်သည်။ မိဘတွေ၏ ဖိအားများလွန်းနေသည့်အတွက် ကလေးသည် သူ့စိတ်နှင့်သူ့ကိုယ်မဟုတ်တော့ဘဲ မိဘစိတ်နှင့် စာလုပ်နေရသည့်အတွက် စာကို စိတ်မဝင်စားတော့ခြင်းဖြစ်မည်။ ထို့ကြောင့် စာမေးပွဲအောင်စာရင်း၌ အောင်ရုံသာ သူလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်သည် မောင်မြတ်မိုး၏ အဖြစ်ကို အမေ့အား စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

"ဒါပေမယ့် မိဘတွေက စေတနာနဲ့ပါအေ"

"စေတနာနဲ့ဆိုတာ ဟုတ်ပါတယ် အမေ ဒါပေမယ့် စေတနာလွန်ကဲသွားတော့ ကလေးအတွက် အဆိပ်အတောက် ဖြစ်သွားတာပေါ့"

"အေးပါ၊ နင်လည်းနင့်သားကိုစေတနာလွန်ကဲပြီး စာအုပ်တွေပဲဖတ်ခိုင်းမနေနဲ့ဦး"

အမေ၏ အပြောကြောင့် ကျွန်တော်ကျိတ်ပြုံးပြုံးလိုက်သည်။

(၄)

"ဖေဖေ၊ သားတို့ကျောင်းမှာစာစီစာကုံးပြိုင်ပွဲရှိတယ် သားလည်းဝင်ပြိုင်ချင်လို့"

"သားက စာစီစာကုံးရေးတတ်လို့လား"

"သားသူငယ်ချင်းတွေက သူတို့ရဲ့အစ်ကို အစ်မတွေကို ရေးခိုင်းပြီး ကျက်ပြိုင်မယ်တဲ့ သားကတော့ ကိုယ့်ဘာသာရေးမယ် ဖေဖေ ဆုမရရင်နေပါစေ. . . သားဘာသာရေးပြီးပဲပြိုင်မလို့"

"တော်လိုက်တဲ့ ဖေဖေ့သားလေး"

ကျွန်တော်တို့သားအဖဆီ လျှောက်လာသည့်အမေ့ကိုမြင်တော့ ကျွန်တော်စာအုပ်ကို ဆက်ဖတ်နေလိုက်သည်။

"မြေးလေး ဘွားဘွားကြားလိုက်ပါတယ် ဘာတဲ့ ပြိုင်မယ်ဆိုလား"

"သားကျောင်းမှာ စာစီစာကုံးပြိုင်မလို့ပါ ဘွားဘွားရ"

"အိုး၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မြေးရယ် ဘွားမြေးပင်ပန်းပါတယ်"

အမေသည်စေတနာလွန်ကဲကာ သူ့ဝသီအတိုင်း မြေးဖြစ်သူအား တားဆီးနေပြန်သည်။ သားကလည်း သူ့အဘွား၏ အပြောကိုမခံ၊ အနိုင်ရအောင်သာ ပြောနေလေသည်။

(၅)

"ကျွန်မနေ့လယ်က ရှင့်သားကိုထမင်းချိုင့်သွားပို့တော့ရှင့်သားသတင်းကြားခဲ့တယ်"

"ဘာသတင်းများလဲမိန်းမရဲ့"

"ရှင့်သားစာစီစာကုံးပြိုင်တာ ပထမဆုရတယ်တဲ့"

"ဟေ ဟုတ်လား၊ တော်လိုက်တဲ့သားကွာ၊ သူ့အဘွားကောသိပြီးပြီလား"

"သိပြီးပြီယောက်ျားရေ သူ့မြေးအတွက် ဂုဏ်ယူနေလေရဲ့"

ရုံးကပြန်ရောက်ပြီး အနားယူနေတုန်း ဇနီးသည်က သားအကြောင်းကို ပြောပြနေသည်။ ထိုစဉ် မြေးအဘွားနှစ်ယောက် လက်ဆွဲကာ အိမ်ပေါ်သို့ တက်လာကြသည်ကို တွေ့လိုက်ရသည်။

"အမေနဲ့သားတို့ ဘယ်ကပြန်လာကြတာလဲ"

"ငါ့မြေးနဲ့ လမ်းလျှောက်သွားတာကနေပြန်လာတာပေါ့"

"ဖေဖေသားစာစီစာကုံးပြိုင်ပွဲမှာ ပထမဆုရတယ်၊ မနှစ်ကအတန်းတင်စာမေးပွဲမှာလည်း ပထမရတယ်ဖေဖေရဲ့၊ ခုလာမယ့်ကျောင်းဆုပေးပွဲကျရင် သားကဆုနှစ်ဆုတောင်ရမှာ"

"ဟေ ဟုတ်လား၊ တော်လိုက်တာကွာ ဒါမှ ဖေဖေသားကွ"

ကျွန်တော်သည် သားလေးကိုဖက်ကာ သားလေးမျက်နှာအား နမ်းလိုက်တော့သည်။

"အမလေး ငါ့မြေးကဘယ်သူနဲ့မှတူတာမဟုတ်ပါဘူး၊ တော်ကိုတော်တာပါအေ"

"သားဒီလိုဆုတွေရတာ ဖေဖေ့ကြောင့်ပါဘွားဘွားရ၊ သားဖတ်ဖူးတဲ့စာအုပ်တွေထဲက အချက်တွေနဲ့ သားစဉ်းစားမိတာလေးတွေကို ပေါင်းပြီးရေးခဲ့တာ၊ သားသာ စာမဖတ်ခဲ့ရင် ခုလိုစာစီစာကုံးရေးနိုင်မှာမဟုတ်ဘူး၊ ဖေဖေ စီစဉ်ပေးတဲ့စာအုပ်တွေဖတ်လို့သာ ခုလိုဆုရအောင်ရေးနိုင်တာပါ"

မြေးဖြစ်သူ၏အပြောကို အမေပြန်မချေပနိုင်ရှာတော့ပေ။

"ဒီလိုပါအမေရ စာဖတ်ပြီးစိတ်လေတယ်ဆိုတာမရှိပါဘူး၊ စာဖတ်ရင်အသိတစ်ခုခုက အမြဲရတတ်တယ်၊ အမေ့မြေးကို ခုလိုငယ်ရွယ်တဲ့အရွယ်ကတည်းက စာဖတ်တဲ့ အလေ့အကျင့်ကောင်းရအောင်၊ စာဖတ်ဝါသနာဖွံ့ဖြိုးအောင်လို့ ပျိုးထောင်ပေးနေတာပါ၊ ခုခေတ်မှာ ပညာတတ်၊ ဘွဲ့ရတွေပေါပါတယ်၊ ဒါပေမယ့် ပြင်ပဗဟုသုတ အားနည်းတဲ့အတွက် လုပ်ငန်းခွင်ထဲကို ထိုးဖောက်မဝင်ရောက်နိုင်ကြဘူး၊ ကျောင်းကသင်ပေးတဲ့ ပညာက စာမေးပွဲအောင်ဖို့၊ စာတတ်ဖို့လုပ်ဆောင်ပေးနိုင်ပေမယ့် လူတစ်ယောက်ကို ပြည့်စုံရင့်ကျက်လာအောင်တော့ မလုပ်ပေးနိုင်ပါဘူးအမေ၊ ရင့်ကျက်တဲ့သူ၊ ဗဟုသုတကြွယ်ဝတဲ့သူတစ်ယောက်ဖြစ်ဖို့ စာများများပေးဖတ်ဖို့လိုတယ်၊ သားလေးကို ကုဋေရှစ်ဆယ်သူဌေးသားလိုအဖြစ်မျိုးနဲ့ မကြုံရလေအောင် ခုလိုငယ်ရွယ်ချိန်မှာ စာသင်ဖို့ အခွင့်အရေး၊ စာဖတ်ဖို့အခွင့်အရေးတွေကို ကျွန်တော်ဖန်တီးပေးနေရတာပါ။

"ငါသာ မိဘ၊ ငါ့သားသမီးတွေကိုငါဖြစ်စေချင်သလိုဖြစ်ရမယ်ဆိုတဲ့ အတ္တမပါဘဲ၊ ငါ့သားသမီးအတွက် ငါဘာဖန်တီးပေးရမလဲဆိုတဲ့ စိတ်မျိုးနဲ့ ကျွန်တော့်သားလေးကို ပျိုးထောင်ပေးနေတာပါအမေ"

အမေသည် ကျွန်တော့်ပြောစကားများအားငြိမ်သက်စွာ နားထောင်နေသည်ကိုတွေ့လိုက်ရသည်။

"အိမ်ရှေ့အိမ်က မောင်မြတ်မိုးအဖြစ်ကို ကြည့်ရင်သိနိုင်ပါတယ်အမေ၊ မိဘကဂုဏ်ထူးဘယ်နှခုပါရမယ်၊ ဘာဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့အတ္တစိတ်နဲ့ စာကိုချည်းသင်ပေးခဲ့တာ ခုမောင်မြတ်မိုးအဖြစ်က မနိုင်ဝန်ထမ်းခဲ့ရသလိုဖြစ်သွားတာပေါ့၊ ကလေးမှာကျောက်ဆစ်သူ မိဘတွေရဲ့စိတ်ကြိုက်ထုဆစ်ခံရတဲ့အရုပ်ကလေးဖြစ်ခဲ့ရရှာတယ်၊ တကယ်ဆိုကလေးရဲ့ အသိဉာဏ်ဖွံ့ဖြိုးအောင်၊ ကြိုးစားချင်စိတ်တွေထက်သန်လာအောင် အရင်ပျိုးထောင်ပေးခဲ့ပြီးမှ သူ့တို့ဘဝကို သူတို့ဘာသာစိတ်ကြိုက်ထုဆစ်ဖို့ လမ်းညွှန်ပေးသင့်တယ်လို့ ကျွန်တော်ထင်တယ်"

မြေးဖြစ်သူကို ကြည့်နေရှာသည့် အမေ့မျက်နှာထက်ဝယ် မြေးဖြစ်သူ၏ အနာဂတ်အတွက် စိတ်ပူနေဟန် အရိပ်အယောင်ကို တွေ့လိုက်မိတာကြောင့် "အမေ့မြေးအတွက် အမေစိတ်မပူပါနဲ့၊ အမေ့မြေးက သူ့ဘဝကို သူလှလှပပထုဆစ်သွားမယ့် ကျောက်ဆစ်သမားကောင်းတစ်ယောက်ဖြစ်လာမှာပါ"

အမေ့မျက်နှာကိုကြည့်ကာ ကျွန်တော်ဆက်ပြောလိုက်သည်။ ကျွန်တော်ပြောသည်များကို ငြိမ်လျက်နားထောင်နေသည့်သားလေးက "ဘွားဘွားစိတ်ချ၊ သားက အေဗရာဟမ်လင်ကွန်းလိုသမ္မတကြီး လုပ်မှာဗျ"

"အမလေး ဘွားမြေးလေးကအရမ်းတော်တော့ သမ္မတကြီးဖြစ်မှာ အာဘွား. . ."

အမေသည် ပြောပြောဆိုဆို မြေးဖြစ်သူအားရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပြီး နမ်းရှုပ်နေလေတော့သည်။

ကျွန်တော့်စကားများအား အမေသဘောပေါက်သွားဟန်တူသည့်အတွက် နောက်ရက်များတွင် အမေနှင့်ကျွန်တော် အချင်းများစရာမလိုတော့မှန်း ကျွန်တော်သိလိုက်ပြီဖြစ်သည်။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

## ဆုဆုတာ

# မျက်နှာဖုံး

"သမီးရယ် အမေကြီးကို ထမင်းဖိုးလေးသနားပါကွယ်၊ ခုထိ ထမင်းမစားရသေးလို့ပါကွယ်" ပေစုတ်စုတ် အဒေါ်ကြီး ကျွန်မအနား ကပ်လာတာနဲ့အမျှ ညှီစို့စို့ အနံ့တို့က နှာခေါင်းထဲကို တိုးဝင်လာပါတယ်။ စားလက်စ ထမင်းကိုပင် ဆက်မစားချင်အောင် ဖြစ်သွားပါတယ်။ "ကန်တော့ပါရဲ့ အဒေါ်ကြီးရယ် အကြွေမပါဘူး"ပြောလည်း ပြောရင်း ပိုက်ဆံအိတ်ကို စိတ်မချကာ ကျွန်မဘက် ဆွဲယူလိုက်ပါတယ်။ ကျွန်မစကားကြောင့် အသက်ခြောက်ဆယ်ကျော် ခပ်နွမ်းနွမ်းအဒေါ်ကြီး မျက်နှာလေးငယ်ကာ နောက်တစ်ဝိုင်းကို ကူးသွားပါတယ်။ တခြားဝိုင်းတွေကို သွားတောင်းတာ ရသည်မရသည်ကို ကျွန်မသတိမထားမိ ထမင်းကို ဆက်စားနေလိုက်ပါတယ်။ "မမရယ် သားဘာမှမစားရသေးလို့ မုန့်ဖိုးလေး စွန့်ကြဲပါ မမရယ်"အသံနဲ့ အတူ ညစ်ပေပေကလေးငယ်တစ်ယောက် ကျွန်မ ထမင်းစားပွဲဝိုင်းနား ရောက်လာပြန်တယ်။ "လာပြန်ပြီတစ်ယောက်" ကျွန်မ စိတ်အလိုမကျစွာ ပြောလိုက်ရင်း "အကြွေမပါဘူး ကလေးရဲ့နော်"ကျွန်မစကားကြောင့် ကလေးငယ်က တစ်ချက်မဲ့ကာ ထွက်သွားပြန်တယ်။ ထမင်းတောင် အေးဆေး မစားရပါလားလို့တွေးကာ ထမင်းဆက်စားလိုက်ပြန်တယ်။ စားလို့ပြီးတာနဲ့ "ရှင်းမယ်"လို့ လှမ်းအော်လိုက်ပါတယ်။ ကျသင့်ငွေ စုစုပေါင်း ၁၆၅၀ မို့ တစ်ထောင်တန်နှစ်ရွက်ထုတ်ကာ ပေးလိုက်ပါတယ်။ ခဏအကြာတော့ "အစ်မရေ အကြွေက ၂၀၀ ပဲရှိတယ်၊ ၁၅၀ ကို တခြားဟာယူလိုက်ပါလား" စားပွဲထိုးကောင်လေးစကားကြောင့် ဗိုက်ကလည်းပြည့်နေပြီမို့ ဘာယူရမလဲ တွေးလိုက်ပါတယ်။ "ဒါဆို မအမ်းနဲ့တော့ ရေသန့်တစ်ဘူးပေးတော့" ရေမဆာပေမယ့် ပိုက်ဆံမထားခဲ့ချင်တာကြောင့် ရေတစ်ဘူးမှာလိုက်ပါတယ်။ ဘူးထဲကရေသန့်ကို တစ်ကျိုက်မော့ကာ ထမင်းစားရင်းက ဆီအချို့ပေသွားတဲ့လက်ကို လောင်းဆေးလိုက်ပါတယ်။ ရေသန့်ဘူးကိုထားကာ ထွက်မယ်အလုပ် "အစ်မကြီးရယ် သားကို အဲဒီရေဘူးလေး ပေးပါနော်" မျက်နှာငယ်လေးနဲ့ ကောင်လေးကိုကြည့်ပြီး "ဪ ယူလေ ယူချည်"ကျွန်မ စကားကြောင့် ကောင်လေးက ခုန်ပေါက်ကာ ရေဘူးလေးယူပြီး ထွက်သွားပါတယ်။ ပျော်သွားရှာတယ် ထင်ပါတယ်။ အမှတ်တမဲ့ လျှောက်ကြည့်မိတော့ ခုနက အဘွားကြီး ကြည့်ရတာ ခုထိထမင်းစားရဟန်မပေါ် သနားစိတ်လေးဝင်မိကာ ခုနကပိုတဲ့ ၃၅၀ လေး ပေးလိုက်ရကောင်းသားလို့ တွေးမိပြန်တယ်။ ဒီလိုသာ ပေးနေရပြန်လည်း ပေးလို့ကိုဆုံးမှာမဟုတ်ဘူးလို့တွေးကာ ကိုယ့်လမ်းကို ဆက်ထွက်ခဲ့ပါတယ်။ "ငါ့တူမကြီး ငါ့တူမ ဒီမယ်ဒီမယ်"ခေါ်သံကြောင့် ကြည့်မိတော့ ခုနကတောင်းတဲ့ အဘွားကြီး "ဒီမယ် ငါ့တူမကြီး ဘာကတ်လေးလဲတော့ မသိဘူး တူမကြီးဆီကကျသွားတာမြင်လို့"အဘွားကြီးပြမှ ကြည့်မိတော့ "အမလေး တော်ပါသေးရဲ့"ကျွန်မရဲ့ ATM ကတ်၊ အဘွားကြီးကစာမတတ်လို့လားမသိ ကတ်ကို လိုက်ပြန်ပေးပါတယ်။ တိတ်တိတ်လေး ကောက်ယူမထားတာပဲ ကံကောင်းတာပဲလို့တွေးပြီး အဘွားကြီးကို တစ်ချက်မျှပြုံးပြကာ ကျေးဇူးတင်စကားပင်မဆိုဘဲ ထိုနေရာမှ အမြန်ထွက်ခဲ့ပါတယ်။

"ရှေ့မှတ်တိုင်ပါလားဗျို့၊ ပါရင်ကြိုပြောနော်၊ ကားခလေးတွေလည်း ကြိုထုတ်ထားကြဗျို့၊ စပယ်ယာရဲ့ စကားအသံ ခပ်ကျယ်ကျယ်ကို နားထောင်ရင်း ကားခပေးဖို့ ပိုက်ဆံထုတ်ထားလိုက်ပါတယ်။ ကားကလည်း လူကျပ်လိုက်သည်ဖြစ်ခြင်း၊ ကိုယ်က ဂိတ်ဆုံးထိလိုက်ရမှာမို့ နေရာရအောင် ထိုင်ထားပေမယ့် ကျပ်လိုက်သည်ဖြစ်ခြင်း။ "ရှေ့မှာ တစ်ယောက်တက်မယ် ဆရာရေ့"စပယ်ယာရဲ့ အသံကြောင့် ဒီလောက်လူကျပ်နေတာ ထပ်တင်ဦးမလား ဆိုပြီး စိတ်ခုမိပါတယ်။ "တက်တက်အဒေါ်ရေ့ ဒီဘက်တန်းမှာ တစ်ယောက်ထိုင်လို့ရသေးတယ်၊ ဝင်ထိုင်"စပယ်ယာရဲ့ စကားကြောင့် တက်လာတဲ့ ခပ်ဝဝအဒေါ်ကြီးက ကျွန်မတို့ ခုံတန်းဘက် ကျွန်မဘေးကို အားရပါးရ ထိုင်ချလိုက်ပါတယ်။ အစကတည်းက ကျပ်ညပ်နေတာ ခုပိုလို့ ကျပ်သွားပြန်တယ်။ ပြောလို့ကလည်းမဖြစ်၊ ဘတ်စ်ကား တစ်ဖက်ခုံတစ်တန်း ကိုးယောက်ထိုင်ရသည်ကိုး။ ကားလှုပ်တိုင်း လှုပ်လှုပ်သွားတဲ့ အဒေါ်ကြီးခန္ဓာကိုယ်နဲ့အတူ ဆွဲကြိုးကြီးကြီးနဲ့ လက်ကောက်သံတချွင်ချွင်ကလည်း လှုပ်တိုင်း မြည်နေပါတယ်။ ဒီလောက်သားနားပြီး ဝတ်စားထားတာ ကိုယ်ပိုင်ကားမစီးဘဲနဲ့လို့ ကျွန်မ တွေးလိုက်မိပါတယ်။ "ကားခတွေ လှမ်းမယ်ဗျို့"စပယ်ယာ့ အသံကြောင့် ကျွန်မလက်ထဲက တစ်ထောင်တန်ကို ပေးလိုက်ပါတယ်။ "ငါ့တူမကြီးရေ အဒေါ်ပိုက်ဆံအိတ်က ဇစ်ကငြိနေတာ ဖွင့်ရခက်လို့ အန်တီ့အတွက် ကားခ ခဏပေးပေးပါလားကွယ်၊ ဂိတ်ကျမှ အဒေါ်ကဆင်းမှာဆိုတော့ ပေးမယ်သိလား" အဒေါ်ကြီးစကားကြောင့် လူကျပ်ကျပ်မှာ ပိုက်ဆံအိတ်ဖွင့်ရခက်နေတဲ့ အဒေါ်ကြီးကိုကြည့်ကာ "ဟုတ်ဟုတ် ရပါတယ်"ကျွန်မစကားကြောင့် အဒေါ်ကြီးက "ကျေးဇူးပါ တူမကြီးရယ်၊ ဂိတ်ထိလိုက်မှာလား၊ အဲဒီကျပေးမယ် သိလား"ကျွန်မလည်း ခေါင်းညိတ်ပြလိုက်ပါတယ်။ ၅၀၀ စိုက်ပေးလိုက်ပါတယ်။ ကားစီးရင်း အဒေါ်ကြီးဝတ်စားထားပုံ ဆင်မြန်းထားတဲ့ လက်ဝတ်ရတနာတွေကို ငေးကြည့်ကာ အားကျရင်း လိုက်ပါခဲ့ပါတယ်။ သူဌေးတစ်ယောက်အတွက် ၅၀၀ လောက် စိုက်ပေးပြီး ခင်မင်သိခွင့်ရတာ မဆိုးပါဘူးလို့ တွေးမိပြန်တယ်။ နှစ်ယောက်သား တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ကြရင်း အဒေါ်ကြီး အမျိုးသားက ပွဲရုံပိုင်ရှင်၊ အဒေါ်ကြီးသားက ဆရာဝန်ဆိုတဲ့အကြောင်းအရာတွေသိတော့ ပိုလို့အားကျမိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် လိပ်စာတွေပြောရင်း ခင်မင်ခွင့်ပိုရအောင် ကျွန်မကြိုးစားလိုက်ပါတယ်။ ဒီနေ့မှ ကားပျက်နေလို့ဆိုပြီး ဘတ်စ်ကားစီးရတာကိုလည်း ပြောပြပါတယ်။ ဂိတ်တွေကျော်ဖြတ်လာတာနဲ့အမျှ လူအချို့ဆင်းသွားတော့ ကားက အနည်းငယ်ချောင်လာပါတယ်။ "ရော့ အိပ်ချင်ပြေအချဉ်လေးစား"အဒေါ်ကြီးပေးတဲ့ ချဉ်ပေါင်းထုပ်လေးထဲက တစ်ဖတ်ယူကာ အိပ်ချင်ပြေ စားလိုက်ပါတယ်။ အိပ်ချင်ပြေ မပြေတော့မသိဘူး ဂိတ်ရောက်မှပဲ "အစ်မ အစ်မ ထတော့ ဂိတ်ဆုံးပြီ"စပယ်ယာ့ အသံစူးစူးကြားမှ ရုတ်တရက်လန့်နိုးလာတော့ ကားပေါ်မှာ ကျွန်မတစ်ယောက်တည်း။ ယောင်ယောင်ရမ်းရမ်း ဟိုကြည့်သည်ကြည့်လုပ်ပြီး သတိထားမှ "ကျွန်မပိုက်ဆံအိတ်မရှိတော့" အလန့်တကြားနဲ့ "ဟဲ့ စပယ်ယာလေး ဟို အဒေါ်ကြီးရော၊ အစ်မဘေးနားက အဒေါ်ကြီးရော" ကျွန်မစကားကြောင့် ကောင်လေးက ခေါင်းကုတ်ကာ "ဪ အစ်မဘေးက အဒေါ်ကြီးလား အစ်မစအိပ်ကတည်းက ဆင်းသွားတာလေ၊ အဲဒါ အစ်မ အဒေါ် မဟုတ်ဘူးလား"စပယ်ယာလေးစကားကြောင့် "အမလေးဟဲ့ သွားပါပြီ၊ အဲဒါ ငါ့အဒေါ်မဟုတ်ဘူးဟဲ့ အဲဒါ ငါ့ကိုမုန့်ကျွေးအိပ်ဆေးခတ်ပြီး ငါ့ပိုက်ဆံအိတ် အလစ်သုတ်သွားတာ"ကျွန်မစကားကြောင့် စပယ်ယာလေးက အံ့သြဟန်နဲ့ "ဟာဗျာ ဘယ်သိမလဲ၊ အစ်မတို့က ကားပေါ်မှာ တကယ့်အသိတွေလိုပြောနေတော့ အသိမိတ်ဆွေ ဒါမှမဟုတ် အဒေါ်နေမှာပါဆိုပြီး ဂရုမထားတော့ဘူးလေ၊ အဲဒီအဒေါ်ကြီးဆင်းသွားတော့ သတိထားပြီး တောင်မကြည့်လိုက်မိဘူး"စပယ်ယာလေးစကားကြောင့် "ကျွန်မကိုယ့်နဖူးကိုယ်ရိုက်ကာ"သွားပါပြီ သူများကို တကယ်အဟုတ်မှတ်ပြီး အထင်ကြီးယုံမိတာ ခံလိုက်ရပြီ၊ လက်ထဲမှာ ပိုက်ဆံတစ်ကျပ်မှမရှိတော့ဘူး၊ ရှေ့ဆက်ခရီးဆက်ဖို့ ဘယ်လိုလုပ်ရပါ့မလဲတွေးရင်း အပေါ်အင်္ကျီအိတ်ကပ်ကို ဟိုစမ်းသည်စမ်းလုပ်မိတော့ "ကတ်ပြားလေး" အမယ်လေး ကျွန်မ ATM ကတ်ပြားလေး မနက်က ဟိုတောင်းတဲ့ အဘွားကြီးပေးတုန်းက ပိုက်ဆံအိတ်ထဲ ပြန်မထည့်ဘဲ အိတ်ကပ်ထဲ အမြန်ထည့်ကာ ထွက်လာပုံကို ပြန်သတိရမိပါတယ်။ အနီးနားရှိ ATM စက်မှာ ငွေကို ထုတ်ကာ လူလိမ်မိန်းမကြီးပြောတဲ့ လိပ်စာအတိုင်း လိုက်ခဲ့ပါတယ်။ သူပြောတဲ့ လိပ်စာအတိုင်း ပွဲရုံတွေရှိပေမယ့် ထိုအဒေါ်ကြီး ပိုင်တာတွေမဟုတ်။ သေချာသွားပြီ ကျွန်မ အလိမ်ခံလိုက်ရပြီ။ ကျွန်မရဲ့ တစ်ပါးသူကို အားကျမှု၊ အထင်ကြီးမှုက ကျွန်မကိုဒုက္ခပေးလိုက်ပြီ။ ATM ကတ်ကလေးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း ဟိုအဒေါ်ကြီးအတွက် စိုက်ပေးခဲ့တဲ့ ကားခ ၅၀၀ ကို ထမင်းဆာနေတဲ့ ကလေးကိုပေးလိုက်ရင် ဘယ်လောက်သူပျော်လိုက်မလဲ။ ရေသန့်ဘူးလေးရတာတောင် သူပျော်နေရှာတာလေ။ သူတစ်ပါးရဲ့ ကြွားဝါမှု၊ ဟန်ဆောင်မှုတွေကို အထင်ကြီးပြီး ခင်မင်ချင်ခဲ့တဲ့ ကျွန်မ ရိုးရိုးသားသား ATM ကတ်ကို လိုက်ပေးတဲ့ အဘွားကြီးကို ကျေးဇူးတင်စကားလေးပြောပြီး ထမင်းကျွေးခဲ့ရင် ဘယ်လောက်များတောင် ကုသိုလ်တွေ ရလိုက်မလဲ။ မှတ်တိုင်မှာရပ်နေတဲ့ ဘတ်စ်ကားပေါ်မှာ ကျွန်မ တိတ်တိတ်လေးတွေးနေမိပြန်တယ်။ "သမီးရေ ထမင်းဖိုးလေး ပေးသနားပါကွယ်၊ အမေကြီးဆာလို့ပါ" ကားနောက်မြီးမှာ လက်ကလေးတုံတုံနဲ့ တောင်းနေတဲ့ အမေကြီးကိုကြည့်ကာ တစ်ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်ပါတယ်။ "ငါ့တူမကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သွားလေရာလာလေရာ ဘေးကင်းပါစေ၊ ဒီထက်မက ကုသိုလ်ပြုနိုင်ပါစေ၊ ဘေးခပ်သိမ်းငြိမ်းပါစေ" စတဲ့ဆုတွေ တစ်သီကြီးပေးကာ အပြုံးပန်းနဲ့ ထွက်ခွာသွားပါတယ်။ သံဝေဂရစေတဲ့ ဒီနေ့အဖြစ်အပျက်ကိုကြည့်ရင်း မာယာမျက်နှာဖုံးတွေတပ်ဆင်ထားတဲ့ လူတွေကို အထူးဂရုပြုရှောင်ကြဉ်ကာ ရှိတဲ့လူတိုင်းကိုလည်း အထင်မကြီးအားမကျတော့။ မရှိတဲ့လူတိုင်းကိုလည်း အထင်မသေးမိတော့ပေ။ လူတိုင်းရဲ့ အပြင်ပန်းကို မကြည့်ဘဲ ကူညီသင့်တာကိုကူညီရင်း လဲနေသူကိုထူပေးဖို့ကိုသာ ကျွန်မတွေးမိပါတော့တယ်။ ။

> **သူဌေးတစ်ယောက်အတွက် ၅၀၀ လောက် စိုက်ပေးပြီး ခင်မင်သိခွင့်ရတာ မဆိုးပါဘူးလို့ တွေးမိပြန်တယ်၊ နှစ်ယောက်သား တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ကြရင်း အဒေါ်ကြီး အမျိုးသားက ပွဲရုံပိုင်ရှင်၊ အဒေါ်ကြီးသားက ဆရာဝန်ဆိုတဲ့ အကြောင်းအရာတွေသိတော့ ပိုလို့အားကျမိပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် လိပ်စာတွေပြောရင်း ခင်မင်ခွင့်ပိုရအောင် ကျွန်မကြိုးစားလိုက်ပါတယ်. . .**

ဆောင်းပါး

## မိုးသောက်ထွန်း

# မူးယစ်ကင်းဝေး ကျန်းမာရေး အားကစားနှင့် မြှင့်တင်ပေး

မူးယစ်ဆေးဝါးဟုဆိုလိုက်သည်နှင့် လူအားလုံး၏စိတ်အတွေး၌ မကောင်းသောအရာတစ်ခုအဖြစ် ပြေးမြင်မိကြပေမည်။ သို့သော် ဤမူးယစ်ဆေးဝါးကိုပင် လူတို့သုံးစွဲမိနေကြ၏။ ပိုးဖလံမျိုး မီးကိုတိုး ဆိုသကဲ့သို့ ရူးမိုက်စွာ စွဲလမ်းနေကြ၏။ အဆိပ်ခွက်ကိုပင် သောက်လေသောက်လေ ငတ်မပြေနိုင်အောင် တချို့ဖြစ်နေကြ၏။ ထိုသူများထဲတွင် ကမ္ဘာကြီး၏(သို့မဟုတ်)လူသားမျိုးနွယ်စုကြီး၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်လေးများ ပါဝင်နေသည်မှာ အလွန်ပင်ဝမ်းနည်းဖွယ်ဖြစ်၏။ အလွန်စိုးရိမ်စရာ အခြေအနေလည်းဖြစ်၏။ အနာဂတ်တွင် ဖူးပွင့်လာမည့် ပန်းပင်ပျိုများအား အဖူးအငုံဘဝမှာတင် မူးယစ်ဆေးဝါးဟူသော ဘဝဖျက်ပိုးကြီးက ကိုက်ဖဲ့စားသုံးပစ်နေလေသည်။ ဤဘဝဖျက်ပိုး၏အန္တရာယ်မှာ အလွန်ကြီးမား၏။ ထိုအန္တရာယ်အား ကာကွယ်ရမည့် တာဝန်မှာ လူသားတိုင်းတွင် ရှိနေသည်။

မူးယစ်ဆေးဝါးဟူသော ဘဝဖျက်ပိုးကြီးသည် ဆေးလိပ်၊ အရက် စသည်တို့မှသည် ဘိန်းဖြူ၊ ယခုခေတ်တွင် ခေတ်စားနေသော WY ဆေးပြားများဟူ၍ နာမည်မျိုးစုံဖြင့် နေရာစုံ၊ ထောင့်စုံမှ အန္တရာယ်ပြုရန် ချောင်းမြောင်းနေသည်။ ၎င်းဘဝဖျက်ပိုးကြီးသည် ကျီးအာသီးကဲ့သို့ ရှိ၏။ စပါးကြီးမြွေကဲ့သို့ ညို့ငင်တတ်၏။ နဂါးပတ်ကျော့ကွင်းကဲ့သို့သော ထောင်ချောက်အသွယ်သွယ် ဖြန့်ကြက်ထား၏။ လူဘဝအတွေ့အကြုံ နုငယ်သော ပန်းပင်ပျိုများသည် ၎င်း၏ညို့ချက်ပြင်းသော ထောင်ချောက်တွင်းသို့ သက်ဆင်းကာ ဘဝနစ်မွန်းကြရရှာလေ၏။ အနာဂတ် ပန်းပင်ပျိုလေးများ ဘဝဖျက်ပိုးကြီး၏အန္တရာယ်မှ ရုန်းထွက်လွတ်မြောက်ရန် လူကြီးများက လမ်းပြခေါ်ဆောင်ရပေမည်။လူကြီးများက ကာကွယ်စောင့်ရှောက်ကြရပေမည်။ ဘဝဖျက်ပိုးကြီးကို ရှင်သန်ကြီးထွားအောင် မွေးမြူ၍စီးပွားရှာနေကြသော ဝိသမလောဘသား အတ္တရှင် လူကြီးများကို ရှာဖွေဖော်ထုတ် ဖယ်ရှားပေးကြရပေမည်။ ထိုဘဝဖျက်ပိုးကြီးအား ရှင်သန်ကြီးထွားခွင့်မပေးဘဲ အမြစ်ပြတ်ချေမှုန်းရပေမည်။ ဤသို့နှိမ်နင်းရန် တစ်ဦးတစ်ယောက်အားဖြင့် မရနိုင်။ ဘက်စုံထောင့်စုံမှ တာဝန်သိ လူသားအားလုံးက တွဲလက်ညီညီ စည်းစည်းလုံးလုံးဖြင့် နှိမ်နင်းမှသာလျှင် အောင်မြင်နိုင်ပေမည်။

လူငယ်ဟူသည်မှာ အရာရာကို စူးစမ်းချင်သော စိတ်ဓာတ်များ ကိန်းအောင်းနေသူများ ဖြစ်ကြသည်။ သူတို့ဘဝတွင် မတွေ့ကြုံဖူးသော အသစ်အဆန်းများဆိုလျှင် ထိတွေ့စမ်းသပ်လိုကြ၏။ အမှားအမှန်ကို ပိုင်းခြားရာတွင် ဦးနှောက်နှင့် ဆင်ခြင်ရမည့်အစား စိတ်ခံစားမှုဖြင့်သာ ဆုံးဖြတ်ကြ၏။ သူတို့မှန်သည်ဟုထင်မြင်သော အရာများကိုလည်း လက်မလွှတ်စတမ်း ဆုပ်ကိုင်ထားချင်တတ်ကြ၏။ တစ်စုံတစ်ယောက်က မြူဆွယ်လာလျှင်လည်း အလွယ်တကူ တိမ်းညွတ်သွားတတ်ကြ၏။ နောက်မဆုတ်စတမ်း ရှေ့သို့လှမ်းမည်ဟူ၍ မိုက်ရူးရဲစိတ်ဓာတ်များဖြင့် နွံအတွင်း ဇွတ်တိုးဝင်တတ်ကြ၏။

အနာဂတ်၏ ပန်းပင်ပျို လူငယ်လေးများအား မူးယစ်ဆေးဝါးသည် မကောင်းသည့်အရာဖြစ်သည်ဟု ပြောပြပေးရုံဖြင့်မပြီး။ အမိန့်အာဏာများဖြင့် တားဆီးထိန်းချုပ်ထားရုံနှင့်လည်း မပြည့်စုံ။ သူတို့၏ တိမ်းညွတ်လွယ်သော စိတ်နုငယ်များအား ကောင်းမွန်သည့်အရာများဖြင့် ဆွဲဆောင်သိမ်းသွင်း၍ လမ်းကြောင်းပြောင်းပေးရန် အထူးလိုအပ်လှသည်။ လူငယ်များ၏ စိတ်သန္တာန်အား မည်သည့်အရာများဖြင့် ဆွဲဆောင်သင့်သနည်း။ ဆွဲဆောင်ရန် အကောင်းဆုံးသောအရာမှာ အားကစားဟု အဖြေပေးရပေလိမ့်မည်။ လူငယ်များအားလုံး ဆော့ကစားခြင်းကို ဝါသနာပါကြ၏။ ကစားခြင်းကို မက်မောတတ်ကြ၏။ ဆော့ကစားနေရလျှင် ထမင်းမေ့ ဟင်းမေ့ ရှိနေတတ်ကြ၏။ ထို့ကြောင့် မူးယစ်ဆေးဝါးဟူသော ဘဝဖျက်ပိုးကြီး၏ ညို့စက်ကွင်းမှ ပြန်လည်ဆွဲဆောင်သိမ်းသွင်းရန် အကောင်းဆုံးသောအရာမှာ အားကစားဟု ဆိုချင်သည်။ ဥပမာတစ်ခုအနေဖြင့် ဘောလုံးအားကစားနည်းအား ပြဆိုချင်ပါသည်။ ဘောလုံးအားကစားသည် လူငယ်အများစု ပို၍နှစ်သက်သော အားကစားလည်းဖြစ်သည်။ ဘောလုံးအားကစားကို ဝါသနာပါသော လူငယ်တစ်ဦးအား "ဘောလုံးအားကစားသမားကောင်းတစ်ယောက် ဖြစ်ချင်ရင် အရက်၊ ဆေးလိပ် စပြီးမူးယစ်ဆေးဝါးတွေ မသုံးစွဲရဘူး၊ တကယ်လို့ မူးယစ်ဆေးဝါးသုံးစွဲမယ်ဆိုရင် အမောခံနိုင်မှာ မဟုတ်ဘူး၊ အမောမခံနိုင်ရင် ဘယ်လိုလုပ် ကြာရှည်ကစားနိုင်မလဲ"စသည်ဖြင့် လမ်းညွှန်ဆုံးမပါက လိုက်နာရန်ရာခိုင်နှုန်းများပြားပေမည်။

လူငယ်များအတွက် အားကစားပြုလုပ်ရန် အချိန်များဖန်တီးပေးရပေမည်။ ကစားရန်နေရာ(ကစားကွင်း)များ များစွာတည်ဆောက်ပေးရပေမည်။ သူတို့ ဝါသနာပါသော အားကစားတစ်ခုခုအား ပြုလုပ်နိုင်ရန် မိဘများကလည်း ခွင့်ပြုဖို့လိုအပ်သည်။ ထိုသို့ ခွင့်မပြုဘဲ တင်းကျပ်လွန်းသော စည်းကမ်းများဖြင့် တုပ်နှောင်ထားမည်ဆိုလျှင် အနည်းငယ်လစ်ဟာသော အချိန်လေးရရှိသည်နှင့် လက်သင့်ရာ မကောင်းမှုနယ်ပယ်ထဲသို့ ဇွတ်တိုးဝင်သွားတတ်၏။ ဤသည်ကို မိဘများ အထူးသတိချပ်သင့်သည်။ အနာဂတ်ပန်းပင်ပျို လူငယ်လေးများ၏ ဘဝများ ကြံ့ခိုင်သန်မာစေလိုလျှင် သူတို့ဝါသနာပါရာ အားကစားများ ပြုလုပ်ခွင့်ပေးကြဖို့ တိုက်တွန်းအကြံပြုလိုသည်။ "မူးယစ်ကင်းဝေး ကျန်းမာရေး အားကစားနှင့် မြှင့်တင်ပေး"ဟူသော ဆောင်ပုဒ်ကလေးကို လက်ကိုင်ထား၍ အနာဂတ်ပန်းပင်ပျိုများအား ကိုက်ဖြတ်စားသောက်မည့် ဘဝဖျက်ပိုး မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ဝတ္ထုတို



# မေတ္တာကြယ်

■ နေဆောင်း

(၁)

"ဟယ်လို ကျော်အေးလား"

"ဟုတ်ကဲ့ ဘယ်သူလဲ မသိဘူးခင်ဗျ"

"ကြီးမေပါ၊ သူရိန်ရဲ့ အမေလေ"

"သြော် ကြီးမေ ပြောပါ ဘာကိစ္စရှိလို့လဲ"

"မင်းသူငယ်ချင်း၊ သူရိန်ရဲ့ အကြောင်းလေး ကြီးကြီးကိုစုံစမ်းပေးပါ"

"ဘာဖြစ်လို့လဲကြီးကြီး"

"ဘာမှမဖြစ်ပါဘူးကွယ်၊ သူဘာတွေလုပ်နေတယ်၊ ဘယ်လိုနေတယ်ဆိုတာ သိချင်လို့ပါ"

"ဟုတ်ကဲ့ကြီးမေ သားစုံစမ်းပြီး ဖုန်းပြန်ဆက်ပေးပါ့မယ်"

"သြော် အေးအေး၊ ဒါပဲနော် သား"

ကျွန်မ သားအကြောင်းသိရတော့မယ်။ ကျွန်မထင်ထားသလို မဖြစ်စေဖို့ဘဲ ဆုတောင်းမိတယ်။

(၂)

"သား တက္ကသိုလ်မတက်တော့ဘူး"

"ဘာပြောလိုက်တယ်သား"

"သားအလုပ်လုပ်ချင်တယ်အမေ"

"သားရယ် ဘာဖြစ်လို့အလုပ်လုပ်ချင်ရတာလဲ"

"အမေပင်ပန်းတာကို မကြည့်ရက်ဘူး အမေ၊ သားအောက်မှာလည်း ညီနှစ်ယောက်၊ ညီမတစ်ယောက်ရှိသေးတယ်လေ၊ သူတို့အတွက် သားအလုပ်လုပ်ပါရစေ အမေ"

"ဒီမယ်သား၊ အမေ့ကိုကြည့်၊ အမေပြောတဲ့စကားကို နားထောင်၊ လောကကြီးမှာ ပညာကအရေးကြီးတယ်သား၊ ဒါကြောင့်သား တက္ကသိုလ်ဆက်တက်ရမယ်၊ သားသူငယ်ချင်းတွေလည်း တက္ကသိုလ်တက်ကြမှာပဲလေ"

"တက်ပါစေ အမေ၊ သူတို့က ဘာသာရပ်တက္ကသိုလ်၊ သားကဘဝတက္ကသိုလ်တက်မှာလေ" "သားရယ်အမေပြောတာကို နားမလည်သေးဘူးလား၊ ဘဝဆိုတဲ့တက္ကသိုလ်က ရှုပ်ထွေးလွန်းတယ်သား၊ ဒါကိုရင်ဆိုင်ဖို့ အတတ်ပညာ အသိပညာတွေ သားမှာမရင့်ကျက်သေးဘူး၊ သားတက္ကသိုလ် ဆက်တက်ပါသားရယ်"

ကျွန်မနဲ့သားကြီး စစ်အေးတိုက်ပွဲတစ်ခု ဖြစ်နေခဲ့တာကြာပါပြီ။ ဆယ်တန်းအောင်စာရင်းထွက်လာကတည်းကပဲ။ သားကြီးက တက္ကသိုလ်ဆက်မတက်ချင်။ ကျွန်မ ဖျောင်းဖျတိုင်း မငြင်းဆန်သော်လည်း တက်မယ်ဆိုသော အဖြေမပေးသေး။ အကြောင်းပြချက်က ကျွန်မပင်ပန်းမှာကြောက်လို့တဲ့။ တက္ကသိုလ်ဆက်တက်စေချင်တဲ့ အကြောင်းထဲမှာ ဒီလိုသိတတ်မှုတွေကြောင့်လည်းပါတယ်။ သိတတ်လိမ္မာတဲ့ ကျွန်မရဲ့သားကြီးကို ပုံမှန်ဘဝထဲမှာ မရုန်းကန်စေလို။ ဒီလိုအချိန်ရောက်တော့ သေသွားတဲ့ ယောကျ်ားကို သတိရမိသား။ သူသာရှိသေးရင် သားကိုတက္ကသိုလ်ဆက်တက်ဖို့ ဒီလောက်ပြောစရာလိုမယ်မထင်။

(၃)

အငယ်မက ဒီနှစ် ကိုးတန်း။ လာမယ့်နှစ် ဆယ်တန်း။ ဆယ်တန်းဆိုတော့သိတဲ့အတိုင်း။ ငွေကြေးကကုန်ရဦးမယ်။ ကျွန်မ စဉ်းစားရကျပ်ပါဘိ။ လယ်လေးဧကနဲ့ အိမ်ဈေးဆိုင်ကြားပြေးလွှားနေရတာက မသက်သာ။ လယ်ကလည်း အဆင်မပြေ။ စပါးမရ။ ပဲမရ။ ဒီကြားထဲဈေးကမကောင်း။ အိမ်ဈေးဆိုင်လေးရှိလို့ ခံသာသေးတယ်။ တွေးရင်းတွေးရင်း ခေါင်းမူးလာသယောင်။ ပတ်ဝန်းကျင်ကိုသတိမထားမိ။

"အမေ. . . မျက်နှာမကောင်းပါလား၊ နေမကောင်းဘူးလား" သားကြီးကမေးရင်း ကျွန်မနဖူးကို လာစမ်းတယ်။ သားကြီးရဲ့ လက်ကကြင်နာမှုကို ကျွန်မနှလုံးသားက ခံစားရတယ်။ သားကြီးလက်ကို ကျွန်မလက်နဲ့ ညင်ညင်သာသာလေး ပြန်ဆုပ်ကိုင်လိုက်တယ်။

"အမေဘာမှ မဖြစ်ပါဘူးသား၊ အမေ နေကောင်းပါတယ်" ကျွန်မအသံတိုးလျနေတယ်ထင်တယ်။

"အမေလိမ်နေတယ်၊ အမေဘာဖြစ်နေလဲ သားကိုပြောပြပါအမေ၊ အမေ့အခက်အခဲတွေ သားကိုပြောပြပါအမေ"

"အမေ ဘာမှမဖြစ်ပါဘူးသားရဲ့၊ အမေ ဒီနေ့ သားကြိုက်တဲ့ အမဲသားဟင်းချက်ထားတယ်၊ ထမင်းစားရအောင်" သားကြီးလက်ကိုဆွဲရင်း မီးဖိုချောင်ထဲဝင်လိုက်တယ်။ သားကြီးမျက်နှာက အနည်းငယ်မကျေနပ်သယောင်။ မတတ်နိုင်ဘူးလေ။ ကျွန်မအခက်အခဲတွေ သားကြီးသိလို့မဖြစ်ဘူး။

တက္ကသိုလ်မတက်ဘဲ နေလိမ့်မယ်။ သားကြီးရှေ့မှာ ပြုံးပျော်နေမှဖြစ်မယ်။

(၄)

တက္ကသိုလ်တွေ ဖွင့်တော့မှာပါလား။ သားကြီးဆီကအဖြေမသိရသေး။

"အမေ့ အမေ့"

"ဟဲ့ ဘာလို့ ဒီလောက်အော်နေတာလဲ။ အမေမီးဖိုထဲမှာ"

"သားတက္ကသိုလ်တက်မယ်အမေ"

"သားတကယ်ပြောတာလား"

"ဟုတ်တယ်အမေ၊ ရွာတောင်ပိုင်းက ကျော်အေးနဲ့ ရန်ကုန်မှာ စီးပွားရေးတက္ကသိုလ်တက်မယ်အမေ၊ စီးပွားရေးပညာရှင်ကြီးဖြစ်အောင်ကြိုးစားပြီး အမေ့ကို ပြန်လုပ်ကျွေးမယ်အမေ" "ရပါတယ်သားရယ်၊ အမေက ငါ့သားတက္ကသိုလ်တက်မယ်ဆိုရင်ပဲ ပျော်နေပြီ"

သားကြီးက ကျွန်မကို တက္ကသိုလ်ဆက်တက်မယ်ပြောနေသော်လည်း တစ်ခုခုကို လျှို့ဝှက်ထားတဲ့ပုံပဲ။ ဘာပဲဖြစ်ဖြစ် သားကြီးတက္ကသိုလ်တက်မယ်ဆိုတော့ ကျွန်မပျော်တယ်။ စုထားတဲ့ပိုက်ဆံလေးရေကြည့်မိတော့ သုံးသိန်း။ အသုံးအဆောင်ပစ္စည်း၊ အဆောင်စရိတ်၊ ထမင်းစရိတ်နဲ့ စာရွက်စာတမ်းဖိုး တစ်လစာတော့လောက်ကောင်းပါရဲ့။ သားကြီးတက္ကသိုလ်သွားရမယ့်နေ့မတိုင်မီ အမျိုးတွေကို လိုက်နှုတ်ဆက်ခိုင်းတယ်။ ပစ္စည်းတွေလည်း ဝယ်ပြီးပြီ။

"အမေ့ကိုသားကန်တော့ပါတယ်"

"အခုလိုမိဘကိုသိတတ်တဲ့ ငါ့သားလိမ္မာလေး သွားလေရာ လာလေရာ ဘေးမသီရန်မခဘဲနဲ့ ချောချောမွေ့မွေ့ရောက်ပါစေကွယ်၊ သားစာကိုကြိုးစားနော်"

"ဟုတ်ကဲ့ပါအမေ"

ဆုပေးနေရင်း မျက်ရည်မကျမိအောင် ထိန်းရတယ်။ ပျော်ရွှင်ခြင်းနဲ့ ဝမ်းနည်းခြင်းကို တစ်ပြိုင်နက် ခံစားနေရတယ်။ ထွက်သွားတဲ့ သားကြီးရဲ့ကျောပြင်ကိုကြည့်ရင်း မျက်ရည်တစ်ပွင့်လက်ခနဲ။

(၅)

ကျွန်မလေ သားကြီးရန်ကုန်ကိုစသွားတဲ့ အချိန်ကစပြီး တစ်ပတ်လောက်ထိ ကောင်းကောင်းအိပ်မပျော်။ တစ်ပတ်ပြည့်တော့ သားကြီးဖုန်းဆက်လေရဲ့။

"ဟယ်လို အမေ၊ အမေနေကောင်းလား၊ သားဒီမှာအဆင်ပြေတယ်အမေ"

"အေး အမေနေကောင်းပါတယ်၊ ငါ့သားရော နေကောင်းလား၊ ကျန်းမာရေး ဂရုစိုက်နော်၊ စာတွေကောလိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ်အမေ၊ သားနေကောင်းပါတယ်"

"သားပိုက်ဆံရော လောက်ရဲ့လား"

"လောက်ပါတယ်အမေ၊ သားသုံးတတ်ပါတယ်၊ အမေဒါပဲနော်၊ ဖုန်းချလိုက်တော့မယ်"

"သြော် အေးအေးသား"

အဲဒီလိုပဲ။ သားကြီးက ပိုက်ဆံအကြောင်းပြောတိုင်းဖုန်းချသွားတတ်တယ်။ အမေ့ကိုကိုးမကျ။ မနေနိုင်တဲ့အဆုံး ကျွန်မကပဲ ပိုက်ဆံလွှဲပေးရတော့တယ်။ ကျွန်မပိုက်ဆံလွှဲပေးရင်တော့ ယူတယ်။ လိုတယ်လို့တစ်ခါမှ မတောင်းဖူးဘူး။ ဒါတောင်လယ်တွေရောင်းပြီး ကျွန်မ စပါးရိတ်၊ ကောက်စိုက်လိုက်နေတယ်ဆိုတာ သိရင်တော့ တက္ကသိုလ်ဆက်မတက်ဘဲ ပြန်လာမှာလား မပြောတတ်။ ဒီလိုနဲ့ သားကြီး ပထမနှစ်ပြီးခဲ့ပြီ။ မှတ်မှတ်ရရ တစ်နှစ်လုံးမှ ပိုက်ဆံ သုံး၊ လေးသိန်းသာ လွှဲပေးခဲ့ရတယ်။

(၅)

ဒီနှစ်အငယ်မ ဆယ်တန်း။ သမီးကိုလည်း တစ်နှစ်တည်း နှစ်ချင်းပေါက်အောင်စေချင်မိတယ်။ ဒါကြောင့် ဘော်ဒါထားဖို့ ဆုံးဖြတ်လိုက်တယ်။ စုထားတဲ့ ပိုက်ဆံလေးကြည့်မိတော့ လေးသိန်း။ လယ်ရောင်းရတဲ့ပိုက်ဆံကလည်း သီးနှံရှုံးလို့ ပြန်ဆပ်ရတာနဲ့ ကုန်ပြီ။ ကျွန်မလက်က ကျွန်မနားကို အလိုလိုရောက်သွားတယ်။ နားကပ်ပေါင်လိုက်တော့ နှစ်သိန်း။ ပေါင်းခြောက်သိန်း။ ဘော်ဒါကြေးက ရှစ်သိန်း။ သေတ္တာ ဘာညာဝယ်မှာခြမ်းမှာနဲ့ ပိုက်ဆံသုံးသိန်းလောက်က လိုနေပြီ။ ကျွန်မ ဘာလုပ်ရမှန်းမသိတော့။ စဉ်းစားလို့မရသေး။ သားကြီးဆီမှ ဖုန်းဝင်လာတယ်။

"အမေ သားပိုက်ဆံလေးသိန်း လွှဲလိုက်တယ်၊ အဲဒါ အမေသွားထုတ်လိုက်နော်၊ သားအရေးကြီးနေလို့ ဖုန်းချလိုက်တော့မယ်"

ကျွန်မဘက်က ဘာမှပြန်ပြောချိန်မရလိုက်။ ဖုန်းပြန်ခေါ်တော့ စက်ပိတ်ထားသည်တဲ့။ ပိုက်ဆံလိုနေချိန်ရတဲ့အတွက် စိတ်အေးသွားရတယ်။

နောက်တစ်နေ့ ဘဏ်ကပိုက်ဆံထုတ်ပြီး သမီးကိုဘော်ဒါသွားအပ်။ အိမ်ပြန်ရောက်တော့ ညနေ သုံးနာရီထိုးနေပြီ။ အနားယူမယ်ကြံလိုက်တော့ သားကြီးအကြောင်း တွေးမိပြန်တယ်။ သားကြီးပိုက်ဆံတွေဘယ်ကရသလဲ။ သားကြီး မကောင်းတဲ့လုပ်ငန်းတွေ လုပ်နေတာလား။ မဖြစ်နိုင်ပါဘူးလေ။ သားကြီးက ဒီလိုလူစားမှမဟုတ်တာ။ ညတွေနေ့တွေက ရှည်လွန်းလိုက်တာ။ ဖုန်းလာတိုင်း ကျော်အေးဖုန်းမှတ်လို့ ပြေးပြေးကိုင်ရတာ အမော။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ကြာတော့ သားကြီးအပေါ်စိုးရိမ်မှုတွေက ပိုတိုးလာတယ်။ သားကြီးရယ် အမေရင်မောရပါဘိ။

(၆)

"ကလင်. . . ကလင်. . . ကလင်"

ဖုန်းမြည်သံကြောင့် ကျွန်မက မီးဖိုထဲက အပြေးအလွှားပြေးထွက်လာတယ်။

"ဟယ်လို"

"ဟယ်လို ကြီးမေလား၊ သားကျော်အေးပါ၊ ကြီးမေစုံစမ်းခိုင်းတဲ့ သူရိန်အကြောင်း ပြောချင်လို့ပါ"

"ပြောလေ ကျော်အေး"

"သူစာလည်းကြိုးစားတယ်၊ အားကစားလည်းလုပ်တယ်၊ စည်းကမ်းရှိရှိနေတယ်၊ ပိုက်ဆံကိုနည်းနည်းပဲသုံးတယ်၊ ဒါပေမယ့် ညကျရင် ညဥ့်နက်မှ အဆောင်ပြန်လာတတ်တယ်"

ဘုရား ဘုရား ကျွန်မခြေမကိုင်မိ လက်မကိုင်မိ။ ကျွန်မရင်တွေပူလာတယ်။ ကျွန်မထင်ထားသလို ဖြစ်နေပြီလား။ ဖုန်းကိုင်ထားတဲ့ လက်ကမမြဲချင်တော့။ မနည်းထိန်းနေရတယ်။

"ဒီလို ကြီးမေရေ၊ ကော်ဖီဆိုင်မှာ ညပိုင်းအလုပ်ဝင်လုပ်တယ်တဲ့"

ဟူးတော်ပါသေးရဲ့ သားကြီးရယ်။ ကျော်အေးဘာတွေဆက်ပြောလို့ ပြောမှန်းလည်းမကြားမိတော့။ ဖုန်းဘယ်အချိန်ချသွားမှန်းပင်မသိတော့။ ကျွန်မသားကြီးအတွက် စိတ်အေးသွားတယ်။ အလုပ်လုပ်နေပါတယ်လို့စောစောထဲကပြောထားပါလား သားရယ်။ အမေ့ကိုချစ်တဲ့စိတ်နဲ့ အမေ့အတွက်အလုပ်လုပ်တာကို ဖုံးထားတဲ့သားကြီး။

"အမေ့ အမေ့ အမေ့သားကို ထွက်ကြည့်ပါဦး" သားကြီးအသံပါလား။ ကျွန်မ အသားကို ဆွဲဆိတ်ကြည့်တယ်။ နာတယ်။ ဟင် ဒါဆို အိပ်မက်မဟုတ်ဘူး။ ကျွန်မသားကြီး အိမ်ရှေ့ရောက်နေပြီ။ သားကြီး ပြန်လာပြီပေါ့။ ကျွန်မအိမ်ရှေ့ကို ပြေးထွက်သွားတယ်။ သားကြီးက ပြုံးပြုံးကြီးကြည့်လို့။ ကျွန်မ သားကြီးကို ပြေးဖက်လိုက်တယ်။

ဒီညကောင်းကင်မှာ လမရှိပေမယ့် ကမ္ဘာမြေလင်းနေလေရဲ့။ ။

## ဆေးဝါးပြိုင်ပွဲ

ရွှေမြန်ပြည် အနှံ့အပြားမှာလ
ဆေးဝါးများ စုံစုံညီ
ရောက်ရှိနေပြီ။
လူ့ဘဝ ဖျက်ဖို့ရည်
ဘိန်းဖြူသည် ထိပ်ဆုံး။
ဘိန်းမည်းမှာ ဒုတိယနှင့်
ရာမနှင့် ဒုဗလျူဝိုင်မှာ
အပြိုင်အဆိုင် နေရာလုတယ်
(အိုကွယ်. . . )
ရှုကြလေဦး။

စိုင်းနေဝန်း

## မိုးဦးတေး

ရှစ်ခွင်တိုင်းမှုန်
အုံ့အင်းအုံ
ဘာပုံသံလဲမေး။
မေးပါနဲ့အေ
တို့ ပြည်ရွာ စည်သာဖို့
မိုးဒေဝါ အမျှော်ရှိတယ်
ဖားအော်တဲ့တေး။

သုတလင်း(ဆင်ပေါင်ဝဲ)

## မင်္ဂလာရှိသောနေ့

နံနက်မိုးသောက်
အလင်းရောက်က
ထွန်းတောက်ဂုဏ်ဖြာ
သုံးရတနာကို
မှန်စွာမချွတ်
ဦးထိပ်ညွတ်လျက်. . .
မိခင်ဖခင်
ကျေးဇူးရှင်ကို
စေတနာပြည့်ဝ
လုပ်ကျွေးကြပြီး. . .
လောကရှိသမျှ
များသတ္တဝါကို
ပို့သမေတ္တာ
ကြည်လင်သာက
တစ်နေ့တာတွက်
ထိုနံနက်သည်
အမြတ်မင်္ဂလာ
ပြည့်စုံဖြာပြီး
ရှေ့ခရီးသည်
ဖြောင့်ဖြူး သာယာပေတော့မည်. . .။

သု(မအူပင်)

ဝတ္ထုတို

## ပန်းဝေသည့်မိုး

သုခယံ(မန္တလေးပညာရေးကောလိပ်)

မနေ့က ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့ဖြစ်သည်။ ကျွန်တော်တာဝန်ကျသည့် ရွာလေးသည် အလယ်တန်းထိသာရှိ၍ အထက်တန်းစာကို ညောင်ဦးထိ သွားသင်ကြားရသည်။ ဘော်ဒါနေသူရှိသကဲ့သို့ ကိုယ်ပိုင်ကျောင်းနေသူများလည်း ရှိသည်။ မနေ့က အောင်စာရင်းအရ "မင်းခန့်" မှာ ဂုဏ်ထူးနှစ်ဘာသာပါ၍ တစ်မိသားစုလုံး ပျော်နေကြသည်။ ဒီမနက် သူ့သားဂုဏ်ပြုပွဲလေးအတွက် ပြင်ဆင်နေသည်မှာ မမောနိုင်ရှာ။ တစ်ရွာလုံးဖိတ်၍ မုန့်ဟင်းခါးကျွေးနေသည်။ ကျွန်တော်လည်း စားပွဲတစ်လုံးတွင်ထိုင်၍ မုန့်ဟင်းခါးစားနေလိုက်သည်။ ခဏအကြာတွင် အသက် ၂၀ ခန့်အရွယ် မိန်းကလေးတစ်ယောက်မှာ ကျွန်တော့်ဆီ တည့်တည့်လာနေသည်။ "မင်္ဂလာပါဆရာ"ဟု နှုတ်ဆက်သဖြင့် ကျွန်တော်ထ၍ သူ့အတွက်ညှော့ဝတ်ပြုသည့်အနေဖြင့် ထိုင်ဖို့နေရာ ပေးလိုက်သည်။ စားလက်စ မုန့်ဟင်းခါး ပန်းကန်ကို အဖုံးဖြင့်အုပ်ကာ စားပွဲစွန်းသို့ တိုးထားလိုက်သည်။

"ထိုင်ပါဦး ငါ့ညီမ၊ ပြောပါ ဘာအကြောင်းရှိလို့လဲ"

"ဒီလိုပါဆရာ၊ ကျွန်မက ဉာဏ်ထွန်းအစ်မပါ၊ မောင်လေးက ဆရာ့ကိုပေးခိုင်းလိုက်လို့"

စာအိတ်လေးကိုလက်ခံထားလိုက်ပြီး အတွင်းမှစာကို ဖတ်နေလိုက်သည်။ "ခွင့်ပြုပါဦးဆရာ" ဟူသည့် အသံကြားလိုက်ရပြီး ခေါင်းညိတ်ပြလိုက်သည်ကလွဲလို့ သူပြန်သွားသည်ကိုပင် လှည့်မကြည့်မိလိုက်။ ဖွင့်ဖတ်ကြည့်မိလိုက်တော့ "ဂုဏ်ပြုညစာစားပွဲ" ဖိတ်ကြားလွှာဖြစ်လေသည်။ "ဆရာလာခဲ့ပါ၊ ဆရာလာမှ ပွဲစမယ်" ဆိုသည့်အတွက် ပီတိအပြုံးလေး ကျွန်တော်ပြုံးမိလိုက်သည်။

လွန်ခဲ့သော သုံးနှစ်လောက်ကဖြစ်သည်။ နာရီကို ကြည့်လိုက်တော့ ည ၇ နာရီထိုးလုပြီ။ လရောင်ဖွေးဖွေးအောက်တွင် ကျနေသော မိုးစက်များပင် သတိမမူနိုင်။ အချိန်မီရောက်မှဖြစ်မည်ဆိုသည့် အတွေးကို ရှေ့တန်းတင်ရင်း သွက်သွက်လျှောက်လာသည်။ လမ်းမီးတိုင်တစ်တိုင်ပြီးတစ်တိုင် ကျော်ခိုင်းခဲ့ပြီး ၇ နာရီတိတိမှ ရောက်လေသည်။ ဖိနပ်လေးချွတ်ပြီး သုံးထပ်တိုက်အပေါ်ဆုံးရှိ စာဖြေခန်းသို့ သွက်သွက်တက်သွားလိုက်သည်။

ရောက်တော့ မေးခွန်းကဝေထားနှင့်ပြီ။ စာမေးပွဲမှာ လစဉ်စစ်ဆေးမှုဖြစ်သည်။ ယနေ့က သင်္ချာဖြေမည့်နေ့ဖြစ်သည်။ ကျွန်တော်က ခုမှအရေးကြီးသုတ်ပြာဖြင့် စာဖြေခန်းထဲ ဝင်လာလိုက်သည်။ နောက်ကျသည်မှာလည်း အကြောင်းထွေထွေထူးထူးမဟုတ်။ သတင်းစာပါဆောင်းပါးလေးနှစ်ရွက်ကို ရှာနေခြင်းကြောင့် ဖြစ်သည်။ သတင်းစာရောက်တိုင်း ပထမဆုံးကြည့်မိသည်မှာ ဆောင်းပါးများဖြစ်သည်။ နေ့စဉ်ပါ ဆောင်းပါးများကို ထုတ်နှုတ်ထားပြီး ဖိုင်တစ်ခုဖြင့် တွဲထားတတ်သည်မှာ ကျွန်တော့်အကျင့်။ ခုလည်း စာဖြေခန်းစောင့်ရင်းဖတ်ရန် ဖိုင်ထဲမှရွေးနေခြင်းဖြစ်၍ နောက်ကျလေသည်။

စာဖြေချိန်မှာ ၄၅ မိနစ်ရှိလေပြီ။ ဖတ်လက်စ သတင်းစာရွက်လေးကိုလိပ်ကာ နောက်တစ်ကြိမ်ကျောင်းသားများဖြေသည်ကို လျှောက်ကြည့်လိုက်သည်။ ယခုတစ်ကြိမ်လှည့်ကြည့်ရင်း ဖြေနိုင်ကြသည်ကို တွေ့လိုက်ရ၍ ပီတိဖြစ်မိလိုက်သည်။ ရှေ့ဆုံးခုံနံပါတ်(၁)သို့ ရောက်သော် ကျောင်းသားတစ်ယောက်မှာ အဖြေလွှာကိုမေးခွန်းနှင့်ဖုံး၍ ခေါင်းလေးငုံ့ကာ ရေးနေသည်ကို တွေ့ရသည်။ ပထမတစ်ကြိမ်ကြည့်တော့ အခွင့်မသာ၍နောက်ပြန်လှည့်လိုက်ရသည်။ နောက်ကကြည့်လျှင် ထိုကျောင်းသားမှာ သူများနည်းတူဖြေဆိုနေဟန်ဖြစ်သည်။ စိတ်ထဲမရှုပ်မရှင်းဖြစ်နေ၍ နောက်တစ်ခါရှေ့သို့ သွားကြည့်လိုက်သည်။ သို့သော် သူ့နားမရောက်မီပင် ခုံအမှတ်(၃)မှ ကျောင်းသူလေးက မေးခွန်းမရှင်းသဖြင့် မေးသည်ကို ဖြေနေလိုက်ရ၍ ယခုတစ်ခါလည်းအခွင့်မသာခဲ့ပေ။ "ဒီတစ်ခါတော့ မဖြစ်မနေ သိအောင်လုပ်မည်" ဟု တွေးလျက် အလယ်လျှောက်လမ်းအတိုင်းမသွားဘဲ ဘေးဘက်ကျောင်းသား၏ နောက်ကျောဘက်မှ သွားလိုက်သည်။ ကျောင်းသားမှာ ကျွန်တော်ထင်သည့်အတိုင်း စာခိုးချနေသည် မဟုတ်ဘဲ စာရွက်ပေါ်တွင် ဖောင်တိန်ဖြင့် ရေးဟန်ဆောင်နေသည်။ သူ၏စိတ်ထဲတွင် ဆရာတွေအမြင်မှာ သူစာဖြေနေသည့်ပုံစံဖြစ်ချေဟန်တူသည်။ သူသည်အတန်းထဲတွင် စာသိပ်မရသည်ကို ကျွန်တော် သတိထားမိလိုက်သည်။ သို့သော် နောက်ကျလေပြီ။ ကျွန်တော့်လက်ထဲမှ သတင်းစာရွက်လိပ်သည် သူ့ခေါင်းပေါ်သို့ ရောက်သွားလေသည်။ "ဖတ်" ဆိုသော အသံကြောင့် ကျောင်းသားအားလုံး၏ အကြည့်များ သူ့ဆီရောက်လာတော့သည်။

"ဉာဏ်ထွန်း၊ ဘာမှလဲရေးမထားပါလား"

"ရေးထားတယ်ဆရာ၊ သားက ဒီအပုဒ်ကသိပ်မရလို့ ကျော်ခဲ့တာ၊ ဟိုဘက်မှာ ဖြေထားခဲ့ပြီးပြီ"

ကျွန်တော်သူ့အဖြေလွှာကို ကြည့်လိုက်တော့ ခုံနံပါတ်၊ ဘေးမျဉ်းနှင့် ဘေးမျဉ်းအပြင်ဘက်မှ နံပါတ်(၁)ဟူ၍ တပ်ထားသည်တို့သာ တွေ့ရသည်။ ရေးထားသည့် စာတစ်လုံးမျှမတွေ့ပေ။ အချိန်စေ့၍ အဖြေလွှာသိမ်းသောအခါ ဉာဏ်ထွန်းမျက်နှာမကောင်းသည်ကို တွေ့လိုက်ရသည်။

"ဆရာသားကို အရှက်ခွဲတယ်၊ သားကအဲဒီအပုဒ်မရလို့ ချန်ထားခဲ့တာ"

ကျွန်တော်ဘာမျှမပြောဘဲ အဖြေလွှာများသာ ဆက်သိမ်းနေလိုက်သည်။ စိတ်ထဲတွင် "ငါမှားလေပြီ"ဟု ရေရွတ်မိလိုက်သည်။ အတန်းထဲတွင် စာမလိုက်နိုင်သည်ကိုလည်း မသိသည်မဟုတ်။ စာဖြေနေချိန်တွင် သတင်းစာနှစ်ရွက်၏ ရိုက်ချက်ကြောင့် သူ့စိတ်တွင်အရှက်ရမိလေပြီ။ သို့သော် မတတ်နိုင်မိတော့ချေ။ ရည်ရွယ်သည်နှင့် ဖြစ်သွားသည်က တလွဲဖြစ်နေသည်။ ဖြစ်စေချင်တာက ကိုယ့်တပည့်လေး ဘာမျှဖြေမထားသည့်အတွက် စိုးရိမ်သည့်အသွင်ဖြင့် သတင်းစာဖြင့်ခေါင်းပုတ်ပြီး မေးလိုက်ခြင်းဖြစ်သည်။ ပင်ကိုကတည်းက စာမရသဖြင့် အားငယ်စိတ်အတွင်းခံရှိနေသည်က တစ်ကြောင်း၊ မိမိအားငယ်စိတ်ကိုအများရှေ့တွင် အရှက်ခွဲခံရသလိုဖြစ်သွားသည်ကတစ်ကြောင်း ကလေး၏စိတ်တွင် ဒဏ်ရာရသွားမည်လားဟူ၍ စိုးရိမ်မိလေသည်။

သို့သော် နောက်ကျသွားလေပြီ။ ဆရာတစ်ယောက်ဖြစ်နေပြီး ကလေး၏ စိတ်ဒဏ်ရာရစေမည့် အလုပ်ကို လုပ်မိလိုက်လေပြီ။ မည်သို့မည်ပုံ ကလေး၏ စိတ်ကိုပြုပြင်ရပါမည်နည်းဟု တွေးလိုက်တိုင်း ကိုယ့်ကိုယ်ကိုယ် အမှားတစ်ခုကျူးလွန်မိပြီဟူသည့် အတွေး၊ မျက်ဝန်းထဲတွင် ကလေး၏ဝမ်းနည်းနေသည့် အမူအရာမှာ ပြေးမထွက်နိုင်တော့ပေ။ ကျွန်တော့်ရင်ထဲတွင် မီးလိုပူလောင်နေရလေပြီ။ ကိုယ်ပျိုးထောင်မည့် ပန်းကလေး ကိုယ့်ကြောင့် အဆိပ်သင့်သွားမည်လား။ လူတိုင်းလူတိုင်းမှာ အားနည်းချက် ကိုယ်စီရှိသည်ကို မသိ၍လည်းမဟုတ်ပေ။ မိမိမှာ ဆရာတစ်ယောက်ဖြစ်နေပြီး ဤအားနည်းချက်ကို မသိ၍လည်း မဟုတ်ပေ။

အမှုမဲ့အမှတ်မဲ့ သတင်းစာလိပ်လေး၏ ရိုက်ချက်ကြောင့် စာဖြေခန်းအတွင်း သူအရှက်ရသွားလေပြီ။ ကလေးတို့၏ ဆင့်ကဲဖွံ့ဖြိုးမှုကို ဆွစ်ဇာလန်နိုင်ငံသား ဇာစ်မြစ်ဆိုင်ရာသိမှုဗေဒပညာရှင် ပီယာဂျေးက ထုတ်ဖော်ထားသည်မှာ ၁၃-၁၄ နှစ်အရွယ်မှာ "ပုံစံတကျလုပ်ဆောင်ချက်များ" လုပ်ကိုင်တတ်သည့် အရွယ်ဖြစ်လေသည်။ ဆရာ့ကြောင့် အရှက်ကွဲ၍ စိတ်နာကာ စာကြိုးစားမည်ဟူသည့် ဆုံးဖြတ်ချက်ချပါစေဟု ရင်ထဲကကြိတ်ဆုတောင်းနေမိသည်။

ယခင်က အမြဲပြုံးရွှင်နေသော သူ၏မျက်နှာမှာ တစ်ပတ်မကညှိုးနွမ်းနေသည်။ "သားနေမကောင်းဘူးလား" ဟုမေးသော်လည်း ဘာမျှမဖြေပေ။ သူ့အားဆုံးဖြတ်ချက်မှန်မှန်ကန်ကန်ချစေရန် နှစ်သိမ့်ပေးချင်သော်လည်း အခွင့်ကမသာပေ။ မျက်နှာချင်းဆိုင်မိတိုင်း သူက အမြဲရှောင်ထွက်သွားနေသည်။

ကျွန်တော် မူပြအဖြစ်နှင့် ချောင်းရှည်ရွာမှာ တာဝန်ကျသဖြင့် ဘော်ဒါနှင့် ကျောင်းသားများကို နှုတ်ဆက်ရလေပြီ။ နှုတ်ဆက်ပွဲညတွင် ဉာဏ်ထွန်းကိုရှာသော်လည်း မတွေ့ပေ။ နှုတ်ဆက်ပွဲပြီး၍ ထပ်မံလိုက်ရှာသေးသည်။ သို့သော် နတ်ဖွတ်ထားသည့်နှယ် အရိပ်အယောင်မျှပင် မတွေ့ချေ။

နာရီကိုကြည့်လိုက်တော့ ည ၇ နာရီထိုးလုပြီ။ လရောင်ဖွေးဖွေးအောက်တွင် ကျနေသောမိုးစက်များပင် သတိမမူနိုင်။ အချိန်မီရောက်မှဖြစ်မည်ဆိုသည့် အတွေးကို ရှေ့တန်းတင်ရင်း ဆိုင်ကယ်ကို မောင်းလာလိုက်သည်။ လမ်းမီးတိုင် တစ်တိုင်ပြီးတစ်တိုင် ကျော်ခိုင်းခဲ့ပြီး ၇ နာရီတိတိမှ ရောက်လေသည်။ ကတ္တီပါဖိနပ်လေးကို ချွတ်ပြီး ခန်းမထဲသို့ ဝင်လာလိုက်သည်။

"မင်္ဂလာပါဆရာ၊ သားတို့ပွဲစမလို့ ဆရာ့ကိုစောင့်နေတာ"

"ငါအသေအချာလာပါတယ် ဉာဏ်ထွန်းရ၊ မလာဘဲနေပါ့မလား၊ တစ်နေ့နေ့ကျ အခုလိုဖြစ်လာပါစေလို့ ဆရာ အမြဲဆုတောင်းနေခဲ့တာ၊ ခုတော့ပြည့်နေပြီလေ"

ကျွန်တော့်အတွက် သီးသန့်စီစဉ်ထားသော ကုလားထိုင်နားအထိ သူလိုက်ပို့သည်။ ထို့နောက် အခြားဧည့်သည်များကို ဧည့်ခံရန် ပြန်သွားလေသည်။

"ဂုဏ်ပြုပွဲသို့ ကြွရောက်လာကြသော ဆရာနှင့်တကွ မိတ်သင်္ဂဟအပေါင်းတို့ ကျွန်တော့်သား ဉာဏ်ထွန်းဟာ ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်၊ ဒါ့ကြောင့် အခုပွဲလေးဟာဆိုရင် သားကိုဂုဏ်ပြုတဲ့ပွဲလေး ဖြစ်ပါတယ်၊ အခုလို တခမ်းတနားလုပ်ခြင်းဟာလည်း သားလေးရဲ့ဆန္ဒကြောင့်ပါ၊ သားဉာဏ်ထွန်းကို စင်မြင့်ပေါ်သို့ ဖိတ်ခေါ်ပါတယ်"

"ဖြောင်း----ဖြောင်း-----ဖြောင်း"

"အားလုံးပဲ မင်္ဂလာညချမ်းလေးပါခင်ဗျာ၊ အခုလို ကြွရောက်ချီးမြှင့်ပေးကြသော ဆရာနှင့်တကွ မိသင်္ဂဟ အပေါင်းကို အထူးကျေးဇူးတင်ရှိပါတယ်၊ ကျွန်တော့်ကို ဂုဏ်ပြုပေးတဲ့ ဖေဖေနဲ့မေမေကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါ့ထက် ကျွန်တော်အခုလို ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနဲ့ ထူးချွန်အောင် ကြိုးစားချင်စိတ်ဖြစ်လာတာဟာ အခြားမဟုတ်၊ ဟောဒီခုံမှာထိုင်နေတဲ့ ကျွန်တော့်ဆရာကြောင့်ပဲဖြစ်ပါတယ်၊ ဆရာ ကျေးဇူးပြုပြီး စင်မြင့်ပေါ်သို့ ကြွပေးပါ ခင်ဗျာ"

စတိတ်စင်ပေါ်မှ ဆင်းလာပြီး ကျွန်တော့်ကို ရိုသေစွာ စင်မြင့်ထက်သို့ ဖိတ်ခေါ်လေသည်။

"သူဟာ ကျွန်တော့်ဆရာ ဦးနေသုခယံ ပဲဖြစ်ပါတယ်၊ သူ့ကြောင့် ခုလို ကျွန်တော်ထူးချွန်တဲ့ကျောင်းသား ဖြစ်လာရတာပါ" အကြည့်များ ကျွန်တော့်ဆီ အကုန်ရောက်လာလေသည်။

"လွန်ခဲ့တဲ့သုံးနှစ်လောက်က အခုလို ည ၇ နာရီလောက်မှာ ဘော်ဒါက လပတ်စာမေးပွဲဖြေပါတယ်၊ ဖြေတဲ့ဘာသာက ကျွန်တော်မရဆုံးဘာသာ၊ အဲဒီညက ဆရာဟာ ကျွန်တော့်ကို အရှက်ခွဲတယ်ဆိုတဲ့ စိတ်ရိုင်းတစ်ခု ကျွန်တော့်ရင်ထဲ တိုးဝင်သွားခဲ့ပါတယ်၊ ကျွန်တော် စိတ်ထိခိုက် စိတ်အားငယ်သွားတာကို ဆရာသတိထားမိသွားပြီးတော့ ကျွန်တော့်ကိုနှစ်သိမ့်ဖို့ သူအကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် ဆရာ့ကို နာကြည်းစိတ်နဲ့ ကျွန်တော် ဆရာ့ကိုရှောင်နေခဲ့တယ်၊ ဘယ်ချိန်အထိ ရှောင်နေလဲဆိုရင် ဆရာတာဝန်ကျလို့ ကျောင်းသားတွေနဲ့ နှုတ်ဆက်ပွဲလုပ်နေချိန်မှာ အိမ်သာထဲဝင်ပုန်းနေခဲ့မိတယ်၊ အဲ့ဒီအချိန်တုန်းက ဆရာ့ကိုအရမ်းစိတ်နာခဲ့တယ်၊ ဆရာ ကျွန်တော့်ကို အထင်သေးတယ်လို့ စိတ်ထဲစွဲနေခဲ့တယ်"

စင်မြင့်ထက်ပေါ်တက်ပြီး ကျွန်တော့်ရင်ထဲမှာ ငိုနေရလေပြီ။ မျက်ရည်မကျစေရန် အတော်ထိန်းထားရသည်။

"အဲဒါနဲ့ ကျွန်တော်ဆုံးဖြတ်ခဲ့တယ်၊ ငါစာကြိုးစားမယ်၊ ပြီးရင် ငါဘာလဲဆိုတာပြမယ်၊ သူ့ထက်ငါ တစ်နေ့ကျ သာကိုသာစေရမယ်၊ ငါ့ကိုတစ်နေ့ ဒင်းအထင်ကြီးစေရမယ် ဆိုတဲ့အတွေး ကိန်းဝပ်ခဲ့တယ်၊ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း သုံးနှစ်လုံးလုံး အစွမ်းကုန် ကျွန်တော်ကြိုးစားခဲ့တယ်၊ အခုတော့ ကျွန်တော်ဂုဏ်ထူးလေးဘာသာနဲ့ အောင်ခဲ့လေပြီ၊ မခံချင်စိတ် ဆရာ့အပေါ် စိတ်နာခဲ့တာတွေကြောင့် အောင်မြင်မှုကိုရရှိခဲ့တယ်၊ အခုကျွန်တော်သဘောပေါက်ပြီ၊ ဆရာ့အပေါ် အထင်လွဲ စိတ်နာ မခံချင်စိတ်တွေကြောင့် ကျွန်တော်ဆုံးဖြတ်ချက်ချပြီး ကြိုးစားလိုက်တဲ့အတွက် ဆရာပီတိဖြစ်စေရမယ့် တပည့်ဖြစ်ရလေပြီ၊ ဆုံးဖြတ်ချက်မှန်ကန်တဲ့အတွက် ဆရာလည်းဝမ်းသာနေပါပြီ၊ ဆရာဟာ ကျွန်တော့်ဘဝရဲ့ တစ်ဆစ်ချိုးပွဲ့ကိုင်ရှင်ပါ၊ ဆရာဟာ ကျွန်တော့်ရဲ့ဘဝပါ၊ ဆရာ့ကို ကျွန်တော်ချစ်တယ်၊ ဆရာ့ကို ကျွန်တော်ကန်တော့ပါရစေ"

ကျွန်တော့်ရင်ထဲတွင် မမျိုသိပ်နိုင်၍ မျက်ရည်များ မထိန်းနိုင်ဘဲ ကျမိလေသည်။ ဉာဏ်ထွန်း၏ဆုံးဖြတ်ချက်မှန်ခဲ့သည့်အတွက် ပီတိဖြစ်မိသည်။ စိတ်ထဲမှ ပီတိအပြုံး မျက်ဝန်းမှဝမ်းသာသည့် မျက်ရည်တို့ဖြင့် ရင်ထဲတွင်အေးမြကာ ပန်းဝေသွားသည့်မိုး ရွာသွန်းနေတော့သည်။ ။

## လင်းလက်စေချင် ငွေကြယ်စင်

အနာဂတ်ရဲ့ တို့လူငယ်
လုံ့လ ဝီရိယ ရှိရမယ်၊
ဇွဲရှိဖို့ကွယ် ပထမ
ရိုးသား ကြိုးစား လုပ်ကိုင်ကြ။
ဘဝခရီး လမ်းကြောင်းမှန်
တည့်မတ်တတ်စေရန်၊
စိတ်ရင်းအခံ သိမှတ်ပွား
စာဖတ်ကြစို့လား။
နှလုံးသားလည်း ဖွေးဖြူစင်
ထက်မြက်လူရာဝင်၊
လုပ်ငန်းခွင်ဝယ် အောင်မြင်ဖို့
စေတနာထား လုပ်ကိုင်စို့။
လူချစ်ခင်လို့ လေးစားမယ်
ကောင်းမှုဂုဏ်သင်းကြွယ်၊
နောင်တစ်ခေတ်ဝယ် နိုင်ငံ့အား
လင်းလက်ကြစေသား။
အနာဂတ်ရဲ့ ကြယ်စင်များ။ ။

မြတ်မင်း (ခြုံကြီး)

## သစ်ပင်စိုက်ကြစို့

ဝသန်ရာသီ
ထံတျာညီ မုတ်သုံမိုး
ရွာဖြိုးပါလို့ စိမ်းစိုလွင်။
ပတ်ဝန်းကျင် ရှုကြည့်စမ်းကွဲ့
အေးချမ်းကြည်လင်။
တောတောင်တွေ တို့ချစ်ခင်
သစ်ပင်တွေ စိုက်ကာပျိုး။
သာယာစေ
ကမ္ဘာမြေ လှပဖို့တွက်ရယ်
ထမ်းရွက်သယ်ပိုး။

ဇော်ဇော်မောင်(ပညာ)

## အမျိုးဂုဏ်ဆောင်တဲ့ ပညာရေး

ဖြူစိမ်းတူညီ ဝတ်လို့ကွယ်
မောင်ညီမတို့ ကျောင်းသွားမယ်။
ပညာရိပ်မှာ ခိုကာနား
နိုင်ငံ့သားကောင်းများ။
ငယ်ရွယ်စဉ်မှာ ပညာသင်
စာပေတတ်ဖို့ပင်။
ပန်းတိုင်ကိုယ်စီ လျှောက်ကာသွား
ပညာစွမ်းပကား။
အရေးအဖတ် ကျေညက်အောင်
ဆရာမလေး သူပျိုးထောင်။
အမျိုးဂုဏ်ဆောင်တဲ့ ပညာရေး
အားထားကြစို့လေး။ ။

ဇော်မိုးသူ(နတ္တလင်း)

